# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၃၂၀)


# နိုင်ငံတော်အစိုးရက ရေဘေးသင့်ပြည်သူများအတွက် တတ်စွမ်းသမျှဖြည့်ဆည်းပေးမည်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

**ပုသိမ်မြို့သို့ရောက်ရှိ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒေါက်တာမြင့်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းတို့နှင့်အတူ နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာ ရေကြီးနစ်မြုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)

# မြန်မာ-တရုတ် နှစ်ဖက်အကြား အိမ်နီးချင်းကောင်းပီသသော မူဝါဒကို ဆက်လက်ကျင့်သုံးမည်

**ပေကျင်း ဩဂုတ် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ Villa 18 ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ အတူတကွ ဖော်ထုတ်ခဲ့ကြသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်စေရေးအတွက် အတူတကွ ကြိုးပမ်းသွားကြရန်၊ မြန်မာ-တရုတ် နှစ်ဖက်အကြား *စာမျက်နှာ ၃ ကော်လံ ၁* ◆

## နှစ်နိုင်ငံ ပြည်သူများ၏ ရေရှည်အကျိုးကိုမျှော်၍ တိုးတက်အောင်မြင်မှုအသစ်များ ရရှိရေး ဆောင်ရွက်ကြရန် အတည်ပြု

နှစ်နိုင်ငံ ပူးတွဲကြေညာချက်

စာမျက်နှာ-၃




မြန်မာ့အလင်း

# ကျင့်ဝတ်သိက္ခာနှင့် စီးပွားရှာ

သီလငါးပါး၊ ကျင့်သူအားကို၊ စီးပွားရမှက်၊ လောဘဖျက်သည်ဟု တောင်ဖီလာဆရာတော်ကဆုံးမတော်မူခဲ့သည်။ လောဘရမ္မက်မီး အရှိန်တငြီးငြီးနှင့်စီးပွားရှာသူသည် လူတစ်ဦးအဖို့ အခြေခံကျင့်ဝတ်ဖြစ်သောငါးပါးသီလကိုပင်လျှင် ချိုးဖောက်ဖျက်ဆီးတတ်ကြောင်း ဆရာတော်ကြီးကဆုံးမတော်မူခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ကာလ အဆုံးအမဖြစ်သည့်တိုင် ယနေ့အထိ ခေတ်မီနေဆဲဖြစ်သည်။

ပြီးခဲ့သည့်ဇူလိုင်လလယ်ခန့်မှစ၍ မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ဆက်လက်၍ မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသအချို့တွင် ရေကြီးရေလျှံခဲ့ရာ ယနေ့ထက်တိုင်ရေဘေးဒဏ်ခံနေရဆဲ၊ ရေဘေးအန္တရာယ်မှ လွတ်ရာလွတ်ကြောင်းတိမ်းရှောင်ခိုလှုံနေကြရဆဲ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံကာလတ်တလောစားရေးကိစ္စဖြေရှင်းနေရဆဲအိမ်ထောင်စု မြောက်မြားစွာရှိနေသေးသည်။ သည့်အပြင် သဘာဝဘေးအန္တရာယ်က ဆက်လက်၍ ခြိမ်းခြောက်နေဆဲ အခြေအနေတွင် ရှိနေသေးသည်။

ယင်းသို့သောအခြေအနေတွင် အခြေခံစားကုန်တင်သွင်းသူ ကုန်သည်အချို့၏ ပြည်တွင်းဈေးကွက်အတွင်း ၎င်းတို့ရောင်းချနေသည့် ကုန်ပစ္စည်းကို ချုပ်ကိုင်ဈေးကစားကာ ရက်ပိုင်းအတွင်း ကျပ်သိန်းထောင်ပေါင်းများစွာ အကျိုးအမြတ်ရှာဖွေသည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အခြေခံစားကုန်တစ်ရပ်ဈေးတက်ပြီဆိုသည်နှင့် ဦးစွာထိခိုက်သူမှာ အောက်ခြေလူတန်းစား လက်လုပ်လက်စား ပြည်သူများပင်ဖြစ်သည်။ မစားမဖြစ်စားရသော စားသုံးကုန်စည်၏ဈေးနှုန်းကို နေ့စဉ်ဝင်ငွေကလိုက်မမီတော့သည့်အခြေအနေတွင် အစားလျှော့ကြရသည်။ စားရေးအတွက်လုံးပန်းကြရသောအခါတွင် ကျန်သည့်အရေးများကို လျှော့ကြရသည်။ သမမျှတသည့် ကျင့်ဝတ်သိက္ခာနှင့် စီးပွားရှာသူများအနေဖြင့် မိမိလည်းမျှတသည့်အကျိုးအမြတ်ရသလို မိမိရောင်းချသည့် ကုန်ပစ္စည်းကို ဝယ်ယူစားသုံးသူများလည်း အလွယ်တကူဝယ်ယူနိုင်သည့် မျှတသည့်ဈေးနှုန်းဖြစ်စေမှသာ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် သမ္မာအာဇီဝ အသက်မွေးမှု ပီသမည်ဖြစ်သည်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် အခြေအမြစ်ခိုင်မာလာအောင် ဘက်ပေါင်းစုံမှတည်ဆောက်နေရဆဲဖြစ်သည်။ နှစ်ပေါင်းများစွာကတည်းက သမိုင်း၏ကြွေးကျန်များဖြစ်သည့် ဖြေရှင်းရန်အရေးကိစ္စများစွာကိုလည်း ဖြေရှင်းနေရဆဲဖြစ်သည်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်လတ်တလောဆောင်ရွက်ရန်များ၊ အနာဂတ်တွင်ဆောင်ရွက်ရန်များစသည်ဖြင့် အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ အားလုံးပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းများစွာရှိသည်။

ဈေးကွက်စီးပွားရေးအရ လွတ်လပ်စွာစီးပွားရှာနိုင်သည့် ယနေ့ခေတ်အခါတွင် ကုန်သွယ်စီးပွားဆောင်ရွက်သူများအနေဖြင့်လည်း စားသုံးသူပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ် မခံစားစေရရေးအတွက် စာနာမှုနှင့်အတူ ကျင့်ဝတ်သိက္ခာရှိစွာ စီးပွားရှာကြစေလိုပါကြောင်း။ ။


## လှိုင်းဘွဲ့မြို့နယ်၌ တံတားနှစ်စင်း ပြိုကျပျက်စီး

**လှိုင်းဘွဲ့ ဩဂုတ် ၁၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ထီလုံ-တာပေါင်-ပတ-နဘူးလမ်းပေါ်ရှိ ယခင်ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော တောင်စွန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၂၉/၀-၁)ရှိ ၁၅ပေ ကွန်ကရစ်တံတားနှင့် နောင်ဘိုတိုက်ကျောင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၃၀/၀-၁)ရှိ ၂၄ပေသစ်သားတံတားနှစ်စင်းတို့သည် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများကြောင့် ပြိုကျပျက်စီးသွားကြောင်း သိရသည်။

ကျေးရွာပြည်သူလူထုနှင့် ကျောင်းသားကျောင်းသူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးနှင့် လမ်းကြောင်းပြတ်တောက်မှုမရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများလမ်းအထူးအဖွဲ့(၁၉)တို့က ယာယီတံတားဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## ရဲလုပ်ငန်းဆိုင်ရာအသိပညာပေး

**တောင်ငူ ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက်က တောင်ငူမြို့ခပေါင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ၊ တပ်ဖွဲ့ဝင်များအနေဖြင့် မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်မှု မရှိစေရန်နှင့် သုံးစွဲမှုမပြုရန်၊ ဒုတိယ ရက် (၁၀၀)စီမံချက် ကာလအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ ပပျောက်စေရန် ပိုမိုထိရောက်စွာ ဖမ်းဆီးနိုင်ရေးတို့ကို အဓိကထားဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**ကျော်လှ(တောင်ငူ)**

# မူးခင်းကျဆင်းရေး၊ အသိပညာပေးပြခန်းယာဉ် လှည့်လည်ပြသ

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ဒုတပ်ဖွဲ့မှူး ဦးဆောင်၍ ပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မူးခင်းအသိပညာများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မူးခင်းအသိပညာပေးခြင်း မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များပါဝင်သည့် ပြခန်းယာဉ်အား ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်ခု၏ လူစည်ကားရာ ရပ်ကွက်၊ ကျေးရွာ စာသင်ကျောင်း၊ ဈေး၊ လမ်းဆုံများသို့ ဩဂုတ် ၁၉ ရက်မှစ၍ လှည့်လည် အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေသဇင်ဈေး၌ လည်းကောင်း၊ အထက ၁၂ ကျောင်းသို့ လည်းကောင်း သွားရောက်ပြသခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ငန်စပ်ကျေးရွာ အထက ကျောင်းသို့ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။



**မင်းမင်းလတ်(ရုပ်ဗေဒ)**

## မြစိမ်းရောင်ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ရွှေကူ ဩဂုတ် ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်လန်၊ မန်ခါး၊ စီသောင်၊ မိုးကင့်၊ တိန်းဟွန်း၊ မဏိဩဂကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်လတတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်ဦးယုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းလင်းက ငွေကျပ်သိန်း ၁၈၀၀ လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးလှလူးက လက်ခံယူခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## ရေကြီးနစ်မြုပ်လယ်မြေများအတွက် မျိုးစပါးထောက်ပံ့

**ကလေး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့တွင် မိုးစပါးရေကြီးနစ်မြုပ်ပျက်စီးမှုအပေါ်အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စပါးမျိုးစေ့အခမဲ့ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက်က ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်နှင့်တာဝန်ရှိသူတို့က ရေကြီးနစ်မြုပ်ပျက်စီးဧက ၂၀၅၃ ဧကကို အချိန်မီအစားထိုးစိုက်ပျိုးနိုင်ရန် ရက် ၉၀ စပါးမျိုး ၁၀၂၁ တင်းနှင့် ရွှေဆယ်ရင်စပါးမျိုး ၁၀၃၂တင်းတို့ကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံက မိုးစပါးတွင် ကျရောက်နိုင်သည့် ပိုးမွှားရောဂါနှင့် ကြွက်ကာကွယ်နှိမ်နင်းရေး၊ စပါးမျိုးစိုက်စနစ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၉-၈-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ **ရှေ့ဖုံးမှ**

အိမ်နီးချင်းကောင်းပီသသော မူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး မဟာဗျူဟာကျသော မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နှစ်နိုင်ငံအကြား အစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များအကြား ရင်းနှီးစွာဆက်ဆံမှုကို ဆက်လက်၍ ထိန်းသိမ်းရန်နှင့် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။

သမ္မတရှီကျင့်ဖျင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်နိုင်ငံခရီးစဉ်သည် အစိုးရသစ်တာဝန်ယူပြီးနောက် ပထမဆုံး လာရောက်သည့် မြန်မာနိုင်ငံမှ အဆင့်မြင့်ခေါင်းဆောင်၏ ခရီးစဉ်ဖြစ်သည့်အတွက် တရုတ်-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်းနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ နေထိုင်မှုဘဝမြှင့်တင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မြန်မာနိုင်ငံ၏လိုအပ်ချက်နှင့် ကိုက်ညီမည့် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း တရုတ်နိုင်ငံ၏ "တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း" ကနဦးဆောင်ရွက်ချက်ကို ကြိုဆိုကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asia Infrastructure Investment Bank-AIIB) ဥက္ကဋ္ဌ Mr. Jin Liqun နှင့် အဖွဲ့အား ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာလူငယ်အဖွဲ့အား ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားပြီး လူငယ်အဖွဲ့၏ မေးမြန်းချက်များကို ဖြေကြားသည်။


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာဝန်ကြီး H.E. Mr. Song Tao တည်ခင်းဧည့်ခံသည့် တရုတ်ရိုးရာ လက်ဖက်ရည်ပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပေကျင်းမြို့ အခြေစိုက် နိုင်ငံတကာသတင်းဌာနများမှ သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး မေးမြန်းချက်များကို ဖြေကြားသည်။

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝင် Mr. Yang Jiechi တို့သည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် National People's Congress (NPC) ဥက္ကဋ္ဌ H.E. Mr. Zhang Dejiang တို့သည် ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံပြည်သူများ၏ ရေရှည်အကျိုးကိုမျှော်၍ တိုးတက်အောင်မြင်မှုအသစ်များရရှိရေး ဆောင်ရွက်ကြရန်အတည်ပြု

ပေကျင်း ဩဂုတ် ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

**အဆိုပါ ပူးတွဲကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးချုပ် မစ္စတာ လီခချန်း၏ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပြီး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ နှစ်ဖက်လုံးမှ အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုကို အနာဂတ်ကာလတွင် ဆက်လက်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး တိုးတက်စေရေးတို့အပေါ် အလေးအနက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး အရေးပါသော တူညီဆန္ဒများ ချမှတ်နိုင်ခဲ့ပါသည်။

၂။ နှစ်ဖက်လုံးက မြန်မာ-တရုတ် "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို အတူတကွဖော်ထုတ်ခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည့်အားလျော်စွာ အဆိုပါမူကြီးများကို ဆက်လက်ထိန်းသိမ်းကျင့်သုံးရေးနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှု၊ တန်းတူညီမျှရေးနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့ကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖြစ်ပေါ်စေရေးအတွက် အတူတကွ ကြိုးပမ်းသွားကြရန် ဆွေးနွေးခဲ့ကြပါသည်။ နှစ်ဖက်အကြား အိမ်နီးချင်းကောင်းပီသသောမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး နှစ်ဖက်ပြည်သူများ၏ အကျိုးစီးပွားနှင့် နှစ်နိုင်ငံလုံးအတွက် ပိုမိုကောင်းမွန်သော တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးသည့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြပါသည်။ နှစ်ဖက်အကြား ပြည်သူများ၏ အကျိုးစီးပွားကို အစဉ်ရှေ့တန်းတင်ရေးနှင့် ရေရှည်အကျိုးကိုမျှော်၍ ပြီးပြည့်စုံပြီး မဟာဗျူဟာကျသော၊ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်အောင်မြင်မှု အသစ်များရရှိရေး ဆောင်ရွက်သွားကြရန် အတည်ပြုခဲ့ကြပါသည်။

၃။ နှစ်နိုင်ငံအကြား အစဉ်အလာရှိသော အဆင့်မြင့်ခေါင်းဆောင်များအကြား ရင်းနှီးစွာဆက်ဆံမှုကို ဆက်လက်၍ ထိန်းသိမ်းရန်၊ မဟာဗျူဟာမြောက် ဆက်သွယ်မှု မြှင့်တင်ရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှု ပိုမိုနက်ရှိုင်းစေရန်တို့ကို သဘောတူခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား အဆင့်အသီးသီးတွင် အထူးသဖြင့် နိုင်ငံရေးပါတီများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြပါသည်။

၄။ နှစ်ဖက်နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးမြှင့်တင်ရန်၊ ပြည်သူတို့၏ လူမှုဘဝဖူလုံရေးကို အထောက်အကူဖြစ်စေမည့် ကုန်သွယ်မှု၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့မြှင့်တင်ရေးနှင့် အသွင်အမျိုးမျိုးဖြင့် ချစ်ကြည်ရင်းနှီးမှုဖလှယ်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

၅။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်သည့် ညှိနှိုင်းမှု ဆက်လက်ဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကဲ့သို့သော စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စရပ်များကို နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို ထိန်းသိမ်းသွားရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

၆။ တရုတ်နိုင်ငံ၏ "တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း" နှင့် "ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စီးပွားရေးစင်္ကြံ" ကနဦးဆောင်ရွက်ချက်များကို မြန်မာနိုင်ငံမှ ကြိုဆိုခဲ့ပါသည်။ နှစ်နိုင်ငံအကြား ဖွဲ့စည်းပြီးဖြစ်သော စီးပွားရေးနှင့် ကုန်သွယ်ရေးပူးတွဲကော်မတီ၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် လျှပ်စစ်ပူးပေါင်းဆောင်ရွက်မှုကော်မတီများအပါအဝင် အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို ကောင်းမွန်စွာ ဆက်လက်အသုံးပြုသွားကြမည်ဖြစ်ပြီး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ လျှပ်စစ်၊ ထုတ်လုပ်မှုနှင့် ဘဏ္ဍာရေး အစရှိသော ကဏ္ဍများတွင်လည်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြမည်ဖြစ်ပါသည်။

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ပြည်သူများ၏နေထိုင်မှုဘဝ မြှင့်တင်ရေးအတွက် အစိုးရ၏ အမြင်နှင့် မူဝါဒများကို အသိအမှတ်ပြုပြီး မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးသဟဇာတဖြစ်မှုမြှင့်တင်ရန်ရည်ရွယ်၍ အမျိုးသားရေးအခြေအနေနှင့် ကိုက်ညီပြီး အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် လျှောက်လှမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတို့ကို ထောက်ခံခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစွမ်းကုန် ဆက်လက်၍ အကူအညီများပေးသွားရန်နှင့် မြန်မာပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ခိုင်မာသောဆောင်ရွက်မှုများဖြင့် ပံ့ပိုးကူညီသွားရန် အသင့်ရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပံ့ပိုးကူညီခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့ကို မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်း မူဝါဒကို ထပ်လောင်းအတည်ပြုခဲ့ပြီး ထိုင်ဝမ်၊ တိဘက်နှင့် ရှင်းကျန်းဒေသအရေးကိစ္စတို့နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ ရပ်တည်ချက်အား နားလည်ကြောင်း ဖော်ပြခဲ့ပါသည်။

၈။ မြန်မာ-တရုတ် နယ်စပ်ဒေသများ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်မှုများကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်တို့အတွက် ကြိုးပမ်းချက်များအပေါ် တက်ကြွ၍ အပြုသဘောဆောင်သည့် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

၉။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြောကြားခဲ့ရာ တရုတ်နိုင်ငံသမ္မတမှ ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့ပါသည်။

၁၀။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုနှင့် ထူးခြားကောင်းမွန်သော ဧည့်ဝတ်ကျေပွန်မှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးချုပ် မစ္စတာ လီခချန်းနှင့် အစိုးရအဖွဲ့တို့ကို ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဝန်ကြီးချုပ် မစ္စတာ လီခချန်းအား မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း၌ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ရာ တရုတ်နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးချုပ်မှ ဖိတ်ကြားချက်အား ဝမ်းမြောက်စွာ လက်ခံခဲ့ပါသည်။

❐ **မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့ကို မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့်အတူ လက်တွဲဆောင်ရွက်ရန် အသင့်ရှိ**

❐ **မြန်မာနိုင်ငံ၌ နိုင်ငံရေးဆွေးနွေးမှုများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်မှုများကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေး**

*✻ ရှေ့ဖုံးမှ*

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ တပ်မတော် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့သို့ ရောက်ရှိကြသည်။

**ထောက်ပံ့ရေးပစ္စည်းများပေးအပ်**

သာပေါင်းမြို့အမှတ်(၁)ရပ်ကွက်ရှိ ကညင်ချောင်း ဘုန်းတော်ကြီးကျောင်း ဓမ္မဗိမာန်၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံရာ နိုင်ငံတော်သမ္မတက အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများအားလုံး မျှမျှတတရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျစီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်အစိုးရက ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့်လည်း စာရင်းဇယားများ မှန်ကန်တိကျစွာ ပြုစုတင်ပြသွားရန်နှင့် ရသင့်ရထိုက်သူများလက်ဝယ်သို့ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ပေးသွားရန် မှာကြားပြီး ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဧရာဝတီဖောင်ဒေးရှင်းတို့က ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဒေသခံပြည်သူလူထု၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က တင်ပြကြရာ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ငါးသိုင်းချောင်းမြို့အမျိုးသားခန်းမသို့ ရောက်ရှိကြပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြား၍ ဆန်အိတ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးတို့က ဆေးပစ္စည်းများနှင့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြသည်။

ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**အားပေးစကားပြောကြား**

ထိုမှတစ်ဆင့် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာအုပ်စုရှိ အင်းရဲကျွန်း ပိုးကရင်နှစ်ခြင်းအသင်းတော်ခန်းမဆောင်သို့ ရောက်ရှိပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့က ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက် မဟာဗောဓိဓမ္မာရုံ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

**ဆွေးနွေးညှိနှိုင်း**

ထို့နောက် မော်တော်ယာဉ်များဖြင့် ဒါးကမြို့အနီး ရန်ကုန်-ပုသိမ် ကားလမ်းမိုင်တိုင်အမှတ် ၂၀/၁ မှ ၃၂/၄ အကြား ရေကျော်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရေဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များကို ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လမ်းပြင်ဆင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် ထောက်ပံ့ငွေများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးထံ ပေးအပ်သည်။

**ကယ်ဆယ်ရေးစခန်းရောက်ရှိ**

ထိုမှတစ်ဆင့် ကန်ကြီးထောင့်မြို့ မြို့နယ်အားကစားခန်းမ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားကာ

*စာမျက်နှာ ၅ ကော်လံ ၄ သို့*



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုသိမ်မြို့ မဟာဗောဓိဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဒါးကမြို့ရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်** (သတင်းစဉ်)




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်** (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် သာပေါင်းမြို့ ကညင်ချောင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျုံပျော်မြို့နယ် အင်းရဲကျွန်းကျေးရွာ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရေကျော်ပျက်စီးနေသည့် ရန်ကုန်-ပုသိမ်ကားလမ်းအား တပ်မတော်သားများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်**
(သတင်းစဉ်)

***စာမျက်နှာ ၄ မှ***
ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လလယ်ခန့်က စတင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်ရှိ အိမ်ထောင်စု ၁၂၃၆၄၃ စုမှ လူဦးရေ ၅၀၄၄၇၁ ဦး ရေဘေးသင့်ခဲ့ကြသည်။ အဆိုပါရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်း ၃၆၂ ခုဖွင့်လှစ်၍ နေရာချထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်အိတ် ၄၆၃၀ နှင့် ငွေကျပ်သိန်းပေါင်း ၁၄၀၅ သိန်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဩဂုတ် ၁၈ ရက်အထိ ငွေကျပ်သိန်းပေါင်း ၁၄၅၉ သိန်းကျော်တန်ဖိုးရှိ အရေးပေါ်စားနပ်ရိက္ခာများနှင့် အိမ်ဆောက်ပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်သိန်း ၂၀၀၀ တို့ကို လှူဒါန်းထောက်ပံ့ပေးထားကြောင်း သိရသည်။

**လှူဒါန်းထောက်ပံ့**

နိုင်ငံတော်သမ္မတ၏ ဧရာဝတီတိုင်းဒေသကြီးခရီးစဉ်အတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့တို့အတွက် ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ရေသန့်ဆေးပြားများကို လှူဒါန်းထောက်ပံ့ပေးခဲ့သည်။ **(သတင်းစဉ်)**



# မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖိုရမ်ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၉**
"ရုပ်ရှင်လောကဆိုသည်မှာ အဖွဲ့အစည်းနှင့်လုပ်ရသည့် အလုပ်တစ်ခုဖြစ်ကြောင်း၊ သို့အတွက် ယခုပွဲဖြစ်မြောက်ရေးကို ရုပ်ရှင်အလွှာ ၁၀ ခုက အားလုံး ကြိုးပမ်းပြီး အကြိမ်ကြိမ်ညှိနှိုင်းခဲ့သည်မှာ ၁၈ ကြိမ်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ရုပ်ရှင်လောကသားများ၏ ပဲ့ကိုင်လမ်းပြဖြစ်ကြောင်း၊ ရုပ်ရှင်လောကအတွက် လိုအပ်နေသည်များကို ကူညီပေးစေလိုကြောင်း" မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်က ပြောသည်။

ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသည့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (Creative Content Industry Development Forum) တွင် နာယက ဦးအောင်လွင်က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေက "ရုပ်ရှင်ဥပဒေကို လွှတ်တော်အတွင်းမှာ ပြန်ပြင်ဆင်ရေးဆွဲဖို့လည်း ဆောင်ရွက်နေပါတယ်။ ဥပဒေတစ်ခုပြဋ္ဌာန်းရင် သင့်လျော်ခြင်း၊ ကောင်းမွန်ခြင်း၊ လက်တွေ့ကျခြင်းဆိုတဲ့ အချက်တွေပေါ်မှာ အခြေခံဖို့လိုပါတယ်၊ အဲဒီအတွက် အဓိကကျတဲ့ ရုပ်ရှင်နယ်ပယ်မှာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ထဲထဲဝင်ဝင် ဆောင်ရွက်နေသူတွေကို လွှတ်တော်ထဲဖိတ်ပြီး အကြံဉာဏ်တွေယူပါမယ်။ ယခုဖိုရမ်ကနေ ပြောင်းလဲနိုင်ဖို့ အခွင့်အလမ်းကောင်းကို ဆောင်ကြဉ်းပေးမယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက "မြန်မာ့ရုပ်ရှင်ဥပဒေနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့လွှတ်တော်မှာ အသစ်ရေးဆွဲပြဋ္ဌာန်းဖို့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်ဥပဒေသစ် ရေးဆွဲနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော် ကျန်းမာရေး၊ အားကစားဖွံ့ဖြိုးတိုးတက်မှုကော်မတီက ဆက်ပြီး တာဝန်ယူလျက် ရှိပါတယ်။ သက်ဆိုင်ရာ နည်းပညာ နယ်ပယ်မှာ တာဝန်ရှိသူတွေ၊ အသိပညာရှင် အတတ်ပညာရှင်တွေနဲ့ လွှတ်တော်ကော်မတီအစည်းအဝေး ခေါ်ယူပြီး ဆွေးနွေးမှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေနဲ့ ပတ်သက်ပြီးတော့ ၁၉၉၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နေပြီး ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအမှတ် ၉/၉၆ က လက်ရှိကျင့်သုံးနေတာ ရှိပါတယ်။ ၁၉၉၆ ခုနှစ်က မြန်မာ့ရုပ်ရှင်ဥပဒေက ယနေ့ခေတ်ကာလနဲ့ လျော်ညီမှု မရှိတော့ပါဘူး။ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ် ဆွေးနွေးမှုများကိုလည်း လွှတ်တော်ထဲမှာ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။




မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းက "မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် လုပ်ဖြစ်ရတာက ရုပ်ရှင်လောကရဲ့ လက်ရှိအခြေအနေကို ထင်ဟပ်စေဖို့၊ အားနည်းချက်တွေကို ကိုယ်တိုင်ဖော်ထုတ်ဖို့၊ ပြီးရင် ရှေ့ဆက်ဆောင်ရွက်ရမယ့် အလုပ်တွေကို လောကသားတွေ ကိုယ်တိုင်ဆွေးနွေးအဖြေရှာပြီး ဆောင်ရွက်ဖို့၊ လောကသားတွေ ကိုယ်တိုင်လုပ်နိုင်တာကို ကိုယ်တိုင်ဆောင်ရွက်ဖို့၊ နိုင်ငံတော်အစိုးရပိုင်းက ပံ့ပိုးကူညီရမယ့် အပိုင်းတွေမှာလည်း ပံ့ပိုးကူညီဖို့ဆိုပြီး ရည်ရွယ်ချက်တွေနဲ့ ဖိုရမ်ကြီးဒီအခြေအနေထိရောက်အောင် ကြိုးစားခဲ့ကြတာဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဖိုရမ်တွင် ဒါရိုက်တာဝိုင်းက ရုပ်ရှင်မရိုက်ကူးမီ စနစ်တကျစီစဉ်ရေးနှင့် စပ်လျဉ်းပြီး "ဝိတ်လျှော့ချိန် တန်ပြီ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Heart & Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဒေါ်ခင်စန္ဒာမြင့်က ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရာတွင် တွေ့ကြုံရသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး "အရေအတွက်မှသည် အရည်အသွေးဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ PARADISO Cinemas အမှုဆောင်အရာရှိချုပ် ဦးတင်မောင်ဝင်းက ရိုက်ကူးပြီးသည့် ရုပ်ရှင်ဇာတ်ကားများကို အရည်အသွေး ကောင်းမွန်အောင် လုပ်ဆောင်သင့်သည့် Post Production နှင့် ပတ်သက်၍ "ဒီဂျစ်တယ်စနစ်သုံး ရုပ်ရှင်ပြသခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး ဖိုရမ်သို့ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရုပ်ရှင်အလွှာ ၁၀ လွှာမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဖိုရမ်ကို ဩဂုတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေကျင်းမြို့အခြေစိုက် နိုင်ငံတကာသတင်းဌာနများမှ သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် *(သတင်း-ရှေ့ဖုံး)* (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်ဥက္ကဋ္ဌ **Mr. Jin Liqun နှင့် တွေ့ဆုံစဉ်** *(သတင်း-ရှေ့ဖုံး)* (သတင်းစဉ်)



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာလူငယ်အဖွဲ့အား ခင်မင်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်စဉ်** *(သတင်း-ရှေ့ဖုံး)* (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးများအား ဧည့်အဖွဲ့များ တွေ့ဆုံ

**နေပြည်တော် သြဂုတ် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့အား တရုတ်နိုင်ငံ Huawei Technologies Co.Ltd မှ Senior Vice President, CITIC Group Corporation ဥက္ကဋ္ဌ Mr. Chang Zhenming နှင့် CITIC Construction ဥက္ကဋ္ဌ Mr. Tao Yang တို့သည် ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ရှိ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းအား STATE GRID Corporation of China မှ ဒုတိယဥက္ကဋ္ဌ၊ State Power Investment Corporation (SPIC) ဥက္ကဋ္ဌ Mr.Wang Binghua နှင့် China National Petroleum Corporation (CNPC) အဖွဲ့တို့က သီးခြားစီ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အား China Communications Services Corporation Limited ဥက္ကဋ္ဌ Mr. Si Furong၊ ZTE Corporation မှ ဒုတိယဥက္ကဋ္ဌ Mr. Liu Jian တို့ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား China North Industries Corporation (NORINCO) ဒုတိယ ဥက္ကဋ္ဌ Mr. Chen Defang နှင့်အဖွဲ့က လာရောက်တွေ့ဆုံသည်။

**(သတင်းစဉ်)**



## စိုက်ပျိုးရေးနှင့် မွေးမြူရေး သမအသင်းများ သြဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ ဖွဲ့စည်းဆောင်ရွက်သွားမည်

**ဘားအံ သြဂုတ် ၁၉**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသော စုပေါင်းလုပ်ကိုင်သည့် သမဝါယမ စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးပြီး စုပေါင်းထုတ်လုပ်၊ စုပေါင်းရောင်းချနိုင်ခြင်းကို လည်းကောင်း၊ ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်သဖြင့် ကုန်သွယ်မှုစရိတ်များ လျှော့ချနိုင်မည်ဖြစ်သည်။ ထုတ်လုပ်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်သကဲ့သို့ စားသုံးသူများအနေဖြင့် အပိုဆောင်းပေးနေရသည့် ကုန်သွယ်မှုစရိတ်အမျိုးမျိုးတို့ကို သက်သာကျော်လွှားနိုင်မည်ဖြစ်၍ စုပေါင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းများကို ကရင်ပြည်နယ်တွင် ယခုလမှစ၍ ဖွဲ့စည်းရန်ညှိနှိုင်းစည်းဝေးပွဲကို သြဂုတ် ၁၈ ရက် နံနက် ၈ နာရီက ဘားအံမြို့ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်၏ စိုက်ပျိုးရေး မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆိုပါအသင်းများ ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာသားငါးနှင့် ဒေသထွက်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးအတွက် ကျေးရွာမှ ပြည်သူလူထုကို အသိပညာပေး၍ သမဝါယမလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ သင့်လျော်သည့်နေရာဒေသများကို ရွေးချယ်သတ်မှတ်၍ သမဝါယမဖွဲ့စည်းဆောင်ရွက်နိုင်ရန် ပြည်နယ်ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောသည်။

ထို့နောက် ကဏ္ဍအလိုက် ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြပြီး ပြည်နယ် စိုက်ပျိုးရေး မွေးမြူရေးသမဝါယမအသင်းကို သြဂုတ် ၂၂ မှ ၂၅ ရက်အထိ ကျေးရွာများသို့ကွင်းဆင်း၍ သမဝါယမအသင်း လုပ်ထုံးလုပ်နည်းများနှင့်အတူ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## အသိပညာပေး စာကြည့်တိုက်မော်တော်ယာဉ် ဖွင့်လှစ်ပြသ

**သထုံ သြဂုတ် ၁၉**

သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း ဦးဆောင်သော ရွေ့လျားအသိပညာပေး စာကြည့်တိုက်မော်တော်ယာဉ်သည် သြဂုတ် ၁၇ ရက်မှစတင်၍ လူစည်ကားရာ သထုံမြို့ ရွှေစာရံစေတီတော်ရှေ့ ယာဉ်ရပ်နားဝင်းအတွင်း စတင်ပြခဲ့ရာ မြို့ခံ လူထုမှ လာရောက်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ရွေ့လျားအသိပညာပေးစာကြည့်တိုက်ကို သြဂုတ် ၁၇ ရက်မှစတင်ပြီး လူစည်ကားရာ နေရာများနှင့် သထုံကွန်ပျူတာတက္ကသိုလ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း(သထုံ)နှင့် ကြာပန်းကျေးရွာများသို့ သွားရောက်ပြသပြီး ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်များသို့လည်း ဆက်လက်သွားရောက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **နန္ဒကျော်စွာ**



# ယူနန်စိုက်ပျိုးရေးတက္ကသိုလ်အဖွဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ လာရောက်

**နေပြည်တော် သြဂုတ် ၁၉**

တရုတ်နိုင်ငံ Yunnan စိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် Dr.Tang Ying ဦးဆောင်သော အဖွဲ့သည် သြဂုတ်လ ဒုတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ ပါဝင်သောအဖွဲ့နှင့် တွေ့ဆုံ၍ တက္ကသိုလ်နှစ်ခုအကြား သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ သင်ကြားရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အပြန်အလှန် ဖလှယ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ ယူနန်စိုက်ပျိုးရေးတက္ကသိုလ်ကို ၁၉၃၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ကောလိပ် ၂၀ ဖြင့် ဖွဲ့စည်းထားသော တက္ကသိုလ်ဖြစ်ပြီး သင်ကြားရေးနှင့် သုတေသနစင်တာများလည်းများစွာရှိသော တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ သုတေသနများအနေဖြင့် ကမ္ဘာ့မှတ်တမ်းတင် အထွက်နှုန်းကို ရရှိနိုင်ခဲ့သော စပါးမျိုးစပ်ခြင်းဆုကို ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် သင်ကြားနေသော ဘာသာရပ်များဖြစ်သည့် သီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ရေအရင်းအမြစ်အသုံးချရေးနှင့် ရေအားလျှပ်စစ်ဘာသာရပ်၊ စိုက်ပျိုးစီးပွားရေး စီမံခန့်ခွဲမှုဘာသာရပ်၊ သီးနှံကာကွယ်ရေးဘာသာရပ် စသည်တို့အပါအဝင် သင်ကြားပို့ချပေးနေသော တက္ကသိုလ်ဖြစ်သည်။

အဆိုပါ တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မည်ဆိုပါက သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နည်းပညာများ အပြန်အလှန် ဖလှယ်နိုင်မည့်အပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒေသတွင်းယဉ်ကျေးမှုများကိုပါ ဖလှယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး၊ ဓာတ်ပုံ-မေမိုးသဲ**



### ပြင်ဆင်ဖတ်ရှုပါရန်

သြဂုတ် ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ပါ ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းသတင်းတွင် ပါရှိသော ဇန်နဝါရီ ၄ ရက်မှ ၆ ရက် **(အစား)** သြဂုတ် ၄ ရက်မှ ၆ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကရင်ပြည်နယ်တရားလွှတ်တော်)**

# ဈေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းနှင့် စီမံကိန်းများသည် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိထိရောက်ရန် အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်နိုင်သည့်လုပ်ငန်းနှင့်စီမံကိန်းများ ဖြစ်ရန်လိုအပ်

**နေပြည်တော် ဩဂုတ် ၁၉**

မဟာဗျူဟာအရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင်ရှိသည့် အစိုးရ၏ကြွေးမြီလက်ကျန်အခြေအနေမှာ ပြည်ပအနေဖြင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၆ ဘီလီယံ(မြန်မာငွေဖြင့် ၁၁၇၇၅ ဘီလီယံ) ဖြစ်ပြီး ပြည်တွင်းအနေဖြင့် ကျပ် ၁၃၆၈၄ ဘီလီယံရှိသည်ကို တွေ့ရကြောင်း၊ ပြည်တွင်း ကြွေးမြီလက်ကျန်အနက် ဗဟိုဘဏ်မှ ငွေချေးယူခြင်းသည် အများဆုံးဖြစ်ပြီး စုစုပေါင်းကြွေးမြီ လက်ကျန် ပမာဏ၏ ၄၂ ရာခိုင်နှုန်းခန့်နှင့် ပြည်တွင်းကြွေးမြီ စုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းခန့်ရှိသည်ကိုသိရကြောင်း ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက ပြောသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာအတည်ပြုထုတ်ပြန်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဦးစိုးသိန်းက ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဦးစိုးသိန်းက ဗဟိုဘဏ်မှ ငွေချေးယူခြင်းသည် ဈေးကွက်၌ ငွေကြေးလှည့်ပတ်သုံးစွဲမှုကို တွန်းအားပေးသကဲ့သို့ ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း မြင့်တက်စေပါကြောင်း၊ ဗဟိုဘဏ်ငွေချေးယူခြင်းကို လျှော့ချပြီး အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို ပြည်တွင်းဈေးကွက်သို့ ရောင်းချခြင်းဖြင့် ဈေးကွက်ရှိငွေကြေးများကို ပြန်လည်သိမ်းယူနိုင်မည်ဖြစ်ပြီး ငွေကြေးဖောင်းပွမှုကိုလည်း ထိန်းညှိပေးရာရောက်မည်ဖြစ်ကြောင်း၊ သက်သာသည့် ချေးငွေဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရေး ချေးငွေ တစ်နည်းအားဖြင့် သက်သာမှုမရှိသည့် ချေးငွေဖြစ်စေ တစ်ချိန်တွင် ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်း ပြည်ပချေးငွေများအပေါ် ပြန်လည်ပေးဆပ်နိုင်ရန် နိုင်ငံခြားငွေရရှိမည့် နည်းလမ်းများကို ကြိုတင်စီမံထားရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို နှစ်စဉ်ထုတ်ဝေနိုင်ရန် မျှော်လင့်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းနှင့် စီမံကိန်းများသည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိထိရောက်ရန် လိုအပ်သကဲ့သို့ အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်နိုင်သည့်လုပ်ငန်းနှင့် စီမံကိန်းများဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်

အလားတူ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်သက်သက်ခိုင်က ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာရေးဆွဲရခြင်းသည် အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းရန် လိုအပ်ချက်များအပေါ်မူတည်၍ ရေတိုရေရှည်ငွေပေးချေရေးတာဝန်များကို နှိုင်းယှဉ်ချိန်ဆ၍ ကုန်ကျစရိတ်အနည်းဆုံးနှင့် ဆုံးရှုံးနိုင်ခြေအနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ ပြည်ပကြွေးမြီအများစုသည် ပုံသေအတိုးနှုန်းနှင့် သက်သာသည့် ချေးငွေများဖြစ်ပြီး ပြန်ဆပ်ကာလရှည်ကြာသည့်အတွက် အတိုးနှုန်းကြောင့် ဆုံးရှုံးနိုင်ခြေ၊ ဘဏ္ဍာငွေပြန်လည်ဖြည့်ဆည်းမှုဆုံးရှုံးနိုင်ခြေနည်းပါးပါကြောင်း၊ သို့သော် ငွေလဲလှယ်နှုန်းပြောင်းလဲမှုနှင့် ငွေကြေးအမျိုးအစားကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးနိုင်ခြေများ ရှိပါကြောင်း။

ဘဏ္ဍာငွေ ပြန်လည်ဖြည့်ဆည်းနိုင်မှုဆုံးရှုံးနိုင်ခြေမြင့်မားနေခြင်းကို လျှော့ချနိုင်စေရန် မြီရှင်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးပြီး ကြွေးမြီပေးဆပ်ရမည့် အစီအစဉ်ကို ပြန်လည်ညှိနှိုင်းရေးဆွဲသင့်ပါကြောင်း၊ အစိုးရချေးငွေသက်သေခံလက်မှတ်များအတွက် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည့်အစီအမံများ ထည့်သွင်းသင့်ပါကြောင်း၊ ပြည်တွင်း ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၄ ဒသမ ၈ ရာခိုင်နှုန်းရှိနေပြီး ၎င်းအချိုးကို ၄၀ ရာခိုင်နှုန်းထက်မကျော်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဟု သိရပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများနှင့် အသုံးစရိတ်များကျခံသုံးစွဲရမည်ဖြစ်၍ ပြည်တွင်းပြည်ပချေးငွေများတိုးလာသည်နှင့်အမျှ ဂျီဒီပီတိုးတက်အောင် ဆောင်ရွက်သွားရန် အထူးလိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဗဟိုဘဏ်မှ ငွေချေးယူရခြင်းများကို လျှော့ချရန်နှင့် နောင်ကာလများတွင် လုံးဝချေးယူခြင်းမျိုးမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို ရေးဆွဲ၍ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာကို ထိန်းသိမ်းဆောင်ရွက်မည်ဆိုသည်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း အခွန်မူဝါဒများနှင့် အသုံးစရိတ်မူဝါဒများကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေလံနည်းဥပဒေစည်းမျဉ်းများကို အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်နှင့် ကျွမ်းကျင်သူများကို တိုင်ပင်၍ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်း( ပြင်ဆင်ခြင်း)နှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးကြသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုက ရငွေသုံးငွေများမှ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ဌာနအဖွဲ့အစည်းများအနေဖြင့် ငွေစာရင်းများ၏ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် အညီ သုံးစွဲရန် အကြံပြုလိုပါကြောင်း၊ ထောက်ပံ့ငွေများမှ မြန်မာ့စီးပွားရေးဘဏ်သို့ ထောက်ပံ့ရသည့် အရှုံးများနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ရသည့်ငွေအများဆုံးမှာ ငွေလွှဲခနှင့် စိုက်စရိတ်ချေးငွေပေါ် အတိုးရသည့်ငွေများဖြစ်ကြောင်း၊ ပုဂ္ဂလိကသို့ ထုတ်ချေးသည့်ငွေသည် ဌာနစည်းမျဉ်းလုပ်ထုံးလုပ်နည်းများအရ အနည်းငယ်သာရှိသည့်အတွက် အတိုးရငွေနည်းပါးပါကြောင်း၊ ထို့ကြောင့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် နှစ်စဉ်လိုလိုအရှုံးပေါ်နေရခြင်းဖြစ်ကြောင်း၊ အခွန်ရငွေနှင့် GDP အချိုးကျဆင်းမှုနှင့်ပတ်သက်၍ ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ လိုင်စင်ကြေးနှင့် အခွန်ရငွေများသည် ဥပဒေလုပ်ထုံးလုပ်နည်း စာချုပ်စည်းကမ်းများအရ သတ်မှတ်သည့်ဘဏ္ဍာနှစ် သုံးနှစ်အတွင်း၌ ဝင်ငွေရပြီး ကျန်သည့်သက်တမ်း ၁၂ အတွင်း ဝင်ငွေမရသည့်အတွက် ဝင်ငွေနှင့် GDP အချိုးသိသိသာသာကျဆင်းသွားသည်ကို တွေ့ရသည့်အတွက် ဝင်ငွေနှင့် အသုံးစရိတ်လျာထားသည့်အခါ ကွာဟမှုမရှိစေရန်နှင့် GDP အတိုးအလျော့ သိသိသာသာထိခိုက်မှုမရှိစေရေးအတွက် ဥပဒေလုပ်ထုံး လုပ်နည်းစာချုပ်စည်းကမ်းများကို ရေရှည်အတွက် ဘက်စုံစဉ်းစားဆောင်ရွက်သင့်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် ပိုလျှံငွေများပြန်လည်အပ်နှံမှုနှင့်ပတ်သက်၍ အချို့တည်ဆောက်ရေးလုပ်ငန်းများတွင် ဘဏ္ဍာရေးစည်းမျဉ်းအရ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်မှသာ ကျန်ငွေများကို ပြန်လည်အပ်နှံသည့်အတွက် အချို့လုပ်ငန်းများ၌ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် အခက်အခဲများ ကြုံတွေ့ရပါကြောင်း၊ ကိုယ်ပိုင်ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရသည့်ကိစ္စများနှင့်ပတ်သက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရန် အသားတင်အမြတ်၏ ၂၀ ရာခိုင်နှုန်းကို နိုင်ငံတော်၏ ထည့်ဝင်ငွေ ၂၅ ရာခိုင်နှုန်းအဖြစ် ပေးသွင်းစေပြီး ကျန်အမြတ် ၅၀ ရာခိုင်နှုန်းကို ကိုယ်ပိုင်စာရင်း Union Financial Account ၏အခြားအကောင့်ဖြစ်သည့် OA စာရင်းတွင် စုဆောင်းခွင့်ပြုသည့်စနစ်ဖြင့် ဆောင်ရွက်သည်ကို သိရပါကြောင်း၊ အဆိုပါစနစ်အရ အစီရင်ခံစာပါ အမြတ်ရသည့် အဖွဲ့အစည်း ၂၄ ခုအတွက် စုဆောင်းငွေအဆင်ပြေနိုင်သော်လည်း အမြတ်မရှိ အရှုံးပေါ်နေသည့် အဖွဲ့အစည်း ရှစ်ခုအတွက် စုဆောင်းငွေရနိုင်ရန် မလွယ်ကူပါကြောင်း၊ မူလရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် မဖြစ်နိုင်ကြောင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းအချင်းချင်း နိုင်ငံပိုင် ဝင်ငွေနှင့် အမြတ်အပေါ် သုံးစွဲပိုင်ခွင့် မညီမျှမှုများ ဖြစ်ပေါ်လာနိုင်သည်ကို စဉ်းစားသင့်ကြောင်း ဆက်လက်ဆွေးနွေးသည်။

အလားတူ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရအပါအဝင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို လေးစားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ပြည်သူလူထုအကျိုးရှေးရှု၍ ထိထိရောက်ရောက် စီမံခန့်ခွဲကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နိုင်ငံတော်သမ္မတထံမှပေးပို့သော နျူကလီးယား ဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာ အကာအကွယ်ပြုမှုပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးကိစ္စရပ်နှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နျူကလီးယားဗေးအန္တရာယ်ကင်းရှင်းရေး ပဋိညာဉ်တွင် လိုက်နာကျင့်သုံးသည့် အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေးကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**

**ဗဟိုဘဏ်မှ ငွေချေးယူရခြင်းများကို လျှော့ချရန်နှင့် နောင်ကာလများတွင် လုံးဝချေးယူခြင်းမျိုးမရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ရေးဆွဲ၍ ကြွေးမြီခံနိုင်ရည်ရှိမှုအတိုင်းအတာကို ထိန်းသိမ်းဆောင်ရွက်မည်ဆိုသည်ကို တင်ပြခြင်းဖြစ်**

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုပြီဖြစ်

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်မှ အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ရုံး ၌ကျင်းပသည့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြု အသိပေးရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုက ပြောကြားသည်။

ယင်းအသိပေး ရှင်းလင်းပွဲတွင် ကင်းထောက်ချုပ်က မြန်မာနိုင်ငံ ကင်းထောက်အမျိုးသား၊ အမျိုးသမီး အဖွဲ့များသည် ၁၉၁၆ ခုနှစ်မှစ၍ ကင်းထောက် လုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ကာ နိုင်ငံတော်၏ဦးဆောင်လမ်းညွှန်မှု၊ ပညာရေးဝန်ကြီးဌာန၏ ပံ့ပိုးပေးမှုများဖြင့် မြန်မာနိုင်ငံတွင် ကင်းထောက်အဖွဲ့ပြန်လည်ရှင်သန်လာရေးအတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အာရှနှင့် ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့နှင့် ကမ္ဘာ့ကင်းထောက်ဗျူရိုတို့က မြန်မာနိုင်ငံအတွက် လိုအပ်သည့်လုပ်ငန်းဆွေးနွေးပွဲများကျင်းပခြင်း၊ သင်တန်းများပို့ချပေးခြင်းဖြင့် အရည်အသွေးမြှင့်တင်ပေးသည့်အပြင် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေကို အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ တိုးတက်မှုအခြေ အနေကိုသုံးသပ်ကာ ကမ္ဘာ့ကင်းထောက်လှုပ်ရှားမှုအဖွဲ့က မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ကို တင်းပြည့်အဖွဲ့ဝင် အဖြစ် ဩဂုတ် ၁၁ ရက်က အတည်ပြုကြောင်း အကြောင်းကြားလာကြောင်း၊ မကြာမီကင်းထောက်နှစ် ၁၀၀ ပြည့် အခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားကိုးအားထားရမည့် သူတစ်ပါးကို ကူညီတတ်သည့် ယဉ်ကျေးလိမ္မာသော ကင်းထောက်များအား ကင်းထောက်ကတိကျင့်ဝတ်တို့ကို အခြေခံယူဆောင်ရွက်ကြမည့် မျိုးဆက်သစ်လေ့ကျင့်ပေးရေးအတွက် အများပြည်သူများကပါ ဝိုင်းဝန်းကူညီကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ နိုင်ငံတကာဆက်ဆံရေးမှူး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုအကြောင်းကြားစာ(ဝဲပုံ)နှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကြိုဆိုဂုဏ်ပြုသည့် အကြောင်းကြားစာများကို ဖတ်ကြားသည်။




ယင်းနောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှစ် ၁၀၀ ပြည့် ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအေးကြိုင်က နိုဝင်ဘာလတွင် ကျင်းပရန် လျာထားသည့် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး တင်ပြရာ တက်ရောက်လာကြသည့် ကင်းထောက်ကြီးများက ကော်မတီများအလိုက် ဆွေးနွေးကြကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အတည်ပြုချမှတ်နိုင်ရန် ဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၁၉**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် တတိယအကြိမ် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**စီမံကိန်းနှင့် ဘဏ္ဍာရေး**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရက် ၁၀၀ အတွင်း လုပ်ငန်းစဉ် (၇)ရပ်ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းတို့မှာ ကုမ္ပဏီမှတ်ပုံတင်ကြေးများ ပြင်ဆင်သတ်မှတ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း စီမံကိန်း၊ ငွေရေးကြေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ အောင်ဘာလေထီ ၅၀၀ တန် ထီအမျိုးအစားကို တိုးချဲ့ထုတ်ဝေရောင်းချနိုင်ရန် ပြင်ဆင်ခြင်း၊ တယ်လီဖုန်း ပြောဆိုခအပေါ်တွင် ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ပညာရေးကဏ္ဍတွင်သုံးစွဲရန် ဆောင်ရွက်ခြင်း၊ ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System - MACCS) အသုံးပြု၍ ကုန်စည်ရှင်းလင်းခြင်း၊ ဆိပ်ကမ်းတွင် ထုတ်ကုန်/သွင်းကုန် ရှင်းလင်းခြင်းလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးခြင်းနှင့် လေကြောင်းကုန်စည်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှု**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဒေါ်နန္ဒာမွန်းက သာသနာရေးဆိုင်ရာအနေဖြင့် လုပ်ငန်းစဉ် (၉)ရပ်ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းတို့မှာ ဝိသာခါ တန်ဆောင်းအကြီးစားပြုပြင်ခြင်း၊ ဒဂုံသီရိဘေးမဲ့ကန် ပြန်လည်တူးဖော်ခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမများ၏ထောက်ပံ့ကြေးတိုးမြှင့်ခြင်း၊ မြိုင်ကြီးငူ မြေပြဿနာအငြင်းပွားမှုကိစ္စ ဖြေရှင်းဆောင်ရွက်ခြင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆောင်ရွက်ခြင်း၊ သာမဏသာရုပ္ပ မဖြစ်သော ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းကို အထက်တန်းအဆင့် တိုးမြှင့်ခြင်းနှင့် ဂေါပကအဖွဲ့များအား ကြီးကြပ်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

အနုပညာဦးစီးဌာန၏ မူဝါဒဆိုင်ရာအပေါ် ဆောင်ရွက်ပြီးစီးမှုများမှာ အနုသုခုမဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို မေလတွင်ကျင်းပပြီးစီးခဲ့ပြီး မြန်မာတိုင်းရင်းသားရိုးရာ ကြိုးတပ်တူရိယာများ သုတေသနစာအုပ်ရေးသားပုံနှိပ်ပြီးစီး၍ ပြည်သူများအား ရောင်းချလျက်ရှိပါကြောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ပဒေသာယိမ်းအကများနှင့် သီရိဝံသဇာတ်ကြီးတို့ကို ဇွန်လက အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ လည်းကောင်း၊ ဇူလိုင်လတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ လည်းကောင်း ပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့ပါကြောင်း၊ UNESCO ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် ဘုရင့်နောင်ခေါင်းလောင်းကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် တင်သွင်းခြင်း၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီ(ရာဇကုမာရ်)ကျောက်စာတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အထိမ်းအမှတ် LOGO စိုက်ထူခြင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) လုံခြုံရေးအတွက် CCTV တပ်ဆင်ခြင်း၊ မီးသတ်စနစ်များ တပ်ဆင်ခြင်းနှင့် ဝင်းအတွင်း လျှပ်စစ်မီးသွယ်တန်းခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။



**မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ရက် ၁၀၀ အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသက်နိုင်ဦးက ရက် ၁၀၀ စီမံချက်ကာလတွင် ဆောင်ရွက်ခဲ့သည့် စုစုပေါင်းလုပ်ငန်း ၂၈ ခု အနက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍတွင် လုပ်ငန်း ၁၇ ခု၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍတွင် ခုနစ်ခု၊ သမဝါယမကဏ္ဍတွင် လေးခုဆောင်ရွက်ခဲ့ပါကြောင်း။

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်းမှ စိုက်ပျိုး၊ မွေးမြူရေးအသင်းသားသစ်များအား ငွေကျပ်တစ်သိန်းနှုန်း၊ အသင်းသား ဟောင်းများအား ငွေကျပ် တစ်သိန်းမှ ငါးသိန်းနှုန်း ထုတ်ချေးခြင်း၊ မျိုး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာသွင်းအားစုများ ပံ့ပိုးခြင်းတို့အတွက် စုစုပေါင်း ၁၈၂၀၂ ဒသမ ၂၈ သန်းနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို အသင်းသား တောင်သူလယ်သမား ၄၈၉ ဦးသို့ Hire Purchase စနစ်ဖြင့် စက်ပစ္စည်း ၅၉၁ စီး ရောင်းချပေးရန်အတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၃၄၇၄ ဒသမ ၀၅၁ သန်း ထုတ်ချေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများအဖြစ် ရွာပေါင်း ၅၄၄ ရွာတွင် တွင်းပေါင်း ၆၀၂ တွင်း တူးဖော်ခြင်း ဆောင်ရွက်ခဲ့ပါကြောင်း။

အယ်နီညို သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်အဖြစ် အပူဒဏ်မြင့်တက်မှုကြောင့် ငါးကန်ရှိငါးများ သေဆုံးမှု လျော့နည်းစေရန်၊ ရေကြီးရေလျှံမှုကြောင့် လွတ်ထွက်ဆုံးရှုံးခြင်းမရှိစေရန် နှိုးဆော်ချက်နှင့် ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်မိုးရာသီတွင် ငါးဖမ်းခြင်း မပြုလုပ်ရန် ပညာပေး နှိုးဆော်ချက်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှ ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပဲခူး၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်း၊ ကရင်ပြည်နယ်တို့ရှိ ကျေးရွာ ၄၇၇ ရွာရှိ ငါးမွေးတောင်သူ ၁၃၈၆၁ ဦးတို့အား အသိပညာပေးဟောပြောခြင်း၊ နှိုးဆော်စာဖြန့်ဝေခြင်းများ ဆောင်ရွက်ပြီးဖြစ်ရာ လုပ်ငန်းပမာဏအားဖြင့် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်တို့က သစ်တောဥပဒေအားပြန်လည်ပြင်ဆင်ရန် အချက်များအပြင် ပြင်ဆင်သည့် အချက်ပေါင်းမှာ ၄၁ ချက်ရှိပြီး မူလဥပဒေ၏ သုံးပုံ နှစ်ပုံကျော် ပြင်ဆင်ခြင်းဖြစ်သဖြင့် ပြင်ဆင်သည့် ဥပဒေထုတ်ပြန်မည့်အစားဥပဒေအသစ်ပြဋ္ဌာန်းသင့်ကြောင်း ပြန်ကြားချက်အရ ပြန်လည်ပြင်ဆင်ပြုစုလျက်ရှိပါကြောင်း။

ရာသီဥတုပြောင်းလဲမှုသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး ကြုံတွေ့ခံစားနေကြရသည့် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး အဆိုးရွားဆုံးခံစားရမည့် နိုင်ငံစာရင်းတွင် ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကုလသမဂ္ဂအခြေချနေထိုင်မှုအစီအစဉ်တို့၏ နည်းပညာ အကူအညီ၊ ဥရောပသမဂ္ဂ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များ အပြီးသတ်မူကြမ်းကို ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံဉာဏ်များရယူပြီး ရေးဆွဲခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းအမျိုးသားရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း အတည်ပြုချမှတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍတို့အတွက် Sectoral EIA Guidelines များကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းချက်များကို ဝန်ကြီးဌာန ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားကြသည်။

**ဘတ်ဂျက်ပိုငွေကိစ္စ**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘတ်ဂျက်ပိုငွေနှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းရာ၌ ဘတ်ဂျက်ရေးဆွဲရာတွင် ရစရာရှိသည်များကို မှန်းရသလို သုံးစရာရှိသည်များကိုလည်း မှန်းရပါကြောင်း၊ တစ်နှစ်တာအကောင်အထည်ဖော်နေချိန်အတွင်း မှန်းဆသလို ဖြစ်မလာသည်များလည်းရှိပါကြောင်း၊ တချို့ဆိုလျှင် ပြည်ပချေးငွေကိုရမည်ဟု မှန်းထားသော်လည်း မရသည်များရှိပါကြောင်း၊ ပိုလျှံငွေဖြစ်သည်ဆိုသည်မှာ ငွေကိုထုတ်ယူပြီးမှ ပြန်အပ်ခြင်း မဟုတ်ပါကြောင်း၊ စာရင်းအရ ပြန်အပ်ခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးရှုထောင့်မှ ပိုလျှံငွေပြန်အပ်ခြင်းကို လက်ခံရပါကြောင်း၊ ယခုအခါ ဝန်ကြီးဌာနများကို အသေးစိတ် စိစစ်တင်ပြရန်ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**အောင်ဘာလေထီ ရောင်းဈေး**

ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အောင်ဘာလေထီ အစိုးရရောင်းဈေးနှင့် ပြင်ပပေါက်ကွာဟနေခြင်း၊ ကျပ် ၅၀၀ တန်ထီလက်မှတ် အသစ်ထုတ်မည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းချက်ကို ဖြေကြားရာတွင် အောင်ဘာလေထီ အပြင်ဈေးတိုးမြှင့်နေရခြင်းမှာ ယခုအခါ ထီတစ်စောင်ငွေကျပ် ၂၀၀ ဖြစ်ပါကြောင်း၊ တစ်အုပ်လျှင် ၁၁ စောင်ရှိပြီး တစ်အုပ်ရောင်းမှ ငွေကျပ် ၂၀၀ မြတ်ပြီး ငါးအုပ်ရောင်းမှ ငွေကျပ် ၁၀၀၀ မြတ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် လူတစ်ဦး၏ နေ့တွက်စရိတ်မှာ ငွေကျပ် ၁၀၀၀ ဖြင့် မလောက်ပါကြောင်း၊ ယင်းမှာ အဓိကပြဿနာဖြစ်နေပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅ တွင်လည်း ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရမည်ဟု ပါရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်ကို ထိန်းချုပ်၍ မရနိုင်ပါကြောင်း၊ နိုင်ငံတကာတွင်လည်း ထီလက်မှတ်ဈေးနှုန်းမှာ နှစ်ဒေါ်လာနှင့် သုံးဒေါ်လာထိရှိပါကြောင်း၊ သို့ဖြစ်၍ ပထမအဆင့် အနေဖြင့် ထီလက်မှတ်ဈေးကို ငွေကျပ် ၅၀၀ သို့ ဆွဲတင်လိုက်ခြင်းဖြစ်ပါကြောင်း၊ တဖြည်းဖြည်း ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ သို့ တိုးလာမည်ဖြစ်ပါကြောင်း၊ နောင်ဆို တစ်အုပ်ရောင်းရလျှင် ငွေကျပ် ၂၀၀၀ မြတ်မည်ဖြစ်ပါကြောင်း၊ နောင်တွင် ဈေးတင်ရန်အခွင့်အရေး နည်းလာမည်ဖြစ်ကြောင်း၊ ယင်းမှာထီဈေးကြီးခြင်းကို ဖြေရှင်းရန် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ကျပ် ၅၀၀ တန်ထီတွင် ဝယ်လိုအားနှင့် ရောင်းလိုအား ထိန်းချုပ်နိုင်၍ ပထမဆုံးလတွင် ၂၇ လုံး ထုတ်မည်ဖြစ်ပါကြောင်း၊ ဈေးကွက်ကို ထိန်းချုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထီလုပ်ငန်းရှင် ထီလက်မှတ်ဝယ်ယူလိုသူများကို သတင်းစာက ကြေညာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မနစ်နာစေရန် ဝယ်ယူသူထံမှ အရေအတွက်ပေါ်မူတည်ပြီး ပုံနှိပ်ခသုံးလစာ စပေါ်ငွေ ရယူမည်ဖြစ်ကြောင်း၊ ကျပ် ၅၀၀ တန်ထီကို ငွေကျပ် ၅၀၀ သာ ပေးချင်သူများအတွက် e - Lottery လုပ်သွားမည်ဖြစ်ပါကြောင်း၊ e - Lottery သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ဥပဒေကို ယခင်အစိုးရလက်ထက်ကတည်းက တင်ပြထားပါကြောင်း၊ ဥပဒေအတည်ပြုပြီးပါက နောင်တွင် e-Lottery နှင့် ထီထိုးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တယ်လီဖုန်းခွန် ၇ ဒသမ ၅ ဘီလီယံအား ပညာရေးဝန်ကြီးဌာနအပြင် ကျန်းမာရေးဝန်ကြီးဌာနတွင် သုံးစွဲရန်အစီအစဉ်ရှိ၊ မရှိ၊ ဘတ်ဂျက်အများဆုံးသုံးစွဲသည့် ဝန်ကြီးဌာနနှင့် အနည်းဆုံးသုံးသည့်

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၈ မှ*

ဝန်ကြီးဌာနတို့ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပညာရေး အသုံးစရိတ်မှာ ၇ ဒသမ ၅ ဘီလီယံတိုးသည့်အတွက် စုစုပေါင်းငွေကျပ် ၁၆၃၁ ဘီလီယံဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၈၁ ဘီလီယံသာ ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်မှာ ၂၀၁၆-၂၀၁၇ ခုနှစ် စုစုပေါင်းအသုံးစရိတ်၏ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါကြောင်း၊ ဘတ်ဂျက်အများဆုံးမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး ဘတ်ဂျက်၏ ၂၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ဘတ်ဂျက် အနည်းဆုံးမှာ အသစ်ဖွဲ့လိုက်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖြစ်ပြီး ၀ ဒသမ ၀၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ တယ်လီဖုန်းပြောဆိုမှုမှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ပြည်သူလူထု တိုက်ရိုက်အကျိုးပြုမည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွင် အသုံးပြုရန် ဦးစားပေးလမ်းညွှန်ထားပါကြောင်း၊ ပထမဆုံး စံပြအနေဖြင့် ပညာရေးကဏ္ဍတွင် သုံးမည်ဆိုပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လာမည့်ကာလများတွင် မည်သို့သုံးစွဲမည်ဆိုသည်ကိုလည်း အခါအားလျော်စွာ ပြောကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရင်းနှီးမြှုပ်နှံလိုစိတ်တိုးတက်လာ**

ကုမ္ပဏီမှတ်ပုံတင်အရေအတွက်တိုးလာ တက်လာခြင်းနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်က ကုမ္ပဏီမှတ်ပုံတင်မှုအပိုင်းတွင် မှတ်ပုံတင်ကြေးပြင်လိုက်သည့်အတွက် ယခင်ထက် တိုးတက်လာပါကြောင်း၊ ယခင်က တစ်လလျှင် မြန်မာနိုင်ငံသားကုမ္ပဏီ မှတ်ပုံတင် ၅၀၀ ကျော် မှတ်ပုံတင်သော်လည်း ယခုအခါ ၁၀၀၀ ကျော် တိုးတက်လာပါကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်မှုတိုးတက်လာခြင်းမှာ ရင်းနှီးမြှုပ်နှံမှု လုပ်လိုစိတ်တိုးတက်လာခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

စီးပွားရေးမူဝါဒရေးဆွဲမှု၊ ငွေကြေးဖောင်းပွမှုအခြေအနေနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီးပွားရေးမူဝါဒဆိုသည်မှာ လက်ရှိအစိုးရ၏ သက်တမ်းအတွင်း ဆောင်ရွက်သွားမည့်မူဝါဒကို ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း၊ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များပါ ပါကြောင်း၊ မျှော်မှန်းချက်တွင် အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် တိုးတက်ရမည်ဆိုသည့်အချက် ပါဝင်ပါကြောင်း၊ ယခုမူဝါဒကိုရေးဆွဲရာတွင် စီမံ/ဘဏ္ဍာဝန်ကြီးဌာနနှင့် အခြားစီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ရှင်းလင်းဆွေးနွေး ထုတ်ပြန်ခြင်းဖြစ်ပါကြောင်း။

ဒေါ်လာဈေးငွေကြေးဖောင်းပွခြင်းဆိုသည်မှာ အပြောင်းအလဲဖြစ်တတ်ပါကြောင်း၊ ပို့ကုန်များသည့်ကာလ၊ သွင်းကုန်များသည့်ကာလများတွင် ဖြစ်တတ်ပါကြောင်း၊ ကုန်သွယ်မှုတွင် လိုငွေပြနေပါကြောင်း၊ ရမည့်ဒေါ်လာထက် သုံးရမည့် ဒေါ်လာက များနေပါကြောင်း၊ သို့ဖြစ်၍ ဒေါ်လာဈေးတက်နေမည်ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်က စောင့်ကြည့်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငွေဖောင်းပွမှုဆိုသည်မှာ အထွေထွေကုန်ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပါကြောင်း၊ စီမံ/ဘဏ္ဍာဝန်ကြီးဌာနက ဘဏ္ဍာရေးမူဝါဒနှင့် ထိန်းကျောင်းပြီး ဗဟိုဘဏ်က ငွေကြေးမူဝါဒဖြင့် ထိန်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မြစိမ်းရောင်စီမံကိန်း**

မြစိမ်းရောင်စီမံကိန်းနှင့်စပ်လျဉ်း၍ ကျေးလက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက မြစိမ်းရောင် စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူတို့ ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးအတွက်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲခဲ့ပါကြောင်း၊ ကျေးလက်နေပြည်သူ ၇၅ ရာခိုင်နှုန်းသည် အရင်းအနှီးလိုအပ်နေပါကြောင်း၊ သို့ဖြစ်၍ ယခုစီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ ကျေးရွာတစ်ရွာ ငွေကျပ်သိန်း ၃၀၀ မတည်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းငွေကို ကျေးရွာကော်မတီကစိစစ်ပြီး မြို့နယ်ကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ ထုတ်ချေးပေးပါကြောင်း၊ ကျေးရွာပေါင်း ၇၇၂၃ ရွာ ကျော်ပါကြောင်း၊ အစိုးရငွေမှာ ၁၆ ဘီလီယံဖြစ်ပါကြောင်း၊ ယင်းငွေမှာ နိုင်ငံတော်က မပိုင်ပါကြောင်း၊ ရရှိသည့်အတိုးများမှာ ကျေးရွာများမှ ပိုင်ပါကြောင်း ဖြေကြားသည်။

လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ရပ်ဆိုင်းမည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရေအသုံးချရေးနှင့် ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ စီးပွားရေးအရဆိုလျှင် အရှုံးပေါ်ပါကြောင်း၊ သို့သော်လည်း ဆင်းရဲနေသည့် ကျေးလက်တောင်သူ လယ်သမားများအတွက် စိုက်ပျိုးသီးနှံ ရေရရန်အတွက် ယခုလုပ်ငန်းကို ထူထောင်ထားခြင်းဖြစ်ပါကြောင်း၊ စီးပွားရေးအရ လုပ်ဆောင်ထားခြင်းမရှိပါကြောင်း၊ မြစ်ရေတင်လုပ်ငန်းတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်းတို့မှာ စီးပွားရေးအရ တွက်ခြေမကိုက်ပါကြောင်း။

ယင်းလုပ်ငန်းများမှာ တောင်သူလယ်သမားများအတွက် ရေရရှိရန်အတွက် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် မြစ်ရေတင်လုပ်ငန်း လေးခု၊ ဧက ၁၆၀၀ မှာ ယခင်ပေးနေကျသော နွေသီးနှံဧက ၅၀၀၀၀ အပြင် ထပ်မံတိုးတက်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ မြစ်ရေတင် ၁၇၀ ခုကို ဖျက်သိမ်းမည်ဆိုတာ ပြောပြီးဖြစ်ပါကြောင်း၊ တောင်သူများကလည်း ကိုယ်ပိုင်စက်များဖြင့် တစ်ပိုင်တစ်နိုင်ကိုယ်ထူကိုယ်ထ ဆောင်ရွက်နေပြီဖြစ်သည့်အတွက် ယခုရှိသည့် မြစ်ရေတင် ၃၇၉၃ ခု အနက် ဒီဇယ်မြစ်ရေတင် အသေးစား ၁၇၀ ကို ပယ်ဖျက်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်သည့် လျှပ်စစ်မြစ်ရေတင်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆက်လက်ဆောင်ရွက်ပြီး တောင်သူများထံမှ ရေဖိုး ကောက်ခံသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံသမဝါယမအသင်းသားများအား လယ်ယာလုပ်ငန်းသုံး စက်ပစ္စည်းများ အရစ်ကျငွေချေးစနစ်ဖြင့် ရောင်းချပေးနေစဉ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Exim Bank မှ ဒေါ်လာသန်း ၇၀၀ ချေးငွေနှင့်စပ်လျဉ်း၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က China Exim Bank မှ အတိုးနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း အတိုးယူပြီး ကျေးလက်နေတောင်သူများအား ၁၈ ရာခိုင်နှုန်းဖြင့် ချေးပေးပါကြောင်း၊ ၁၈ ရာခိုင်နှုန်းဖြစ်သည့်အတွက် အတိုးနှုန်းများ များသည်ဆိုသော်လည်း ပြင်ပအတိုးနှုန်းထက် သက်သာပါကြောင်း၊ ပထမ ဒေါ်လာသန်း ၇၀၀ ချေးယူရေးနှင့် လက်မှတ်ထိုးထားသော်လည်း ဒေါ်လာသန်း ၄၀၀ နှင့် ဆောင်ရွက်ရာတွင် လုံလောက်သည့်အတွက် နောက်ထပ် ဒေါ်လာ သန်း ၃၀၀ ချေးယူရန် မလိုအပ်သေးပါကြောင်း ဖြေကြားသည်။

**ချေးငွေပြန်ဆပ်ကာလ ရွှေ့ဆိုင်းပေးနိုင်မည်**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေမြုပ်သွားသည့်အတွက် ပျက်စီးဆုံးရှုံးသွားသော လယ်မြေများအတွက် အရန်မျိုးစပါးဖြန့်ဝေနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြည်ထောင်စုရန်ပုံငွေမှ စပါးတင်း ၇၀၀၀၀၊ စိုက်ပျိုးရေးဦးစီးဌာန ရန်ပုံငွေမှ စပါးတင်း ၆၀၀၀၀ စုစုပေါင်း စပါးတင်း ၁၃၀၀၀၀ တို့ စုဆောင်းထားပါကြောင်း၊ ထို့ပြင် လုပ်ကွက်ကြီးတောင်သူများ၊ လုပ်ငန်းရှင်တောင်သူများ၊ သီးနှံမျိုးစေ့ရောင်းဝယ်သူများမှ သိုလှောင်ထားမှုများမှာ အရန်စပါး တင်းသုံးသိန်းခွဲရှိပါကြောင်း၊ လောလောဆယ် အရန်မျိုး တင်း ၄၈၀၀၀၀ ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး ရေမြုပ်နေရာများ ပြန်လည်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တင်း ၁၀၀၀၀၊ တိုင်းဒေသကြီးရန်ပုံငွေမှ တင်း ၁၀၀၀၀ သိုလှောင်ထားပြီးဖြစ်ပါကြောင်း၊ ရေပြန်ကျသွားသည့်အချိန်တွင် တိတိကျကျ စာရင်းကောက်ယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယခုနှစ် စိုက်ပျိုးစရိတ် တစ်ဧကလျှင် တစ်သိန်းခွဲ ချေးပေးထားသော်လည်း ရေကြီးသည့်ဒေသများ၌ နစ်မြုပ်သွားသည့် ဒေသများတွင် လယ်ယာမြေများအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်၊ မည်သို့ စာရင်းကောက်ယူသွားမည်ဆိုသည်နှင့် စပ်လျဉ်း၍ မေးမြန်းချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်က ရေကြီးနစ်မြုပ်သည့်ဒေသများမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ နစ်မြုပ်မှု၊ ပျက်စီးဆုံးရှုံးမှု စာရင်းတို့ကို အချိန်နှင့်တစ်ပြေးညီ နေ့စဉ်ကောက်ခံလျက်ရှိပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးသွားကြောင်းကို ကျေးရွာကော်မတီမှတစ်ဆင့် မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် တိုင်းဒေသကြီးသို့ တင်ပြရမည်ဖြစ်ပြီး တိုင်းဒေသကြီးမှတစ်ဆင့် ရုံးချုပ်သို့ ရောက်ရှိလာပါက ချေးငွေပြန်ဆပ်ကာလကို ရွှေ့ဆိုင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တန်ခိုးကြီးဘုရားများရှိ ဂေါပကအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ မေးခွန်းအပေါ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်က ဂေါပကအဖွဲ့များ ပြုပြင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ယခင် ရွှေတိဂုံစေတီတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဂေါပကအဖွဲ့ဝင် ၁၃ ဦးထဲမှ ငါးဦးကို အနားယူခွင့်ပြုလိုက်ပြီး ယာယီဂေါပကအဖွဲ့ဝင် အသစ် ငါးဦးကို အသစ်ပြန်လည် ပြင်ဆင်ပြီးခန့်အပ်ထားပါကြောင်း၊ ယာယီဂေါပကအဖွဲ့ဝင်များသည် သက်တမ်းတစ်နှစ်ပြည့်သည့်အခါ အချိန်ပြည့်ဂေါပကအဖွဲ့ဝင်များ ဖြစ်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်သက်၍လည်း ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေးများကျင်းပ၍ ညှိနှိုင်းမှုများပြုလုပ်ပြီး လုပ်ငန်းစဉ်များချမှတ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မြိုင်ကြီးငူတွင် ဖြစ်ပွားခဲ့သော မြေပြဿနာနှင့်ပတ်သက်၍ ဒုတိယအမြဲတမ်းအတွင်းဝန်က ယင်းကိစ္စနှင့် ပတ်သက်၍ ပြေလည်စေရန် ပြည်ထောင်စုဝန်ကြီး သွားရောက်၍ ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာများနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ညှိနှိုင်းခဲ့ရာ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များက ကျေနပ်ပြီး တိုင်ကြားမှုမရှိသည့်အတွက် လက်ရှိတွင် ဆိုင်းငံ့ထားသည့်အနေအထား ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကို အလေးထား ဆောင်ရွက်နိုင်စေရန် ဘာသာရေးပဋိပက္ခများကို သာသနာရေးဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**ပုဂံဒေသ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ရေး**

ပုဂံဒေသအား ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ရေးဆောင်ရွက်နေမှုနှင့် ပုဂံဒေသရှိ ဥပဒေနှင့်ငြိစွန်းသော ဟိုတယ်အဆောက်အအုံများအား မည်သို့စီမံဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ယူနက်စကိုသို့ ဝင်ရောက်ခြင်းမှာ ကမ္ဘာ့အသိအမှတ်ပြုနေရာတစ်ခု သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ ယူနက်စကိုဝင်ရောက်နိုင်ရေးအတွက် ဆွေးနွေးပွဲများ အဆက်မပြတ်လုပ်နေပါကြောင်း။

ဥပဒေအရ ယဉ်ကျေးမှုအမွေအနှစ်ဒေသထဲတွင် အဆောက်အအုံဆောက်လုပ်မည် သို့မဟုတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းများလုပ်မည်ဆိုလျှင် ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေကြောင်းအရ အဆိုပါနယ်မြေဒေသမှ ဟိုတယ်များ၊ မိုတယ်များ၊ တည်းခိုခန်းများ ဆောက်လုပ်ရန် ခွင့်ပြုချက်ပေး၍ မရပါကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်ပါကြောင်း၊ သို့သော်လည်း ၂၅ လုံးက ဆောက်လုပ်ပြီးဖြစ်နေသည့်အတွက် လုပ်ငန်းရှင်များလည်း ဆုံးရှုံးမှုမရှိစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိန်းသိမ်းနိုင်စေရန် ဆိုသည့် အနေအထားဖြင့် ပြည်ထောင်စုဝန်ကြီးက မူဝါဒအရ စဉ်းစားပေးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဘုန်းတော်ကြီးသင်ကျောင်းများအား ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်တင်ပြပြီး ခွင့်ပြုချက်ရပါက ထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းများရှိ ဆရာ ဆရာမများ၏ ထောက်ပံ့ကြေး တိုးမြှင့်မှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မြစ်ဆုံကိစ္စသည် ဒေသခံပြည်သူများ၏ဆန္ဒ**

မြစ်ဆုံနှင့်ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏အမြင်ကို မေးမြန်းရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြစ်ဆုံစီမံကိန်းကို သုံးသပ်ရန် နိုင်ငံတော်က ကော်မတီတစ်ခု ဖွဲ့စည်းလိုက်ပါကြောင်း၊ မြစ်ဆုံကိစ္စသည် သက်ဆိုင်ရာဒေသခံ ပြည်သူများ၏ဆန္ဒ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှုအပေါ်မူတည်ပြီး စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ကော်မတီမှ သုံးသပ်ချက်ထွက်ရှိလာသည့်အချိန်အထိ စောင့်ဆိုင်းရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာမည့် သုံးသပ်ချက်များသည် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး၊ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံး အဖြေတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဖြေကြားသည်။

ဖားကန့်မြေစာပုံပြိုမှုအပေါ် အရေးယူဆောင်ရွက်မှုကိစ္စနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန်က ဖားကန့်တွင် လုပ်ကွက်အသစ်များ မချတော့ကြောင်း၊ လုပ်ကွက် သက်တမ်းတိုးခြင်းကိုလည်း ရပ်တန့်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ တူးဖော်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လုံးခင်း၊ ဖားကန့်တွင် မြေစာပုံများကို သတ်မှတ်ထားသည့် လေ့ကားထစ်ပုံစံအတိုင်း စနစ်တကျပုံရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုမ္ပဏီများအနေဖြင့် မြေစာပုံများ စနစ်တကျစုပုံခြင်းရှိ၊ မရှိ စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ၁၁ ဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း၊ စနစ်တကျမစွန့်ပစ်သည့် ကုမ္ပဏီများတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ပြီး ဒေသခံအဖွဲ့အစည်းများအား သတင်းပေးကြရန် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ရေမဆေးသမားများနှင့် ပတ်သက်၍လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ၎င်းတို့အတွက် အလုပ်အကိုင်ဖန်တီးပေးရေးကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**ကျောက်မျက်လုပ်ကွက်အရေအတွက်**

ပိတ်သိမ်းသွားသည့် ကျောက်မျက်လုပ်ကွက်အရေအတွက်အား သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က သက်တမ်းကုန်သည့် လုပ်ကွက်များကို သက်တမ်းတိုးပေးခြင်း မပြုလုပ်တော့ပါကြောင်း၊ လောလောဆယ် လုပ်ကွက်ပေါင်း ၂၀၀၀ ကျော်ခန့်ရှိပါကြောင်း၊ သက်တမ်းမကုန်သေးသည့် လုပ်ကွက်များသာ ဆက်လက်လုပ်ကိုင်လျက်ရှိပါကြောင်း ဖြေကြားသည်။

သစ်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ခိုးယူသည့် တရားမဝင်သစ်များသည် တရုတ်နိုင်ငံသို့ အများဆုံးရောက်ရှိကြောင်း၊ တရားဝင်တင်ပို့မှုတွင် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ပါကြောင်း၊ သစ်အချောထည် တင်ပို့မှုတွင် လက်ရှိတင်ပို့နေသည့် ပမာဏ၏ ၁၂ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်ပါကြောင်း ဖြေကြားသည်။

ဖားကန့် ရေမဆေးကျောက်တူးသမားများနှင့် ပတ်သက်၍ မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် ရေမဆေးကိစ္စသည် ကြီးမားသည့် အင်အားစုနှင့် ကြီးမားသည့် ပြဿနာကြီးတစ်ခုဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဖြေရှင်းရန် ခက်ခဲပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ညှိနှိုင်းအဖြေရှာပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

---

❖ ***ကျောဇုံးမှ***

လဟယ်မြို့နယ်သို့သွားရောက်၍ တီဘီရောဂါရှာဖွေကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် မကျန်ကျေးရွာနှင့် စန်တုံကျေးရွာတို့တွင် လူနာများကို ဆေးကုသပေးခဲ့ပြီး တီဘီသံသယလူနာ ကိုးဦးဖော်ထုတ်ရှာဖွေကုသပေးနိုင်ခဲ့သည်။

အဆိုပါကျေးရွာများရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားပေါင်း ၉၇ ဦးအားလည်း တီဘီရောဂါ ရှိ/မရှိ စစ်ဆေးပေးခဲ့သည်။ ဩဂုတ် ၁၈ ရက်တွင် လဟယ်မြို့နယ် လုံခင်ကျေးရွာနှင့် ခါးလယ်ကျေးရွာတို့ရှိ လူနာပေါင်း ၁၃၅ ဦးကို ဆေးကုသမှုပေးခဲ့ပြီး တီဘီသံသယလူနာငါးဦးအား ရှာဖွေဖော်ထုတ် ကုသမှုပေးနိုင်ခဲ့သည်။

ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းအဖွဲ့များသည် ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်းစသည့် အာဟာရကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါအပါအဝင် ကူးစက်ရောဂါများနှင့် ပတ်သက်၍ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၆ ရက်မှစတင်၍ လဟယ်မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်အတွင်းရှိ ကလေးငယ်များ အားလုံးကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် ရွှေလောကျေးရွာ၊ လောင်ငေါက်ကျေးရွာ၊ မကျန်ကျေးရွာနှင့် နောက်လော်ကျေးရွာတို့မှ ကလေး ၆၁၇ ဦး၊ ဩဂုတ် ၁၈ ရက်တွင် ကာမွေလောရီကျေးရွာမှ ကလေး ၅၀၀ တို့ကို ဝက်သက်ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနိုင်ခဲ့သဖြင့် ဩဂုတ် ၁၈ ရက်အထိ ကလေးစုစုပေါင်း ၂၇၃၁ ဦးကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# သေနတ်ကိုင်ခြိမ်းခြောက်လုယက်ခံရသည်ဟု လုပ်ကြံဇာတ်လမ်းဆင်ခဲ့သည့် အမေရိကန်ရေကူးသမား ဂျင်မီဖိတ်ဂျင် ဘရာဇီးပရဟိတအဖွဲ့သို့ လျော်ကြေးပေးအပ်ရမည်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၁၉**

အမေရိကန် အိုလံပစ်ကစားသမား ဂျင်မီဖိတ်ဂျင်သည် အိုလံပစ်ပွဲတော်ကျင်းပနေစဉ် ကာလအတွင်း ၄င်းနှင့် အဖွဲ့ဝင်များအား သေနတ်ဖြင့် ခြိမ်းခြောက်လုယက်ခံရသည်ဟူသော ယုံမှားသံသယဖြစ်ဖွယ် လုပ်ကြံဇာတ်လမ်း ဆင်ခဲ့မှုအတွက် နစ်နာကြေးပေးအပ်သည့်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၁၀၀၀ ကို ဘရာဇီးပရဟိတအဖွဲ့အစည်းသို့ လျော်ကြေးပေးရမည်ဖြစ်ကြောင်း အေဘီစီသတင်းတစ်ရပ်တွင် သောကြာနေ့က ဖော်ပြခဲ့သည်။

ရီယို၌ သက်ဆိုင်ရာဝန်ကြီးဌာနမှ အာဏာပိုင်များနှင့် တရားသူကြီးတစ်ဦးတို့က နာရီများစွာကြာအောင် ဆွေးနွေးခဲ့ပြီးသည့်နောက်တွင် ဖိတ်ဂျင်၏ ရှေ့နေဘရီနိုမီလာ ရန်ဂိုထံမှ အဆိုပါ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဖိတ်ဂျင်ပါဝင်သည့် ရေကူးအဖွဲ့ဝင်လေးဦးသည် တနင်္ဂနွေနေ့ အစောပိုင်းက သေနတ်ဖြင့် ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခံရကြောင်း ရဲအဖွဲ့သို့ လိမ်ညာတိုင်ကြားခဲ့ကြောင်း သိရသည်။

ဖိတ်ဂျင်နှင့်ရေကူးအဖွဲ့ဝင်များ၏ လီဆယ်ခဲ့မှုအတွက် အမေရိကန်အိုလံပစ်ကော်မတီက ဘရာဇီးသို့ တောင်းပန်မည်ဟု သိရသည်။

(ရိုက်တာ)

## ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာ ဂန္ဒီ ဆေးရုံပြန်တက်

**ဒေလီ ဩဂုတ် ၁၉**

အိန္ဒိယကွန်ဂရက်ပါတီအဓိကအတိုက်အခံခေါင်းဆောင် ဆိုနီယာဂန္ဒီကို နောက်ထပ်တစ်ကြိမ်မြို့တော်ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် တွေ့ရသည်။ အသက် ၆၉ နှစ်ရှိ ၄င်းကို ဒေလီရှိ ဆာဂန်ဂါရမ်ဆေးရုံသို့ ဩဂုတ် ၁၈ ရက်နေ့တွင် တင်ပို့ခဲ့ရသည်။ ယင်းဆေးရုံတွင် ရက်အတော်ကြာကြာဆေးကုသမှုခံယူရမည်ဖြစ်ကြောင်း ဆရာဝန်များက ဩဂုတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ဂန္ဒီသည် အကြောအဆစ်ဆိုင်ရာ ကုသမှုခံယူမည်ဖြစ်ကြောင်း သိရပြီး ပြည်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ဂန္ဒီအနေဖြင့် အခြေအနေကောင်းမွန်သော်လည်း ရက်အတော်ကြာကြာစိတ်ချရသည့်အနေအထားအထိ စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

(ဆင်ဟွာ)

## လာဘ်စားသည့် ဆေးရုံအကြီးအကဲဟောင်းကို အရေးယူ

**ကူမင်း ဩဂုတ် ၁၉**

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်ရှိဆေးရုံတစ်ရုံ၏ အကြီးအကဲဟောင်းအား ယွမ်ငွေ ၁၁၆ သန်းတန်ဖိုးရှိ အဆောင်အယောင် ပစ္စည်းများ လက်ခံရယူခဲ့မှုနှင့် ငွေသား အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်းကို လာဘ်စားခဲ့မှုဖြင့် ကြာသပတေးနေ့က အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယူနန်ရှိအမှတ်(၁)ပြည်သူ့ဆေးရုံအုပ်ဟောင်း ဝမ်တီရန်ချိုသည် ယွမ် ၈၃ သန်းတန်ဖိုးရှိ နေအိမ်တိုက်ခန်းအလုံး ၁၀၀နှင့် ငွေကြေးများ လက်ခံရယူခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း ပူဘာ Intermediate ပြည်သူ့တရားရုံးမှ သိရသည်။

ဝမ်သည် ၂၀၀၄ နှင့် ၂၀၁၄ ခုနှစ်များအတွင်း ဆေးရုံ၌ တာဝန်ထမ်းဆောင်ခဲ့စဉ် ဆေးရုံတိုးချဲ့တည်ဆောက်မှုစီမံကိန်း၊ ဆေးပစ္စည်းများဝယ်ယူ မှု၊ ကုသရေးပစ္စည်းများဝယ်ယူရန်နှင့်ဆရာဝန်အင်အားတိုးချဲ့ရေးတို့အတွက် ကုမ္ပဏီများနှင့် သက်ဆိုင်ရာလုပ်ငန်းဌာနများမှ လာဘ်စားခဲ့ခြင်းဖြစ်ကြောင်း၊ အမှုကို မကြာမီစီရင်ချက်ချမည်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

## သွေးနှင့်ဖုန်များပေကျံနေသည့် ဆီးရီးယားကလေးငယ်တစ်ဦး၏ ပုံရိပ်ကို ရုပ်သံဖိုင်တစ်ခုတွင် တွေ့လိုက်ရသောကြောင့် ကမ္ဘာတစ်ဝန်းတုန်လှုပ်

**အလက်ပို ဩဂုတ် ၁၉**

သွေးအလိမ်းလိမ်းကပ်ငြိကာ ဖုန်မှုန့်များပေကျံနေသည့် ဆီးရီးယားကလေးငယ်တစ်ဦး၏ ပုံရိပ်ကို ရုပ်သံဖိုင်တစ်ခုတွင် တွေ့လိုက်ရသောကြောင့် ကမ္ဘာတစ်ဝန်းတုန်လှုပ်သွားခဲ့ကြောင်း သိရသည်။

အသက်ငါးနှစ်ရှိ အွမ်ရန် ဒက်နီးရှ်ကို ဩဂုတ် ၁၇ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ပြိုပျက်နေသော အဆောက်အအုံကြားမှ ကယ်တင်ခဲ့ကြောင်း သိရသည်။

ဒေသတွင်းမီဒီယာက ရုပ်သံဖိုင်ကို လူမှုကွန်ရက်တွင်လွှင့်တင်ခဲ့သည်။

တစ်ယောက်တည်း ထိုင်နေသော ကောင်လေးသည် ငေးငိုင်နေလျက် သွေးများဖြင့် ပေကျံနေသော လက်များဖြင့် ၄င်း၏မျက်နှာကို သုတ်နေသည့် ပုံကို တွေ့မြင်ရမည်ဖြစ်သည်။




ထိုဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် ကလေးများအပါအဝင် လူပေါင်းမြောက်မြားစွာ သေဆုံးခဲ့သည့် ဆီးရီးယားပြည်တွင်းစစ်သည် ကြောက်လန့်ထိတ်လန့်စရာဖြစ်ကြောင်း ကမ္ဘာတစ်ဝန်း တွေ့မြင်သွားခဲ့သည်။

(အင်န်အိတ်ချ်ကေ)

## ဆီးရီးယားပြည်သူများကို ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် ရုရှားတို့ ၄၈ နာရီကြာ အပစ်အခတ်ရပ်စဲပေးမည်




**အလက်ပို ဩဂုတ် ၁၉**

အလက်ပိုရှိ ဆီးရီးယားပြည်သူများကို ကူညီထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရာတွင် ရုရှားနိုင်ငံအနေဖြင့် ၄၈ နာရီကြာ အပစ်အခတ်ရပ်စဲရေးကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

မော်စကိုအနေဖြင့် လာမည့်အပတ်ထဲတွင် အစားအစာနှင့် ဆေးဝါးများ ဖြန့်ဝေပေးမည့် ကုလသမဂ္ဂအဖွဲ့များကို ထောက်ပံ့ပေးရန်အဆင်သင့်ရှိနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ အီဂေါ် ကိုနာရှန်ကော့ဗ်က ဩဂုတ် ၁၈ ရက်တွင် ပြောခဲ့သည်။

အသိမ်းပိုက်ခံ အလက်ပိုမြို့တွင် သောက်သုံးရေနှင့်ထောက်ပံ့မှုများ ပြတ်လပ်နေသော ပြည်သူ နှစ်သန်းကျော်သောင်တင်လျက်ရှိကြောင်း သိရသည်။

ရုရှားသည် အတိုက်အခံအုပ်စုများကို တိုက်ခိုက်နေသော ဆီးရီးယား သမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရတပ်ဖွဲ့များကို ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။

အလက်ပိုတွင် နေ့စဉ် သုံးနာရီကြာအပစ်အခတ်ရပ်စဲရေးကို ပြုလုပ်မည်ဖြစ်ကြောင်း လွန်ခဲ့သောအပတ်ကကြေညာခဲ့သည်။ သို့သော်လည်း ကုလသမဂ္ဂအဖွဲ့များက လုပ်ငန်းတာဝန်များကိုပြုလုပ်ရန် ထိုသတ်မှတ်ချိန်မှာ မလုံလောက်သောကြောင့် ထပ်မံတိုးမြှင့်ပေးရန် တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

(အင်န်အိတ်ချ်ကေ)

# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပစဉ် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

**နေပြည်တော် ဩဂုတ် ၁၉**

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ နှင့် Horizon Lake View Hotel တို့တွင် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါအစည်းအဝေးဖွင့်ပွဲအခမ်းအနား၊ အစည်းအဝေးကျင်းပပုံနှင့် သတင်းထုတ်ပြန်ခြင်း အခမ်းအနားများသို့ ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာသမားများအား သတင်းရယူခွင့်ပြုသွားမည် ဖြစ်ပါသည်။

အဆိုပါအခမ်းအနားများသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်းသတင်းမီဒီယာသမားများအနေဖြင့် www.aebf 2016. com သို့ ဝင်ရောက်၍ Media Registration Form ရယူဖြည့်သွင်းကာ moe.irinfo@gmail.com (သို့) ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)သို့ စက်တင်ဘာ ၁၀ ရက်နေ့နောက်ဆုံးထား ပေးပို့မှတ်ပုံတင်သွားရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားသည့် သတင်းမီဒီယာသမားများအတွက် ဝင်ထွက်ခွင့်ကတ်များကို အစည်းအဝေးကျင်းပမည့် Horizon Lake View Hotel ရှိ Media Center တွင် စက်တင်ဘာ ၁၉ ရက်မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဖုန်း ၀၆၇-၄၁၀၂၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေး-ရန်ကုန် ဒွေးလမ်းအစုန်လမ်း မြစ်ငယ်တံတားသစ်ဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၉**

မြန်မာ့မီးရထား ရန်ကုန်-မန္တလေးရထားလမ်းပိုင်းဖြစ်သော မြစ်ငယ်မြစ်ကူးမန္တလေး-ရန်ကုန် ဒွေးလမ်းပိုင်း(အစုန်လမ်း) မြစ်ငယ်တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်စွမ်းအားနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် J&M Steel Solutions မှ တာဝန်ရှိသူများက ဒွေးလမ်းရထားတံတားသစ်ကို စတင်ဖြတ်သန်းမည့် ကုန်ရထားတွဲဆိုင်း၏ စက်ခေါင်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ မန္တလေး-ရန်ကုန် ဒွေးလမ်းပိုင်းအစုန်လမ်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တံတား၏အရှည်မှာ ၇၂၁ ပေ သံမဏိသံပေါင်အမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစ်ငယ်မြစ်ကူး မန္တလေး-ရန်ကုန်အစုန်လမ်း ဒွေးလမ်းရထား တံတားသစ်တည်ဆောက်ရေးစီမံကိန်း တန်ဖိုးမှာ ငွေကျပ် ၅၅၀၆ ဒသမ ၅၉၈ သန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**(မိုး/ဇလ)**

# ပြည်သူ့စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ငါးနှစ်စီမံချက်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ယခုဘဏ္ဍာနှစ်မှစ၍ ငါးနှစ်စီမံချက်ဖြင့် ဆောင်ရွက်ရန် ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**




ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ ၊ Myanmar Book Aid & Preservation Foundation – MBAPF အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းနှင့် IREX ဒါရိုက်တာ Mr. Ari Katz တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များ သတင်းအချက်အလက်နှင့် နည်းပညာအကူအညီရရှိရေး၊ ပြည်သူ့စာကြည့်တိုက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စာကြည့်တိုက်မှူးများအား ခေတ်မီစာကြည့်တိုက်ဝန်ဆောင်မှုအတတ်ပညာများ လေ့ကျင့်ပေးရေး၊ ပြည်သူ့စာကြည့်တိုက်များတွင် အင်တာနက်တပ်ဆင်ပြီး ပြည်သူများ သတင်းအချက်အလက် လွယ်ကူစွာရရှိနိုင်ရေးနှင့် ပြည်သူ့စာကြည့်တိုက်များကို ရပ်ရွာအခြေပြု လေ့ကျင့်သင်ယူရေး ဗဟိုဌာနများဖြစ်လာစေရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါ လက်မှတ်ရေးထိုးပွဲမှ သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက "နိုင်ငံတစ်ဝန်းမှာရှိတဲ့ စာကြည့်တိုက်တွေကို ပြည်သူလူထုတွေ စိတ်ဝင်စားလာဖို့၊ အကျိုးရှိရှိ အသုံးချနိုင်လာအောင် အဆင့်မြှင့်တင်ဖို့အတွက် အခုလို နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို အခြေပြုပြီး ရွှေ့လျားစာကြည့်တိုက်တွေကိုလည်း ဖွင့်လှစ်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ စာကြည့်တိုက်ကို မလာနိုင်တဲ့သူတွေကို စာကြည့်တိုက်က လူတွေရှိရာသွားပြီး ငှားရမ်းတဲ့အဆင့်၊ စာဖတ်ချိန်ပိုမိုများလာပြီး စာမဖတ်သူမရှိရေးအထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့် တိုက်ပေါင်း ၄၁၄ တိုက် အပါအဝင် မြန်မာတစ်နိုင်ငံလုံး၌ ခိုင်မာသည့် စာကြည့်တိုက်ပေါင်း ၆၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသည့် အမေရိကန်နိုင်ငံအခြေစိုက် (Non Profit Organization) တစ်ခုဖြစ်သည့် IREX မှ ဒါရိုက်တာ Mr. Ari Katz က "၂၁ ရာစုအတွက် လူထုရဲ့လိုအပ်ချက်နဲ့ ကိုက်ညီအောင် စာကြည့်တိုက်လုပ်ငန်းစဉ်တွေကို ပြောင်းလဲဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ စတင်ပြောင်းလဲလာတဲ့ မြန်မာနိုင်ငံရဲ့ ခေတ်စနစ်နဲ့အညီ လူထုအတွက် အရေးအပါဆုံးကဏ္ဍက သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်ကဏ္ဍကို လျစ်လျူရှုထားလို့ မဖြစ်ပါဘူး။ ရှိပြီးသား စာကြည့်တိုက်တွေ ရှင်သန်အားကောင်းလာအောင် ကူညီပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ပါဝင်လက်မှတ်ရေးထိုးသည့် ( Myanmar Book Aid and Preservation Foundation – MBAPF) မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာသန့်သော်ကောင်းက "အခု ငါးနှစ်စီမံချက်အတွင်းမှာ စာကြည့်တိုက်တွေကို နည်းပညာ၊ သတင်းအချက်အလက် စတဲ့ Capacity Building တွေကို အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ စာကြည့်တိုက်တွေကို လူတွေလာချင်စိတ်ဖြစ်လာအောင် ခေတ်မီအဆင့်ထိရောက်အောင် မြှင့်တင်သွားမှာဖြစ်ပါတယ် " ဟု ဆိုသည်။

ပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် MBAPF တို့ ပူးပေါင်း၍ ပြည်သူ့စာကြည့်တိုက်များ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးမှုများအဖြစ် ၂၀၁၄ -၂၀၁၆ ခုနှစ် နှစ်နှစ်တာကာလအတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲများ၊ အိုင်စီတီ နည်းပညာ အသုံးပြုနည်းသင်တန်း၊ ဆန်းသစ်တီထွင်သော စာကြည့်တိုက်မှူးများ ခေါင်းဆောင်မှုသင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။

**သတင်း - နန္ဒာဝင်း ၊ မြတ်စန္ဒီ**

**ဓာတ်ပုံ - ဇော်မင်းလတ်**

*✻ ကျောဖုံးမှ*

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် သုံးလက်မ ၇၇ မီလီမီတာနှင့်အထက် ရွာသွန်းနိုင်သည်။

လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေ ရုတ်တရက်မြင့်တက်လာနိုင်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# မလေးရှားနိုင်ငံမှ စတုတ္ထအကြိမ် ပြန်လည်ခေါ်ယူသည့် မြန်မာအလုပ်သမား ၁၃၇ ဦး MAI လေယာဉ်ဖြင့် ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသား ၁၃၇ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မလေးရှားနိုင်ငံမှ ယနေ့ ညပိုင်းတွင် စတုတ္ထအကြိမ် ပြန်လည်ခေါ်ဆောင်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံသား ၁၃၇ ဦးအား လေယာဉ်ဖြင့် အခမဲ့ပို့ဆောင်နိုင်ရေး လှူဒါန်းခဲ့ပြီး ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယနေ့ည ၈နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်ပေးခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကာကွယ်ရေးဝန်ကြီးဌာန တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုပ်သမားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ နေရပ်ပြန်ပို့ရေးကော်မတီဝင်များဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ IOM ရုံးမှ တာဝန်ရှိသူများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ကမ္ဘာ့ဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ကူညီပေးပြီး ထို့အပြင် IOM အဖွဲ့က နေရပ်ပြန်ခရီးစရိတ်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့် နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကိုလည်း ခေတ္တနေရာချထားပေးခဲ့သည်။



မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမအကြိမ်တွင် ၁၃၈ ဦး၊ ဒုတိယအကြိမ် ၁၃၇ ဦး၊ ဩဂုတ် ၁၇ ရက်က တတိယအကြိမ် ၁၃၈ ဦးနှင့် ယခုရောက်ရှိသည့် ၁၃၇ ဦးအပါအဝင် စုစုပေါင်း ၅၅၀ ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မြန်မာ့အလင်း)**

# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျနိုင်

**နေပြည်တော် ဩဂုတ် ၁၉** - ယနေ့မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ပုသိမ်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်သည်။ (မိုး/ဇလ)

# ရသေ့တောင်မြို့နယ်၌ ကျောင်းကြိုပို့စက်လှေတစ်စင်းနစ်မြုပ်၊ ကျောင်းသူလေးဦးပျောက်ဆုံး



**ရသေ့တောင် ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ရန်အောင်ပြင်အထကခွဲသို့ ကျောင်းကြိုပို့ပေးနေသည့် ကုန်တန်းကျေးရွာမှ ဦးထွန်းဝင်း မောင်းနှင်သော ဟွန်ဒါအမျိုးအစား စက်တပ်ပဲ့ချိတ် ရန်အောင်ပြင်-ကုန်တန်း ဈေးကူးတို့စက်လှေသည် ကျောင်းသား ကျောင်းသူ ၁၇ ဦးကို တင်ဆောင်၍ ရန်အောင်ပြင်သို့ ချောင်းဖြတ်ကူးရာ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က ရန်အောင်ပြင်ချောင်းအတွင်း နစ်မြုပ်သွားသဖြင့် ဝိုင်းဝန်းကယ်ဆယ်ကြရာ ကျောင်းသား ကျောင်းသူ ၁၇ ဦးအနက် ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျောင်းသူလေးဦးပျောက်ဆုံးနေကြောင်း ရှေးဦးသတင်းစုံစမ်းမှုအရ သိရသည်။

ပျောက်ဆုံးသူများမှာ ကျောက်စာတိုင်ကျေးရွာတစ်ရွာတည်းမှ ဖြစ်ကြပြီး မဦးခင်ရီ(နဝမတန်း)၊ မနီနီအေး(သတ္တမတန်း)၊ မခိုင်ဖြိုးဝေ(ပဉ္စမတန်း)၊ မတင်မေဦး (ပဉ္စမတန်း)တို့ဖြစ်ကြပြီး စက်လှေမောင်းသူ ဦးထွန်းဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

"ကလေးတွေသေရတာ မတန်တဆတင်လို့သေရတာပါ။ စက်လှေက ၁၀ ဦးလောက် သာဆံ့ပါတယ်။ ၁၇ ဦးတင်ပြီးသွားတော့ ချောင်းထဲရောက်တော့ ကလေးတွေဖြစ်တာနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ရုန်းကြတော့ လှေလူးလိမ့်ပြီးနစ်မြုပ်သွားတာပါ။ ၁၃ ဦးကိုပဲ ဆယ်ယူရလိုက်နိုင်တယ်။ လေးဦးကတော့ ပျောက်ဆုံးနေတုန်းပါပဲ။ သေပြီလို့တော့ ထင်တာပေါ့။ ရှာတုန်းပါပဲ။ စက်လှေသမားကတော့ ထွက်ပြေးသွားပါပြီ"ဟု ကုန်တန်းကျေးရွာမှ ဦးစိုးဖေက ပြောပြသည်။

ရသေ့တောင်ဒုတိယမြို့နယ် ပညာရေးမှူး ဦးဦးသန်းလှိုင်ကလည်း ရန်အောင်ပြင် ကျောင်းသို့ ယင်းချောင်းကို ဖြတ်ကူးပြီး ရွာများစွာမှ ကလေးများ ကျောင်းတက်ကြကြောင်း၊ နေ့စဉ်စက်လှေဖြင့် သွားလာနေရသဖြင့် အန္တရာယ်များကြောင်း၊ စက်လှေသမားများလည်း မတန်တဆတင်တတ်ကြကြောင်း၊ ဤအခက်အခဲများကို ဖြေရှင်းပေးလိုလျှင် တံတားထိုးပေးခြင်းသည် အကောင်းဆုံးဟု မြင်ကြောင်း အနာဂတ်မျိုးဆက်များသေဆုံးရ၍ ဝမ်းနည်းမိကြောင်း ပြောပြသည်။

အခင်းဖြစ်ပွားရာသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်အမတ် ဦးသန်းနိုင်တို့ လိုက်ပါ စစ်ဆေးလျက်ရှိသည်။

ပျောက်ဆုံးနေသော ကျောင်းသူလေးဦးအား အနီးအနားကျေးရွာများမှ ရွာသူရွာသားများပါ လိုက်လံရှာဖွေနေကြကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ယခုနှစ်ဇွန် ၁ ရက်ကလည်း ပုဏ္ဏားကျွန်းမြို့နယ်၌ ကျောင်းကြိုပို့ ကူးတို့စက်လှေနစ်မြုပ်မှုကြောင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**သတင်း - ကိုကြီးစော**

**ဓာတ်ပုံ - ကိုသန်းနိုင်**

# လာဘ်ငွေ ၂၃ သိန်းကို နှစ်ကြိမ်ခွဲ၍ တောင်းယူခဲ့သည့် သထုံခရိုင် မူးယစ်အထူးတပ်ဖွဲ့မှ တာဝန်ခံဟောင်း သန်းဇော် (ဒုတိယရဲအုပ်) ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆိုအရေးယူ

**နေပြည်တော် ဩဂုတ် ၁၉**

မွန်ပြည်နယ် သထုံခရိုင် မူးယစ်အထူးတပ်ဖွဲ့မှ တာဝန်ခံဒုရဲအုပ် သန်းဇော်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/ ၂၀ ဖြင့် ကျိုက်ထိုမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူခံနေရသူ ပြစ်မှုကျူးလွန်သူ မောင်သော်ဇင်၏ အမှုအတွက် ၎င်း၏ မိဘများဖြစ်သော ဦးဝမ်စိန်နှင့် ဒေါ်သန်းသန်းဝင်းတို့ထံမှ ငွေကျပ်သိန်း ၂၀ ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် လည်းကောင်း၊ မောင်သော်ဇင်အား ပြည်မြို့ ဝက်ထီးကန်ဆေးဖြတ်စခန်းသို့ မပို့ဆောင်ရေးအတွက် ငွေကျပ်သုံးသိန်းကို ၂၀၁၄ ခုနှစ် ဇူလိုင် ၂၅ ရက်တွင်လည်းကောင်း တောင်းခံသဖြင့် ဦးခင်အောင်ဆိုသူထံမှတစ်ဆင့် ပေးခဲ့ရကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဒုရဲအုပ်သန်းဇော်အပေါ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ကျိုက်ထိုမြို့မရဲစခန်းတွင် (ပ) ၂၇၃/၂၀၁၄၊ ၂၀၁၃ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ ဖြင့် ရေးဖွင့်ထားစဉ် ဒုရဲအုပ်သန်းဇော်မှာ ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် ၁၁-၁၁-၂၀၁၄ ရက်တွင် ပြည်နယ် တရားလွှတ်တော်သို့ တရားခံပြေးမှုဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။ တရားခံပြေး သန်းဇော်သည် ထွက်ပြေးတိမ်းရှောင်နေရာမှ ၂၀၁၅ ခုနှစ် မေ ၁၀ ရက်တွင် ကရင်ပြည်နယ် သဃ်န်းညီနောင်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ဘားအံအကျဉ်းထောင်မှ မော်လမြိုင်အကျဉ်းထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားခံပြေးသန်းဇော်အား မွန်ပြည်နယ် တရားလွှတ်တော်သို့ ၂၀၁၃ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ ဖြင့် ယခုနှစ် ဩဂုတ် ၁၁ ရက်တွင် တရားစွဲဆို တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးသုံးစွဲသူများ၏ ကျူးကျော်တဲများ ဖျက်ဆီး

**တာချီလိတ် ဩဂုတ် ၁၉**

တာချီလိတ်မြို့ဝမ်ကောင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်သည့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့စစ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဩဂုတ် ၁၉ ရက်က တာချီလိတ်မြို့ မြို့မသုသာန်အတွင်း ကျူးကျော်နေထိုင်ကြသည့် အခြေအနေမဲ့များ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ကျူးကျော်တဲများအား ရှင်းလင်းဖျက်သိမ်းခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါ သုသာန်အတွင်း နေထိုင်ကြသည့် အခြေအနေမဲ့များနှင့် မူးယစ်ဆေးသုံးစွဲသူများကြောင့် ရပ်ကွက်အတွင်း တရားဥပဒေစိုးမိုးမှုအား ထိခိုက်စေလျက်ရှိရာ ယခုလို ရှင်းလင်းဆောင်ရွက်ပေးသည့်အတွက် ပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ကျေးရွာဘောလုံးပြိုင်ပွဲအားပေးစဉ် လေးခွနှင့်ပစ်သူအားအမှုဖွင့်

**ပခုက္ကူ ဩဂုတ် ၁၉**

ပခုက္ကူမြို့နယ် ကွန်းကျေးရွာရှိ ပေါ်တော်မူ မြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းချပွဲတော်တွင် ကျေးရွာဘောလုံးပြိုင်ပွဲကျင်းပရာ ရဲမင်းသန်း (၂၉)နှစ် ရွှေတန်းတစ်ကျေးရွာ ပခုက္ကူမြို့နယ်နေသူသည် ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက တစ်ရွာတည်းနေ ကိုရွှေဖောင်း၊ ထွန်းထွန်းလင်း၊ သောင်းဌေးတို့နှင့်အတူ ကွန်းကျေးရွာအသင်းနှင့် ဆင်မင်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်သည့် ဘောလုံးပွဲကြည့်နေစဉ် ညနေ ၆ နာရီခွဲ၌ ဘောလုံးပွဲပြီးဆုံးပြီး သရေကျသဖြင့် ပယ်နယ်တီကန်ရန် နစ်သင်းနားနေချိန် ဆင်မင်းရွာသားများက ခဲနှင့် ပစ်ပေါက်သဖြင့် အတူပါလာသော ရွာသားများနှင့် ထွက်ပြေးကြရာ ဖုန်းမြင့်နိုင်(၂၃နှစ်)၊ ဆင်မင်းကျေးရွာနေသူက လေးခွနှင့်ပစ်သဖြင့် ရဲမင်းသန်းတွင် ယာမျက်လုံး စုတ်ပြဲ (စိုးရိမ်ရ)ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လေးခွနှင့်ပစ်သူ ဖုန်းမြင့်နိုင်အား ပခုက္ကူမြို့နယ် ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု၊ အမှတ် ၈၅၈၊ အလုပ်ရုံတပ်ခွဲ (လျှပ်/စက်)နေ ဦးအောင်သီဟကျော် ၉/အမရ(နိုင်) ၀၉၇၂၆၁နှင့် ဦးအောင်ထက်ခေါင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်သီဟကျော်(ခ)ဦးအောင်ထက်ခေါင် ၉/အမရ (နိုင်) ၀၉၇၂၆၁**

**အလိုရှိသည်**

စိုက်ပျိုးဝါသနာပါ ခြံသမား ကျား(၁) မှတ်ပုံတင်ရှိရမည်။ စရိတ်ငြိမ်း ငါးသောင်း

**ဖုန်း-၀၉-၉၆၉၁၂၁၅၃၂ (ရုံးချိန်)**

**ဖခင်အမည်မှန်**

သထုံမြို့နယ်၊ အလက (ခွဲ) ကြက်တူ ရွေးသောင်ကျောင်း သတ္တမတန်းမှ မခင်သော်တာ၏ ဖခင်အမည်မှန်မှာ ဦးစိန်သောင်း ၁၀/ သထန (နိုင်)၁၈၇၈၃၇ ဖြစ်ပါကြောင်း။

**ဦးစိန်သောင်း**

**ဖခင်အမည်မှန်**

ကော့ကရိတ်မြို့နယ်၊ မြောက်ကြာအင်း ကျေးရွာနေ မစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်တင် ၃/ကကရ(နိုင်) ၀၄၀၀၀၅ ဖြစ်ပါကြောင်း။

**ဦးမြင့်တင်**

**ယာဉ်မောင်းအလိုရှိသည်**

ရန်ကင်း-တောင်ဥက္ကလာပနေသူ ဦးစားပေးမည်။

လစာ-၂၀၀၀၀၀/-၂၅၀၀၀၀/-

ဖုန်း-၀၉-၉၇၁၈၉၉၉၁၅

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့၊ မင်းရဲကျော်စွာ လမ်းနေ ဦးဟန်သောင်း ၁၄/ပသတ(နိုင်) ၀၈၅၉၀၃၏ ဖြိုးရတနာ ရညန/ဇရော ၁၂၀ ရေယာဉ်လိုင်စင်ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဟန်သောင်း**

**ရွှေကံမြေ**

**အိမ်ပြောင်း၊ အိမ်ရွှေ့**

မြို့တွင်း၊ နယ်ဝေး

**ဖုန်း-၀၉-၄၂၁၁၃၅၆၀၀၊ ၀၉-၉၆၅၀၃၃၇၃၄**

**ကားငှားလိုသည်**

Toyota Alphard, Mark II ရွှေငါး၊ Crown၊ Hiace ကားအမြန်ငှားလိုသည်။ ကားပိုင်ရှင်များဆက်သွယ်ပါ။

**ဖုန်း-၀၉-၇၃၁၆၀၇၇၁၊ ၀၉-၅၀၆၇၀၇၂၊ ၀၉-၅၁၁၇၆၄၅**

**ပျောက်ဆုံးကြောင်း**

ဒေါ်မေသဇင်သော် ၉/ပကခ (နိုင်) ၂၁၃၃၇၂ Daihatsu Hijet ကား၏ ပါမစ်ပြင်ဆင်ချက် Nissan Vanette မှ Toyota Townace သို့ ပြောင်းသော အမန်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၂၅၂၀၉၃၃၉၃၊ ၀၉-၄၂၀၇၆၂၃၂၀**

**ပျောက်ဆုံး**

Plant Engineering Design Co.,Ltd အမည်ဖြင့် ထုတ်/သွင်းကုန် IL3/15-16/ 1240(25-06-15), ID No.517025 (29-06-15) မူရင်း စာရွက်နှင့် ID No.917823 (08-02-16) အတွက် IL3/15-16/3828 လိုင်စင်မူရင်း ပျောက်ဆုံးသွားပါ၍ ဖုန်း-၀၉-၇၉၁၅၄၅၂၆၅၀ သို့ ဆက်သွယ်ပါရန်။

**အများသိစေရန်အသိပေးကြေညာခြင်း**

"ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးတောင်ရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ (၄)ခန်းတွဲ (၄)ထပ်တိုက်ရှိ(ပထမထပ်)အခန်း၊ တိုက်အမှတ်(၇)၊ အခန်းအမှတ် (၁၃)၊ ကြမ်းခင်းဧရိယာ အကျယ်အဝန်း(၁၀၁၉) စတုရန်းပေရှိ ရေမီးစုံ ပါဝင်သော တိုက်ခန်းအင်္ဂါရပ်နှင့် ပြည့်စုံသည့်တိုက်ခန်း" ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ တိုက်ခန်းအမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်ရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိအိမွန် အထက်တန်းရှေ့နေ(စဉ်-၄၁၂၁၁)**

**အမှတ် ၃၊ ပထမထပ်၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၀၅၁၀၈၅၊ ၀၉-၇၃၀၁၅၇၈၅၊ ၀၉-၄၂၁၀၂၆၉၀၄**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဝက်လက်မြို့နယ်တရားမရုံး၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅**

ဒေါ်မျိုးသီတာဦး **နှင့်** ၁။ ဦးဝင်းတင် ၂။ ဒေါ်မြင့်မြင့်ကြူ

**တရားလို** **တရားပြိုင်များ**

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဦးဝင်းတင်(ဘ)ဦးဌေးရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဒေါ်မြင့်မြင့်ကြူ(ဘ)ဦးဌေးရ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဒေါ်မျိုးသီတာဦး(ဘ)ဦးညိုဝင်းက သင့်အပေါ်တွင် စိုက်ပျိုးစရိတ်ချေးငွေ (၇၃၁၅၆၅/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဩဂုတ် ၂၉ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်သန်း)**

**မြို့နယ်တရားသူကြီး**

**ဝက်လက်မြို့နယ်တရားရုံး**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ဝက်လက်မြို့နယ်တရားမရုံး၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၆**

ဦးထွန်းအောင် **နှင့်** ၁။ ဦးဝင်းတင် ၂။ ဒေါ်မြင့်မြင့်ကြူ

**တရားလို** **တရားပြိုင်များ**

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဦးဝင်းတင် (ဘ)ဦးဌေးရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဒေါ်မြင့်မြင့်ကြူ(ဘ)ဦးဌေးရ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဝက်လက်မြို့နယ်၊ အင်းဘဲကြီးကျေးရွာနေ ဦးထွန်းအောင် (ဘ)ဦးဌေးလှိုင်က သင့်အပေါ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ၆၀၄၃၃၃/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၉ ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်သန်း)**

**မြို့နယ်တရားသူကြီး**

**ဝက်လက်မြို့နယ်တရားရုံး**

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၁.၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၈၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၆၀' |
| ၄။ | ပသိရေလှောင်တမံ | ပဲခူး- တောင်ငူ | ၃၀၅၀၀ | ၀.၃၀' |
| ၅။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၄၀' |
| ၆။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၄၀' |
| ၇။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၆၀' |
| ၈။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၉။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၁၀။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၂၀' |
| ၁၁။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၁.၁၅' |
| ၁၂။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၄၀' |
| ၁၃။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၅၀' |
| ၁၄။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၁၀' |
| ၁၅။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆.၃၀' |
| ၁၆။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၇။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇.၄၀' |
| ၁၈။ | မဒေးရေလှောင်တမံ | မကွေး-ကံမမြို့ | ၅၃၉၀၈ | ၀.၂၀' |
| ၁၉။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၅၀' |
| ၂၀။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၂၅၂၀၅ | ၀.၅၀' |
| ၂၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၇၀' |
| ၂၂။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀.၆၀' |
| ၂၃။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၅၀' |
| ၂၄။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၆၅' |
| ၂၅။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ - အင်္ဂပူမြို့ | ၄၀၄၈၇ | ၀.၂၀' |
| ၂၆။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၂၀' |

(သတင်းစဉ်)

# မွန်ပြည်နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ငွေကျပ်သိန်း ၁၀၀၀ လှူ

**သထုံ ဩဂုတ် ၁၉**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) သည် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ယနေ့အထိ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် စုစုပေါင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခု၏ အစိုးရအဖွဲ့ဝန်ကြီးချုပ်များထံသို့ အလှူငွေကျပ် သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၃၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၃ ခုမြောက် လှူဒါန်းမှုအဖြစ် မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံးခန်းမ၌ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက အလှူငွေပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သဲနိုင်ဦး(မြန်မာစာ)**

# နာဂဒေသအတွက် လှူဒါန်းသည့်ပစ္စည်းများ မုံရွာမြို့ချင်းတွင်းဆိပ်ကမ်းမှ အမြန်ရေယာဉ်များဖြင့်ပို့ဆောင်

**မုံရွာ ဩဂုတ် ၁၉**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လှူဒါန်းသည့် ပစ္စည်းများကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက ခန္တီးမြို့သို့ပေးပို့နိုင်ရေး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း အုန်းပင်ဆိပ်တွင် အမြန်ရေယာဉ်ပေါ်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"ကလေး/လူကြီးဝတ် ခေါင်းစွပ်ပါ အနွေးထည် ၃၅၀၀၊ အိမ်ထောင်စု ၂၀၀၀ အတွက် ပစ္စည်းကိုးမျိုးပါ စားနပ်ရိက္ခာထုပ် ၂၀၀၀၊ နာဂဒေသ ရင်သွေးငယ်လေးတွေအတွက် PEP နို့မှုန့်ထုပ် အထုပ် ၂၀ ပါ ပါကင်ထုပ် ၃၅၀၀ နှင့် ငါးသေတ္တာဘူးသေး ၁၀၀ ပါ ပီနံအိတ်ပိုင်းလေးလုံးပစ္စည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နာဂဒေသသို့ ပို့ဆောင်နိုင်ရေး အမြန်ရေယာဉ်ပေါ်သို့ တင်ဆောင်လျက်ရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက လှူဒါန်းသည့် ပစ္စည်းများကို ချင်းတွင်းမြစ် မုံရွာဆိပ်ကမ်းမှ ခန္တီးမြို့အထိ အမြန်ရေယာဉ်များဖြင့် ပို့ဆောင်မည်ဖြစ်ကာ ခန္တီးမြို့မှတစ်ဆင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာများအထိ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




**ဖခင်အမည်မှန်**

ပုဏ္ဏားကျွန်းမြို့နယ်၊ ပြိုင်းတောင်ကျေးရွာနေ မစန်းစန်းဝေ၊ မသန်းသန်းဝေ၊ မသွယ်သွယ်ခိုင်၊မမြတ်စုဝေနှင့် မအေးမြတ်သွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျန်သိန်း(ခ) ဦးစံသိန်းချေ ၁၁/ပဏတ(နိုင်)၀၄၀၆၇၃ ဖြစ်ပါကြောင်း။

**ဦးမောင်ကျန်သိန်း(ခ) ဦးစံသိန်းချေ**

**အမည်ပြောင်း**

ဦးမောင်ဘစိန်၏ သား ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်း အလက၊ ပဥ္စမတန်းမှ မောင်နိုင်ထက်ရွှေအား မောင်ထက်ရွှေဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ရွှေ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မျိုးစေ့ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း

(ခ) သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန် ၁၉-၈-၂၀၁၆ရက် မှ ၂-၉-၂၀၁၆ရက်ထိ

(ခ) တင်ဒါတင်သွင်းရန် ၉-၉-၂၀၁၆ရက် ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၃၃၃၆၉၈၁၁

**တိုင်းစိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

**ရန်ကုန်တိုင်းဒေသကြီး**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဈေးပြိုင်လေလံ(၄/၂၀၁၆)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ဘုရား ဝတ္တကမြေရှိ ကမ်းနားစားသောက်ဆိုင်အား ဈေးပြိုင်လေလံဖြင့် ငှားယူလိုသူများသည် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၆ ရက် (သောကြာနေ့)၊ ညနေ ၃ နာရီ၌ ဂေါပကအဖွဲ့ရုံးတွင် လေလံဆွဲယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့၊ စိုက်ပျိုးရေးသိပ္ပံကျောင်းဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) စာသင်ဆောင်(၂ထပ်ဆောင်)RCC ၁ ဆောင်
(၁၇၀×၃၆×၂၁)ပေ ရေ/မီးအပါအဝင်

(၂) အရာထမ်းအိမ်ရာ (RC) နှစ်ခန်းတွဲ ၁ ဆောင်
(၅၀×၄၃×၂၃)ပေ ရေ/မီးအပါအဝင်

(၃) ခြံစည်းရိုးကာရံခြင်း (၁၀၀၀၀×၅)ပေ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရန် ၁၉-၈-၂၀၁၆ရက်မှ၂-၉-၂၀၁၆ရက်အထိ

(ခ) တင်ဒါတင်သွင်းရန် ၉-၉-၂၀၁၆ ရက် ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၆၂၀၇၊ ၀၉-၃၃၃၆၉၈၁၁

**တိုင်းစိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

**စိုးဇင်စာပေ၏စာအုပ်အမှတ် (၂၄)**




**ဒေါက်တာ စိုးလှိုင်**
**တိတ်တိတ်ပုန်း**
**အပျိုစင် သို့မဟုတ်**
**လျှို့ဝှက် အိမ်ထောင်ရှင် နှင့်**
**စပ်စပ်စုစု ဆန်းဆန်းပြားပြား**
**"မ"တို့ရဲ့မေးခွန်းများ**
**ထွက်ပြီ**
**Tel:**
**01 228297,**
**09 5049783,**
**09 450040767**

**အမည်ပြောင်း**

ဦးဦးစံထွန်း၏ သား ပုဏ္ဏားကျွန်းမြို့နယ်၊ သင်ပုန်းတန်း အလက၊ စတုတ္ထတန်းမှ မောင်မြင့်အေးအား မောင်မြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ကျော်**

**ပျောက်ဆုံးကြောင်း**

Main Better Co., Ltd. ၏ ကုမ္ပဏီလိုင်စင်အမှတ် ၂၄၄၀/၂၀၁၄-၂၀၁၅ မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁ ၆၅၀၅၄၆

**THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:**

**1. ASSISTANT DIRECTOR ASEAN CONNECTIVITY**

**2. ASSISTANT DIRECTOR PROGRAMME COOPERATION & PROJECT MANAGEMENT DIVISION**

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

# စိတ်၏အမှား

**ရဲရဲ(ပျဉ်းမနား)**

"စိတ်" ဆိုသည့်အရာမှာ လက်တွေ့ပြလို့မရသလို ဆင်ခြင်စရာ အကောင်းဆုံးအရာတစ်ခုဆိုလျှင် မမှားပေ။ စိတ်ကို လူတိုင်းမမြင်နိုင်သော်လည်း စိတ်၏အင်အားမှာ အင်မတန်ကြီးမားကြောင်း လူတိုင်းသိနိုင်သည်။ စိတ်မှာ ပညတ်ချက်များ ရှိသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ မစ္ဆရိယစိတ်စသည်ဖြင့်ဖြစ်သည်။ မိမိတိုးတက်သာယာရေးကိုမျှော်တွေး၍ ကာမဂုဏ် အာရုံငါးပါးကိုတပ်မက်လိုချင်သည့်ဆန္ဒသည်'လောဘ' ဖြစ်ရသည်။ လိုချင်သည်ကို မရလျှင် စိတ်ဆိုးခြင်းဖြင့် ဒေါသဖြစ်ရသည်။ လိုချင်တိုင်းရပြန်သော်လည်း ခံစားသောလောဘအပြင် ထပ်၍ထပ်၍ လိုချင်သောလောဘနှင့် စိတ်ကြီးဝင်သောမာန ဖြစ်တတ်သည်။ ဤသို့လိုချင်စရာကောင်းသော လောကီအာရုံကာမဂုဏ်စည်းစိမ်များကို အပြိုင်အဆိုင်ရှာဖွေကာကိုယ့်ထက်သာနေသူ၊ ကိုယ့်ထက်ကြီးပွားနေသူများကို တွေ့သည့်အခါ "မနာလို" သည့်"ဣဿာစိတ်"ဖြစ်လာစေသည်။ ထိုမှတစ်ဆင့် ကိုယ့်မှာရှိသော ပညာ၊ စည်းစိမ်ဥစ္စာပိုင်ဆိုင်သော ငွေကြေးနေကဲ့သို့ အခြားသောသူများပိုင်ဆိုင်လာမှာကို ဝန်တိုသော"မစ္ဆရိယ"စိတ်ဖြစ်ပေါ်လာပေသည်။ ထိုစိတ်များကြောင့် ရန်လိုခြင်း၊ ရန်ငြိုးထားခြင်း၊ လက်စားချေခြင်း၊ မုန်းတီးခြင်း၊ တိုက်ခိုက်ခြင်းများ ဖြစ်ပေါ်စေသည်။ ဗုဒ္ဓတရားတော်တွင် 'နဟိဝေရ- နဝေရာနိ 'ရန်ကိုရန်ချင်းမတုံ့လျှင်းနှင့်' ဟုဆိုသည့်အတိုင်းလောဘ၊ ဒေါသ၊မာန၊ ဣဿာ မစ္ဆရိယစိတ်များကင်းနိုင်ရန် အရေးကြီးပေသည်။

လောဘ၊ ဒေါသ၊ မာန၊ မစ္ဆရိယစိတ်တို့သည် မြူမှုန်များနှင့် အလားသဏ္ဍာန်တူသည်၊ ပညာရှိသူတော်ကောင်းတို့၏ အဆုံးအမကြောင့်ရရှိသော "အသိဉာဏ်"သည် မျက်စိနှင့်တူသည်၊ ကြည်လင်သောမျက်စိကို မြူမှုန်များကပ်ဝင်လျှင် အမြင်အာရုံညံ့နေမည်၊ မြူမှုန်များနည်းပါးပျောက်ကွယ်သွားပါမှ အမြင်အာရုံကြည်လင်ကောင်းမွန်လာပေမည်၊ ဤသို့ပင် စိတ်ကြောင့်ပေါ်ပေါက်လာသော လောဘ၊ ဒေါသ၊ မာန၊ မစ္ဆရိယစသည့် မြူမှုန်များပျောက်ကွယ်သွားလျှင် မိမိ၏စိတ်မှာ ဖြူစင်သန့်ရှင်းကြည်လင်လာပေမည်။

စိတ်ကို လူတွေမထိန်းနိုင်ရင် စိတ်က လူတွေကို လွှမ်းမိုးသွားတတ်သည်။ စိတ်ကြောင့် အမှားများမှားတတ်သည်။ အမှားများမှ ပြင်ဆင်မရသည့် အမှားများမမှားအောင် အထူးဂရုစိုက်သင့်သည်။ စက္ကန့် ပိုင်း၊ မိနစ်ပိုင်းအတွင်း အမျိုးမျိုးပြောင်းလဲနေသည့်စိတ်ကြောင့် လူ့လောကတွင် လူအများ အမှားပေါင်းများစွာ ကျူးလွန်နေတတ်ကြသည်။ ထိုစိတ်ကို မထိန်းသိမ်းနိုင်ခဲ့လျှင် "စုတ္တ"ဟုခေါ်သည့်လွန်ကျူးခြင်း အမျိုးမျိုးဖြစ်တတ်လာသည်။ "ဣတ္ထိစုတ္တ" မေထုန်ခံစားပျော်ပါးမှု၌ လွန်ကျူးခြင်းမျိုး၊ "သုရာစုတ္တ"မူးယစ်ဆေးဝါး၊ အရက်သေစာသောက်စားမှု၌ လွန်ကျူးခြင်းမျိုး စသည်များ ဖြစ်တတ်လာသည်။ ထိုသို့ လွန်ကျူးခြင်းကဲ့သို့အမှားမျိုးမဖြစ်စေရန် စိတ်ကိုတတ်နိုင်သလောက်ထိန်းပြီးမှ အမှားနည်းသထက်နည်းအောင် ကြိုးစားရပေမည်။ လုံးဝမမှားအောင်လုပ်ဆောင်သည့်သူ၊ စိတ်ကိုအမြဲထိန်းချုပ်ထားနိုင်မည့်သူ ရာခိုင်နှုန်းအားဖြင့် နည်းလှပါသည်။ အမှားများဖြစ်မလာအောင် စိတ်ကိုထိန်းပြီးပြင်ဆင်မည်ဟု ကြံရွယ်ထားသော်လည်း လူအများစုသည် လုပ်ငန်းကိုယ်စီလုပ်ကိုင်နေသူများဖြစ်၍ အလုပ်လုပ်နေစဉ် အမှားများဖြစ်ပေါ်လာတတ်ပါသည်။ ဤသို့ဖြစ်ပေါ်လာသည့်အခါ အမှားကိုရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး နောက်တစ်ကြိမ်မမှားနိုင်အောင် ပြင်ဆင်သွားရန်လိုသည်။ "တစ်ကြိမ်တစ်ခါမှားခြင်းသည် နောက်တစ်ကြိမ်မမှားရန်" သင်ခန်းစာတစ်ခုဖြစ်ပေသည်။

**အမှားများဖြစ်မလာအောင် စိတ်ကိုထိန်းပြီး ပြင်ဆင်မည်ဟု ကြံရွယ်ထားသော်လည်း လူအများစုသည် လုပ်ငန်းကိုယ်စီလုပ်ကိုင်နေသူများဖြစ်၍ အလုပ်လုပ်နေစဉ် အမှားများဖြစ်ပေါ်လာတတ်ပါသည်**

ထို့ကြောင့် စိတ်ကိုဦးစားမပေးဘဲ မိမိပင်ကို အသိဉာဏ်ကိုသုံး၍ ဆင်ခြင်တုံတရားဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်သွားမည်ဆိုပါက အောင်မြင်မှု တစ်ခု လက်ဝယ်ရရှိနိုင်မည်ဖြစ်သလို စိတ်၏ အမှားတစ်ခုကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လွန်ကျူးမိပါက မဆုံးနိုင်သော အမှားများစွာနှင့်တွေ့ဆုံပြီး ဘဝတစ်လျှောက်တွင် ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရမည်မဟုတ်ပါလား။

## ဦးပိန်တံတားပေါ် ဈေးရောင်းချသူများအား အသိပညာပေးဆွေးနွေးမှုများပြုလုပ်သွားမည်ဟုဆို



**မန္တလေး ဩဂုတ် ၁၉**

ဦးပိန်တံတားပေါ်ရှိ အများပြည်သူ အပန်းဖြေအနားယူရန် တည်ဆောက်ထားသောဇရပ်များပေါ်တွင် ရောင်းချနေကြသည့် ဈေးသည်များအားဥပဒေ အရအရေးယူမှုများ လုပ်ဆောင်ခြင်းထက် အသိပညာပေးဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ကာ စည်းကမ်းတကျ ရောင်းချနိုင်ရန် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"ဇရပ်တွေ တည်ဆောက်တဲ့အခါမှာ သူ့နေရာနဲ့သူ ဇရပ်ယဉ်ကျေးမှုဆိုတာ ရှိပါတယ်။ ဇရပ်ဆိုတာ ဈေးရောင်းတဲ့နေရာမဟုတ်တဲ့အတွက် ဒါကိုလိုက်နာဖို့လိုပါတယ်။ ကျွန်တော်တို့က ဥပဒေနဲ့ အရေးယူလို့ရပေမယ့် အသိပညာပေးဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ဩဂုတ် ၁၁ ရက်က ဦးပိန်တံတားပေါ်ရှိဇရပ်များတွင် ဈေးမရောင်းချရန် တားမြစ်ချက်များ ထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် အဆိုပါဈေးသည်များနှင့် တောင်မင်းကြီးကျောင်းတိုက်၌ တွေ့ဆုံပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဈေးသည်များကလည်း ၎င်းတို့၏နေ့စဉ်စားဝတ်နေရေးသည် ဦးပိန်တံတားကြီးပေါ်တွင် အဓိကအားကိုးမှီခိုနေရသည့်အတွက် စည်းကမ်းတကျ ရောင်းချမည်ဆိုပါက ဆက်လက်ခွင့်ပြုပေးစေလိုကြောင်း တောင်းဆိုခဲ့ကြသည်။

"ဆိုင်ခန်း အတည်တကျမရှိတဲ့အတွက် ဒီတံတားပေါ်မှာမရောင်းရရင် နေ့စဉ် စားဖို့နဲ့ ကလေးတွေပညာရေးမှာ အခက်အခဲတွေဖြစ်ကုန်မှာပါ။ ကျွန်မတို့ ဈေးသည်တွေကလည်း ကျေးဇူးရှင် ဒီတံတားကြီးကို ဝိုင်းဝန်းစောင့်ရှောက်ပေးနေပါတယ်။ ဒါကြောင့် ဇရပ်ထဲမှာ မရောင်းဘူး တံတားပေါ်မှာတော့ စည်းကမ်းတကျရောင်းချခွင့်ပြုပေးဖို့တောင်းဆိုပါတယ်"ဟု ဈေးသည်တစ်ဦးဖြစ်သူ မတင်တင်ရီက ပြောသည်။

ထို့ပြင်အမရပူရမြို့နယ်သည် အင်းဝမြို့ဟောင်းနှင့် မန္တလေးမြို့တော်၏အလယ်တွင်တည်ရှိပြီး ကျောက်ခေတ်သာမက ကြေးခေတ်၊ သံခေတ်များထွန်းကားခဲ့ရာ ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ကြီးဖြစ်သည့်အတွက် ဒေသခံပြည်သူများ၊ ဈေးရောင်းချနေသူများနှင့် NGO အဖွဲ့အစည်းများမှ ရှေးဟောင်းသုတေသနနှင့်ပူးပေါင်းကာ သမိုင်းတန်ဖိုးကြီးမားသည့်နေရာတစ်ခုအဖြစ်ပေါ်ပေါက်လာစေရန်ဝိုင်းဝန်းထိန်းသိမ်းပေးကျစေလိုကြောင်း တောင်သမန်အင်းရှိ ငှက်လှေအသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိအခြေအနေတွင် ဇရပ်များပေါ်ဈေးရောင်းချသူများ နည်းပါးသွားကြောင်းနှင့် မကြာမီကာလအတွင်း ကောက်ယူထားသည့် တံတားပေါ်ဈေးရောင်းချသူများစာရင်းအတိုင်း သင့်တော်ရာနေရာများတွင် ရောင်းချနိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဗျတ္တပန်းဆက်လမ်းတစ်လျှောက် ပျက်စီးနေသည့်နေရာများအား ပြန်လည်ပြုပြင်

**ညောင်ဦး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဒေသခံပြည်သူများနှင့် ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားဧည့်သည်များ ဗျတ္တပန်းဆက်လမ်းမှ ကူးလူးဖြတ်သန်းသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာအသုံးပြုနိုင်ရေးအတွက် ရည်ရွယ်၍ ဩဂုတ် ၁၀ ရက်ကစတင်ကာ ဗျတ္တပန်းဆက်လမ်း မိုင်တိုင်အမှတ်(၈/၃)မှ မိုင်တိုင်အမှတ်(၁၀/၃)ကြားရှိ မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေသည့် ကတ္တရာလမ်းအရှည်ပေနှစ်မိုင်ခန့်အား အသစ်တစ်ဖန် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုလက်ရှိအနေထားအထိ အရှည်ပေနှစ်မိုင် ကတ္တရာထပ်ပိုးလွှာခင်းတဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုက ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပါပြီ။ မိုးတွင်းကာလဖြစ်တဲ့အတွက် မိုးကလည်း ခဏခဏရွာနေတော့ ကတ္တရာထပ်ပိုးလွှာခင်းတဲ့လုပ်ငန်းဆောင်ရွက်ရတာ အခက်အခဲလေးတွေဖြစ်ပါတယ်။ ဒါပေမယ့် သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းတွေ အမြန်ပြီးစီးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်ပန်းတောင်းမြို့နယ် လမ်းတံတားပြုပြင်တည်ဆောက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြကြောင်း သိရသည်။

**ရဲရင့်သွေး(ပြန်/ဆက်)**



## သရက်မြို့နယ်အတွင်း ရေနံရှာဖွေရေးပြုလုပ်မည့်ကုမ္ပဏီမှ ဒေသခံပြည်သူများအား လုပ်ငန်းရှင်းလင်း

**သရက် ဩဂုတ် ၁၉**

သရက်မြို့နယ်အတွင်း တည်ရှိသည့် လုပ်ကွက်အမှတ် MOGE-3 တွင် ထိုင်းနိုင်ငံ PTTEP SA Ltd ကုမ္ပဏီမှ ရေနံရှာဖွေရေးလုပ်ငန်း အစီအစဉ်များကို ဌာနဆိုင်ရာများနှင့် ရေနံရှာဖွေရေးလုပ်ငန်းများဆောင်ရွက်မည့် သက်ဆိုင်ရာဒေသများမှ ပြည်သူလူထုများသို့ ချပြ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်က ကျင်းပသည်။

PTTEP ကုမ္ပဏီနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက PTTEP ကုမ္ပဏီနှင့် ပတ်သက်သည့် ရေနံရှာဖွေရေးနှစ်ဖက်မြင်/သုံးဖက်မြင် ဆိုက်စမစ်လုပ်ငန်းများ၊ သီးနှံလျော်ကြေးကိစ္စများ၊ လမ်း၊ တံတားကိစ္စရပ်များ၊ မိုင်းခွဲခြင်းကိစ္စရပ်များကို ပရိုဂျက်တာများဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်နှင့် တက်ရောက်လာသူများက သိလိုသည်များမေးမြန်းရာ PTTEP ကုမ္ပဏီမှတာဝန်ရှိသူများက ဖြေကြားခဲ့သည်။ ကုမ္ပဏီမှ သရက်မြို့နယ် ရေဘေးသင့်ပြည်သူများကို ဆန်၊ ခေါက်ဆွဲခြောက်၊ အသက်ကယ်အင်္ကျီများလှူဒါန်းရာ မြို့နယ်မှတာဝန်ရှိသူများက လက်ခံခဲ့သည်။ ဆိုက်စမစ်လုပ်ငန်းကို စက်တင်ဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



## ရေဘေးသင့်ပြည်သူများအား ငွေနှင့်အဝတ်အထည်များ လာရောက်ထောက်ပံ့

**ရေစကြို ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာမှ ရေဘေးသင့်ပြည်သူများအား မူဆယ်ခရိုင် မူဆယ်မြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟစေတနာ ပရဟိတအသင်းမှ ဩဂုတ် ၁၇ ရက်က ငွေနှင့် အဝတ်အထည်များ လာရောက်ထောက်ပံ့ခဲ့သည်။

အဆိုပါအသင်းဥက္ကဋ္ဌ ဦးမျိုးခိုင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၈ ရက် နံနက်တွင် ဇရပ်နီကျေးရွာသို့ရောက်ရှိလာပြီး ကမ်းပြို၍ နေအိမ်များရွှေ့ပြောင်းခဲ့ရသည့် အိမ်ထောင်စု ၂၃ စုအတွက် တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှင့် အဝတ်အထည်များ လာရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူနေအိမ်များ မရွှေ့ပြောင်းရသေးသည့် ရေဘေးဒဏ်ခံခဲ့ရသော အိမ်ထောင်စု ၂၃၃ စုအတွက်ကိုလည်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့် အဝတ်အထည်များကို လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်က ပြောကြားကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# အလောင်းတော်ကဿပစံကျောင်းတော်သို့သွားသည့်လမ်းတွင် အရိပ်ရသစ်ပင်မျိုးစုံ စိုက်ပျိုး

**ပုလဲ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်အတွင်းရှိ ရွှေဆံပင်တံတားလမ်းဒေသ အလောင်းတော်ကဿပစံကျောင်းတော်သို့ သွားသည့် လမ်းဘေး၌ ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လနှင့်အကျိုးတော်ဆောင်အဖွဲ့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးကို ဦးတည်၍ ကျွန်းနှင့် အရိပ်ရသစ်ပင် တစ်သောင်းကျော်ကို ဩဂုတ် ၁၇ ရက်က စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲ၌ ရွှေဆံပင် ဆရာတော်နှင့် လမ်းတံတားအကျိုးတော်ဆောင် ဆရာတော်များ၊ ပုလဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ ယင်းမာပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ယင်းမာပင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ ရွှေဆံပင်ပညာဒါနကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၀၀ ကျော်က ကျွန်းနှင့်အရိပ်ရသစ်ပင်မျိုးစုံ တစ်သောင်းကျော်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးနှင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲ ရခိုင်ပြည်နယ်၌ကျင်းပ

**စစ်တွေ ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲကို ဩဂုတ် ၁၇ ရက်က စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးများတက်ရောက်ပြီး အများပြည်သူတို့ တက်ရောက်လေ့လာကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာက အမှာစကားပြောကြားသည်။ ထို့နောက် "အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ သတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်လာပြီး အာဟာရပြည့်ဝကျန်းမာစေတဲ့ အသိပညာ၊ အမူအကျင့်များပိုမိုကောင်းမွန်မှန်ကန်လာစေပါတယ်" စသည်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သည့်အမှာစကားကို ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က ဖတ်ကြားပေးသည်။

ထို့နောက် ၎င်းရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ်ဆောင်ရွက်ခဲ့သော စာစီစာကုံး၊ ကဗျာ၊ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင်ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲဆုရရှိသူ မိခင်ကိုးဦးအားဆုများ ချီးမြှင့်ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်အခမ်းအနားတက်ရောက်လာသူများက ဗီတာမင်အေဆေးလုံးတိုက်ကျွေးပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အခမ်းအနားတွင် အိုင်အိုဒင်းဆားစမ်းသပ်မှု လက်တွေ့သရုပ်ပြခြင်း၊ အာဟာရပညာပေးပြခန်းများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်းကိုဆောင်ရွက်ပေးရာ ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူတို့ တက်ရောက်လေ့လာကြကြောင်း သိရသည်။

**သတင်း-ကိုကြီးစော၊ ဓာတ်ပုံ-ဇရုံကာသား**

# ဖျဲလ်ကျင်းသံပေါင် ဘေလီတံတားပြန်လည်ပြုပြင်ပြီးစီး

**တွန်းဇံ ဩဂုတ် ၁၉**

ချင်းပြည်နယ် တီးတိန်-တွန်းဇံ-ကျီခါးလမ်းမပေါ်မိုင်တိုင်အမှတ် (၁၉/၁-၂) ကြား ဆောက်လုပ်ထားသော ဖျဲလ်ကျင်းယာယီ ဘေလီသံပေါင် တံတားအရှည် ပေ ၃၀၊ အကျယ် ၁၂ ပေသည် ဩဂုတ် ၁ ရက်က မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေကြီး၍ ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်ခုံရေတိုက်စားရာမှ ကျွံကျမှုဖြစ်ခဲ့သည်။



အဆိုပါတံတားအား ပြန်လည်ပြုပြင်ပြီး အမြန်ပြီးစီးနိုင်ရေးအတွက် တွန်းဇံမြို့ လမ်းဦးစီးဌာနနှင့် နေပြည်တော် တံတားအထူးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေရှိ ဖျဲလ်ကျင်းသံပေါင်ဘေလီတံတားကို အရှည်ပေ ၁၂၀၊ အကျယ် ၁၂ ပေ သံပေါင်ဘေလီတံတားအဖြစ် ဩဂုတ် ၁၄ ရက်တွင် ပြုပြင်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယခုအချိန်တွင် ကျီခါး-တီးတိန်-ကလေးမြို့လမ်းကြောင်းကို အသုံးပြုသွားလာနေကြသော မော်တော်ယာဉ်များမှာ ပုံမှန်သွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှု ယခင်အတိုင်း မြန်ဆန်လာပြီဖြစ်သည့်အပြင် ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဆက်သွယ်ရေး လုပ်ငန်းများတွင် ပြန်လည်အဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# မြေပဲကို ရာသီအလိုက်စိုက်ပျိုး

**ကျွန်းလှ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယာသီးနှံဖြစ်သည့် မြေပဲကို မိုးမြေပဲ၊ ဆောင်းမြေပဲ၊ ရေကျပဲဟူ၍စိုက်ပျိုးကြကြောင်း သိရသည်။

အဆိုပါမိုးမြေပဲကို မိုးရွာသွန်းမှုပေါ်မူတည်ပြီး ဇွန်လဆန်းတွင် စတင်စိုက်ပျိုးကြသော်လည်း တချို့တောင်သူများက နောက်ကျမှစိုက်ပျိုးကြကြောင်း၊ တစ်ဧကမျိုးတစ်တင်းခွဲစိုက်ပျိုးပြီး ငွေကျပ် ၃၅၀၀၀ ကုန်ကျကြောင်း၊ ထွန်ရှင်းခတစ်မနက် ငွေကျပ် ၃၅၀၀ ပေးရပြီး ထွန်စက်ငှားလျှင် တစ်နာရီငွေကျပ် ၁၀၀၀၀ ပေးရကြောင်း သိရသည်။

"ဒီနှစ် မိုးမြေပဲသုံးဧကကို ပြောင်း၊ ပဲစင်းငုံတို့ဖြင့်ရောစပ်၍ စိုက်ထားပါတယ်။ မျိုးစေ့ဖိုး၊ ထွန်ရှင်းခ၊ မြေသြဇာဖိုး၊ အလုပ်သမားခငွေကျပ် ၁၅၀၀၀၀ ကျော် ကုန်ကျပါတယ်။ ရာသီအလိုက် မြေပဲစိုက်ပျိုးခြင်းဖြင့် တောင်သူတွေ အကျိုးအမြတ်ရရှိသည့်အပြင် မြေပဲရိုးကို နွားစာအဖြစ်အသုံးပြုရခြင်းကြောင့် စိုက်ပျိုးသင့်ပါတယ်"ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရေဘေးရှောင် အိမ်ထောင်စု ၆၀ နှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့

**ဝါးခယ်မ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြဂိုးကြီးကျေးရွာအုပ်စုမှ ရေဘေးရှောင် အိမ်ထောင်စုများနှင့် မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ငှက်ပျောချောင်းနယ်မြေရဲစခန်းမှ တစ်နိုင်တစ်ပိုင် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက်က ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထိုသို့မြဂိုးကြီးကျေးရွာအုပ်စုတွင် မြစ်ရေမြင့်တက်လာမှုကြောင့် နေအိမ်ကြမ်းခင်းထိ ရေထိစပ်မှုဖြစ်ပေါ်ခဲ့ကာ မိသားစုများမှာ ထပ်ခိုးများပြုလုပ်နေထိုင်လျက်ရှိပြီး ထိုသို့နေထိုင်သော အိမ်ခြေ ၆၀ မှ အိမ်ထောင်စု ၆၀ ကို ငှက်ပျောချောင်းနယ်မြေရဲစခန်းမှ ရဲအုပ်မောင်မောင်စိုးနှင့် တပ်ဖွဲ့ဝင်များက တစ်နိုင်တစ်ပိုင်ထောက်ပံ့မှုအဖြစ် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်နှင့် သုံးလုံး၊ စွန်ညီနောင်ခေါက်ဆွဲခြောက်ထုပ် တစ်ထုပ်၊ ဆီ ၄၀ ကျပ်သား၊ ကြက်သွန်နီ ၃၀ ကျပ်သားနှင့် မိသားစုဝင်များ၏ ကျောင်းသား ကျောင်းသူ ၄၀ အတွက် တစ်ဦးလျှင် ဗလာစာအုပ်ငါးအုပ်၊ ပေတံတစ်ချောင်း၊ ခဲတံနှစ်ချောင်းတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

နှစ်စဉ် ကမ္ဘာ့လူဦးရေသန်းနှစ်ထောင်ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးနေကြပြီး သန်း ၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများခံစားနေရကြောင်း၊ လူငယ်အမျိုးသား အမျိုးသမီးများသည်ပင် အရက်ဆိုင်ထိုင်ကာ အရက်သောက်သုံးမှုများကို တွေ့ရှိရကြောင်း၊ အရက်သောက်သုံးမှုကြောင့် နောက်ဆက်တွဲဖြစ်ပွားသော ရောဂါများအပြင် မတော်တဆထိခိုက်မှုဖြစ်ပွားခြင်းကြောင့် သေဆုံးမှုပိုမိုများပြားခြင်း၊ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများပိုမိုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့စစ်တမ်းများအရ တွေ့ရှိရသည်။

အရက်သောက်သုံးခြင်းကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်သော အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်း စိတ်ရောဂါများဖြစ်ပေါ် နိုင်ပါသည်။

ထို့အပြင် အရက်ကြောင့်ဖြစ်သောနောက်ဆက်တွဲ စိတ်ကျန်းမာရေးဆိုင်ရာပြဿနာဖြစ်သော အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကိုဆင်ခြင်မှုကင်းမဲ့စွာပြုမူခြင်း၊ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း၊ မိမိကိုယ်ကိုသတ်သေရန်ကြိုးစားခြင်းနှင့်သတ်သေခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညအိပ်မပျော်ရောဂါရရှိခြင်း၊ မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူများ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်စေရန်နှင့်မသောက်သုံးစေရန်လည်း လိုအပ်သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ မဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှ လုံးဝရှောင်ကြဉ်ခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ စွဲလမ်းစွာသောက်သုံးခြင်းမှရှောင်ကြဉ်ရန်နှင့် အရက်စွဲရောဂါဖြစ်နေပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းနှင့်ကျန်းမာရေးဌာနများတွင် ဆောလျင်စွာပြသ၍စနစ်တကျ ကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆင်းကတ်များ မှတ်ပုံတင်လုပ်ရတော့မည့်အခါ

**သတင်းဆောင်းပါး သူရဖြိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကနေ ပြည်တွင်းက အော်ပရေတာနဲ့ ပြည်သူတွေကို ဆင်းကတ်တွေကို မှတ်ပုံတင်ပြီး အသုံးပြုကြဖို့နဲ့ မှတ်ပုံမတင်တဲ့ ဆင်းကတ်တွေကို ၂၀၁၇ ခုနှစ် မတ်လကုန်မှာ ပိတ်သိမ်းမယ်လို့ အကြောင်းကြားခဲ့ပါတယ်။ အခုအချိန်မှာ အော်ပရေတာတွေဖြစ်ကြတဲ့ MPT၊ အူရီဒူးနဲ့ တယ်လီနောတို့ကလည်း ဆင်းကတ်အသုံးပြုနေသူတွေကို လာရောက်မှတ်ပုံတင်ကြဖို့ အသိပေးတာတွေ စတင်ပြုလုပ်နေကြပြီဖြစ်ပါတယ်။

အဲဒီနောက်မှာ မိုဘိုင်းဖုန်း အသုံးပြုနေသူတိုင်းဟာ ကိုယ့်ဆင်းကတ်က မှတ်ပုံတင်ပြီးသားလား၊ မတင်ရသေးဘူးလား၊ ဆင်းကတ်တွေကို မှတ်ပုံတင်တဲ့အတွက် ဘာထူးမလဲ၊ မှတ်ပုံတင်ရင် ဘာတွေလိုမလဲ၊ မှတ်ပုံတင်ဖို့အတွက် ပိုက်ဆံဘယ်လောက်ကုန်မလဲ စသည်ဖြင့် သိချင်တာတွေ ရှိလာပါတယ်။ အဲဒါအပြင် အခုလို ဆင်းကတ်တွေကို အော်ပရေတာဆီမှာ မှတ်ပုံတင်တဲ့အခါ ကိုယ်ရေးအချက်အလက် လုံခြုံမှုတွေက ဘယ်လိုရှိလာမလဲဆိုတာကိုလည်း တချို့က တွေးကြပါတယ်။

**ဘယ်အချိန်က မှတ်ပုံတင်စလုပ်ရတာလဲ**

တကယ်တော့ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနက ဩဂုတ် ၁ ရက်မှာ ကြေညာခဲ့လို့သာ လူတွေရုတ်တရက် စိတ်ဝင်စားလာကြတာဖြစ်ပေမယ့် ဆင်းကတ်တွေကို မှတ်ပုံတင်(Register) လုပ်ဖို့ဆိုတာ အစောကတည်းက ရှိနေခဲ့ပြီးသားဖြစ်ပါတယ်။

"တယ်လီနောအပါအဝင် အော်ပရေတာတွေအနေနဲ့ ဝန်ဆောင်မှုတွေစကတည်းက Register လုပ်ဖို့ဆိုတာပါတယ်။ ဆင်းကတ်တွေ စရောင်းတုန်းကဆိုရင် စာရွက်လေးတွေပါပြီး အဲဒါကို ဖြည့်ရတယ်။ တောက်လျှောက်လည်း အဲဒီလိုပဲ လုပ်ခိုင်းတာပါ။ ဒီကြားထဲမှာ ဖုန်းတွေက အရမ်း အသုံးများလာကြတဲ့အခါကျတော့ မှတ်ပုံမတင်ဖြစ်တာတွေ ဖြစ်လာခဲ့တာပါ။ ပြောရရင်တော့ အော်ပရေတာတွေအနေနဲ့ မှတ်ပုံတင်ပြီးရောင်းဖို့ အစောကတည်းက ပါပြီးသားပဲ"လို့ တယ်လီနောမြန်မာ ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးအဲလက်စ်ညီညီအောင်က ပြောပါတယ်။

**လူတစ်ယောက်ကို ဆင်းကတ်ဘယ်နှကတ်**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ညွှန်ကြားချက်မှာ လူတစ်ဦးတစ်ယောက်ကို ဆင်းကတ်ဘယ်နှကတ်အထိ မှတ်ပုံတင်ခွင့်ရှိတယ်လို့ ဖော်ပြထားခြင်းမရှိဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ဆင်းကတ်တစ်ကတ်နဲ့ပတ်သက်တဲ့ အဆိုး အကောင်းကို ကိုယ်တိုင် တာဝန်ခံနိုင်ရင် ဆင်းကတ်ဘယ်နှကတ်ဖြစ်ဖြစ် မှတ်ပုံတင်ပြီး သုံးနိုင်တဲ့ အခွင့်အလမ်းမျိုးဖြစ်နေပါတယ်။

**ဘယ်အချိန်မှာ အပိတ်ခံရမလဲ**

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနရဲ့ညွှန်ကြားချက်အရ ဆင်းကတ်မှတ်ပုံတင်တာကို မတ် ၃၁ ရက်မှာ နောက်ဆုံးထားပြီး လုပ်ရမှာဖြစ်ပြီး မလုပ်ခဲ့ရင် အဲဒီနောက်မှာ ယာယီလိုင်းပိတ်မှာဖြစ်ပါတယ်။ ဒါပေမယ့် ယာယီလိုင်းပိတ်ခံရပြီးတဲ့ နောက်မှာတောင်မှ လိုအပ်တဲ့အကြောင်းကြားမှုကို သတ်မှတ်ကာလတစ်ခုအထိ ရမှာဖြစ်ပြီး အဲဒီအတွင်းမှာ မှတ်ပုံတင်နိုင်ဦးမှာ ဖြစ်ပါတယ်။ အဲဒီနောက်မှာမှ အပြီးတိုင် လိုင်းပိတ်တာမျိုး ဖြစ်လာမှာပါ။

"ယာယီလိုင်းပိတ်တဲ့ အခြေအနေဖြစ်ပြီးရင်တောင် သူ့ကိုထပ်ပြီး တိုက်ရိုက်အကြောင်းကြားမှာပါ။ ဒီအတောအတွင်းမှာလည်း ဆင်းကတ်ကို မှတ်ပုံတင်ဖို့ကို တိုက်ရိုက်အကြောင်းကြားနေမှာ။ အဲလို ထပ်အကြောင်းကြားလို့ သတ်မှတ်တဲ့ရက်အတွင်းမှာမှ မလာရင်တော့ ဒါကအကျိုးမဝင်တော့ဘူးပေါ့။ ဆင်းကတ်တွေက ဝယ်ရတာလည်း လွယ်နေတော့ အဲဒီအခြေအနေအထိ အကြောင်းကြားလို့မှ မှတ်ပုံမတင်ဘူးဆိုရင် ဒါသူမသုံးဘူးလို့ ယူဆလို့ရတာပေါ့"လို့ ဦးအဲလက်စ်ညီညီအောင်က ဆိုပါတယ်။

**မှတ်ပုံတင်တာ ဘယ်မှာလုပ်ရမလဲ**

ဆင်းကတ်မှတ်ပုံတင်တာကို ကိုယ်ကိုင်တဲ့ ဆင်းကတ်ရဲ့အော်ပရေတာတွေဆီမှာ ပြန်လုပ်ရမှာပါ။ လက်ရှိအချိန်မှာ နိုင်ငံအနှံ့ကို ရောက်နေတဲ့ ဆင်းကတ်တွေကို ကိုင်သုံးနေကြသူတွေအနေနဲ့ အလွယ်တကူ မှတ်ပုံတင်နိုင်ကြဖို့ကိုလည်း အော်ပရေတာတွေ အားလုံးက မိမိတို့နည်းလမ်းတွေနဲ့ စတင်ပြုလုပ်နေကြပြီဖြစ်ပါတယ်။

တယ်လီနောက စီစဉ်ပေးနေတာနဲ့ ပတ်သက်လို့ ဦးအဲလက်စ်ညီညီအောင်က "တယ်လီနောရဲ့ Branded ဆိုင်တွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းက မြို့ကြီးတိုင်းမှာ ရှိပါတယ်။ အဲဒီဆိုင်တွေမှာ လိုအပ်တဲ့ အထောက်အထားလေးတွေနဲ့ ဆင်းကတ်မှတ်ပုံတင်သွားလုပ်ရင် ဝန်ဆောင်ခလည်း ထပ်ပြီးကုန်ကျမှု မရှိပါဘူး။ အချိန်လည်း သိပ်ပြီး မကြာဘဲနဲ့ ရနိုင်ပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ လက်လီဆိုင်ပေါင်း ရှစ်သောင်း နီးပါးရှိတဲ့အထဲက အများစုမှာလည်း မှတ်ပုံတင်နိုင်အောင်လို့ ဆက်ပြီးဆောင်ရွက်သွားဖို့ ရှိပါတယ်။ အဲဒီဆိုင်တွေမှာ ငွေဖြည့်ကတ်လာဝယ်ရင်းနဲ့ပဲ မှတ်ပုံတင်လုပ်လို့ရကြောင်းအသိပေးပြီး လုပ်ပေးတာမျိုး ဆက်လုပ်သွားဖို့ရှိပါတယ်"လို့ ဆိုပါတယ်။

ဒါ့အပြင် ရန်ကုန်က အထင်ကရ ရှော့ပင်းစင်တာတွေမှာ ဈေးဝယ်ရင်း ဆင်းကတ်ကို မှတ်ပုံတင်နိုင်အောင် လုပ်သွားဖို့နဲ့ အခြားနည်းလမ်းအနေနဲ့ အွန်လိုင်းကနေ မှတ်ပုံတင်တာမျိုးကို လုပ်သွားဖို့ စသဖြင့် အသုံးပြုသူတွေအတွက် လွယ်ကူမယ့်နည်းလမ်းတွေကိုလည်း စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ကျန်အော်ပရေတာနှစ်ခုဖြစ်တဲ့ MPT နဲ့ အူရီဒူးတို့ကလည်း ဆိုင်ခွဲတွေကနေတစ်ဆင့် မှတ်ပုံတင်လုပ်နိုင်ပြီလို့ အသိပေးကြေညာနေတာတွေလည်း တွေ့ရပါတယ်။



**မှတ်ပုံတင်ဖို့ ဘာတွေလိုမလဲ၊ ဘယ်လောက်ကုန်မလဲ**

ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ အကြောင်းကြားချက်အရ ဆင်းကတ်မှတ်ပုံတင်လုပ်ဖို့အတွက် အထူးအထွေလိုအပ်ချက် မရှိတာတွေ့ရပါတယ်။ မှတ်ပုံတင်ဖို့အတွက် အမည်၊ အဘအမည်၊ မွေးသက္ကရာဇ် (ရက်၊ လ၊ ခုနှစ်)၊ လူမျိုး/နိုင်ငံသား၊ ကျား / မ နဲ့ နေရပ်လိပ်စာတို့ကို မှတ်ပုံတင်လုပ်ပေးမယ့် အော်ပရေတာတွေရဲ့ ဆိုင်ခွဲတွေမှာ ဖြည့်စွက်ပေးရမှာဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင်ကတ် တစ်ခုခုကို မိတ္တူပေးရမှာဖြစ်ပါတယ်။

နိုင်ငံခြားသားဆိုရင်လည်း ပတ်စ်ပို့ ဒါမှမဟုတ် အစိုးရအသိအမှတ်ပြု ကတ်တစ်ခုခုနဲ့ အတူ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

အဲဒီအတွက် ငွေကြေးထပ်မံကုန်ကျမှုကတော့ အော်ပရေတာတွေက ဘယ်လိုဝန်ဆောင်မှုပေးမလဲဆိုတဲ့အပေါ်မှာ မူတည်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ အသုံးပြုသူတွေအနေနဲ့ ဆင်းကတ်မှတ်ပုံတင်အတွက် ဝန်ဆောင်ခ ထပ်ကုန်ကျတာမရှိဘဲ လုပ်နိုင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ အော်ပရေတာတွေက ကြော်ငြာထားကြတာကို တွေ့ရပါတယ်။

**မှတ်ပုံတင်ပြီးသားလား၊ မတင်ရသေးဘူးလား**

ဆင်းကတ်တွေကို ဝယ်သူအချို့ဟာ စဝယ်ကတည်းက မှတ်ပုံတင်ထားပြီးဖြစ်ပါတယ်။ အများစုကတော့ MPT ရဲ့ယခင်ကရောင်းထားတဲ့ ဖုန်းတွေဖြစ်တဲ့ ၁၅ သိန်းတန်၊ ငါးသိန်းတန်၊ နှစ်သိန်းတန်ဖုန်းတွေဟာ စာချုပ်တွေနဲ့အတူ ရောင်းထားတာဖြစ်လို့ စာချုပ်မှာပေါက်တဲ့အမည်နဲ့ လက်ရှိပိုင်ရှင်အမည်ကိုက်နေရင် ထပ်ပြီးမှတ်ပုံတင်ဖို့ လိုမှာမဟုတ်ပါဘူး။ တယ်လီနောနဲ့ အူရီဒူး ဆင်းကတ်တွေကိုလည်း စဝယ်စဉ်ကတည်းက မှတ်ပုံတင်လုပ်ပြီးဝယ်ခဲ့ရင် ထပ်ပြီး မှတ်ပုံတင်စရာ လိုမှာမဟုတ်ပါဘူး။

တကယ်လို့ကိုယ့်ရဲ့ဆင်းကတ်တွေဟာ မှတ်ပုံတင်ထားပြီးသားလား၊ မတင်ရသေးဘူးလားဆိုတာ သိချင်ရင်လည်း အော်ပရေတာတွေဆီမှာ စုံစမ်းနိုင်မှာဖြစ်ပါတယ်။ MPT ရဲ့ ကောလ်စင်တာ နံပါတ် ၁၀၆၊ တယ်လီနောရဲ့ကောလ်စင်တာနံပါတ် ၉၇၉၊ အူရီဒူးရဲ့ ကောလ်စင်တာနံပါတ် ၂၃၄ နဲ့ MEC ရဲ့ ကောလ်စင်တာနံပါတ် ၀၁-၃၉၁၀၁၄ တို့ကို ဆက်သွယ်ပြီး စုံစမ်းနိုင်မယ်လို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထားပါတယ်။ အူရီဒူးဆင်းကတ် သုံးနေတဲ့လူတွေကတော့ *666# ကိုဖုန်းခေါ်ဆိုပြီးတော့လည်း မှတ်ပုံတင်ထားပြီး ဟုတ် မဟုတ် စစ်နိုင်တယ်လို့ အသိပေးကြေညာထားတာ တွေ့ရပါတယ်။

ကောလ်စင်တာဖုန်းတွေကို ဆက်မေးလို့ မှတ်ပုံတင်ထားပြီးဖြစ်တယ်ဆိုရင်လည်း ကိုယ့်အမည်ပေါက်လား၊ ဒါမှမဟုတ်ရင် တခြားအမည်တွေနဲ့ ဖြစ်နေသလားဆိုတာ သေချာအောင်ကတော့ မှတ်ပုံတင်လုပ်လို့ရတဲ့ သက်ဆိုင်ရာ အော်ပရေတာတွေရဲ့ဆိုင်ခွဲတွေမှာ သွားပြီးမေးမြန်းကြည့်တာ အကောင်းဆုံးဖြစ်မှာပါ။

**အော်ပရေတာတွေမှာ မှတ်ပုံတင်ခြင်းနဲ့ ကိုယ်ရေးအချက်အလက် လုံခြုံမှု**

ဆင်းကတ်တွေကို မှတ်ပုံတင်တဲ့အခါ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်တွေဟာ အော်ပရေတာတွေဆီ ရောက်သွားမှာကို စိုးရိမ်နေကြပြီး ဒီမှတ်ပုံတင်ကိစ္စကို ဝန်ကြီးဌာနကပဲ လုပ်သင့်တယ်လို့ ယူဆနေသူတွေလည်း ရှိပါတယ်။ ဆင်းကတ်တွေကို အော်ပရေတာဆီမှာ မှတ်ပုံတင်ရခြင်းဖြင့် ကိုယ်ရေးအချက်အလက်တွေဟာ အော်ပရေတာတွေဆီ ရောက်သွားတာက မှန်ပါတယ်။ နည်းပညာအရဆိုရင်တော့ ဆင်းကတ်တစ်ခုကိုသုံးတိုင်း အချက်အလက်တွေဟာ အော်ပရေတာဆီ ရောက်သွားမှာပဲဖြစ်ပြီး အဓိကစိတ်ပူရမှာက မလိုအပ်ဘဲ ပေါက်ကြားမှာကိုပဲ စိတ်ပူရမှာဖြစ်ပါတယ်။ ဒါကြောင့် အော်ပရေတာဆီ ရောက်သွားမှာက စိတ်ပူစရာကိစ္စမဟုတ်ဘဲ ကိုယ့်ရဲ့ကိုယ်ရေးအချက်အလက်တွေ မလိုအပ်ဘဲ ပေါက်ကြားတာမျိုး မရှိအောင်နဲ့ တကယ်လို့ရှိခဲ့ရင် သက်ဆိုင်ရာ အော်ပရေတာတွေကို လိုအပ်သလို တရားစွဲဆိုတာမျိုးလုပ်နိုင်မယ့် ဥပဒေတွေပေါ်ထွန်းလာဖို့သာ ပိုအရေးကြီးတာဖြစ်ပါတယ်။

ဦးအဲလက်စ်ညီညီအောင်ကတော့ "တယ်လီနောက အခုဆို ဝန်ဆောင်မှုပေးတာ နှစ်နှစ်ရှိပါပြီ။ ဒီအတွင်းမှာ တယ်လီနောက အသုံးပြုသူတွေရဲ့အချက်အလက်ပေါက်ကြားတာ ဘာမှမရှိပါဘူး။ သက်ဆိုင်ရာ တာဝန်ရှိသူတွေက တောင်းဆိုရင်တောင်မှ ဒီဘက်က စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီမှသာ ထုတ်ပေးတာမျိုး၊ အရမ်းကြီးတဲ့ပြစ်မှုကြီးတွေ ကျူးလွန်မှသာ အချက်အလက်တွေကို ထုတ်ပေးတာမျိုး သေသေချာချာ ဆောင်ရွက်ထားတာရှိပါတယ်"လို့ဆိုပါတယ်။

**ဆင်းကတ်တွေကို ဘာကြောင့် မှတ်ပုံတင်ရမလဲ**

ဆင်းကတ်တွေကို မှတ်ပုံတင်ခိုင်းတာဟာ အများပြည်သူ လုံခြုံရေးအတွက်ဖြစ်တယ်လို့ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ပြောထားပါတယ်။

လက်ရှိအချိန်မှာ ဆင်းကတ်တွေကို ဘာအထောက်အထားမှမလိုဘဲ ကျပ် ၁၅၀၀ နဲ့ အလွယ်တကူ ဝယ်သုံးနိုင်နေတဲ့အတွက် တလွဲအသုံးပြုနေသူတွေအတွက် အခွင့်အရေးလိုဖြစ်နေပါတယ်။ ဖုန်းကနေတစ်ဆင့် အမျိုးသမီးတွေကို ညစ်ညမ်းတဲ့စကားတွေ ပြောတာ၊ ဖေ့စ်ဘုတ်မှာ မိန်းကလေးတွေရဲ့ပုံတွေကို မကောင်းတဲ့ Group တွေမှာ Share မယ်ဆိုပြီး ဖုန်းငွေဖြည့်ခိုင်းတာ၊ အခွန်ဌာနကတာဝန်ရှိသူပါလို့ ဖုန်းဆက်ပြီး ငွေလိမ်တာ စသဖြင့် မိုဘိုင်းဖုန်းကိုအခြေခံတဲ့ ရာဇဝတ်မှုတွေ ဖြစ်နေတာမြင်ရပေမယ့် ဆင်းကတ်တွေကို မှတ်ပုံတင်ထားတာ မရှိတဲ့အတွက် အရေးယူဖို့ခက်တဲ့အခြေအနေမျိုး ရှိနေပါတယ်။ တကယ်လို့သာ ဆင်းကတ်တွေကို မှတ်ပုံတင်ပြီး သုံးကြတာဖြစ်မယ်ဆိုရင် ဒီလိုရာဇဝတ်မှုတွေကို ထိထိရောက်ရောက် အရေးယူနိုင်မှာဖြစ်လို့ အများပြည်သူလုံခြုံရေးအတွက် အများကြီး အထောက်အကူပြုမှာဖြစ်ပါတယ်။

ဒါ့အပြင် နောက်ထပ်အားသာချက်တစ်ခုကတော့ ဆင်းကတ်တွေကို မှတ်ပုံတင်ထားခြင်းအားဖြင့် ပိုင်ဆိုင်မှုခိုင်မာလာတာ ဖြစ်ပါတယ်။ တကယ်လို့ ဖုန်းပျောက်သွားရင်တောင် ဆင်းကတ်ကို ပြန်ရယူနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ပိုင်ဆိုင်မှုခိုင်မာခြင်းကြောင့် အခုအချိန်မှာ အများကြီး မသိသာပေမယ့် သိပ်မကြာခင် ထွန်းကားကျယ်ပြန့်လာဖွယ်ရှိတဲ့ အွန်လိုင်းငွေကြေးစနစ်တွေ၊ အွန်လိုင်းဘဏ်စနစ်တွေကို မိုဘိုင်းဖုန်းကို အခြေခံပြီး သုံးတဲ့အခါမှာ ဒီလိုဆင်းကတ်တစ်ခုကို ပိုင်ဆိုင်မှုအခိုင်အမာနဲ့ ပိုင်ဆိုင်ထားခြင်းက အားသာချက်တွေ များစွာရှိပါတယ်။

ဦးအဲလက်စ်ညီညီအောင်ကတော့ "တယ်လီနော အသုံးပြုသူတွေအနေနဲ့ Register လုပ်ထားလား မလုပ်ထားလား မသိရင်၊ ဒါမှမဟုတ် မသဲကွဲရင် ကျွန်တော်တို့ရဲ့ Branded ဆိုင်တွေမှာနဲ့ ကောလ်စင်တာကို ခေါ်ပြီး စစ်ဆေးကြည့်ပါ။ ပြီးတော့ Register လုပ်ဖို့လိုရင်၊ နာမည်ပြောင်းဖို့လိုရင် လုပ်ကြဖို့ တိုက်တွန်းလိုပါတယ်"လို့ အကြံပြု ပြောကြားထားပါတယ်။ ။

## ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုအကြောင်း ကျောင်းတွင်းပညာပေးအစီအစဉ်ကို တယ်လီနောမှ စတင်ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၉**

အင်တာနက်အသုံးပြုသူများအနေဖြင့် ပိုမိုဘေးကင်းစွာနှင့် တာဝန်သိစွာအသုံးပြုမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု ကနဦးပညာပေး အစီအစဉ်ကို တယ်လီနောမြန်မာက ဩဂုတ်လဆန်းမှ စတင်ပြုလုပ်ခဲ့ပြီး ထိုအစီအစဉ်အရ ယခု ၂၀၁၆ ခုနှစ်အတွင်း ရန်ကုန်မြို့ရှိ အစိုးရနှင့် ပုဂ္ဂလိက ကျောင်းများ၊ မန္တလေးမြို့ရှိ ဘုန်းတော်ကြီးစာသင်ကျောင်းနှင့် ပုဂ္ဂလိက ကျောင်းများတွင် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု ဟောပြောပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်လှမ်းမီနိုင်တဲ့ ဈေးနှုန်းတွေရှိတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေနဲ့ စမတ်ဖုန်းတွေကြောင့် မြန်မာနိုင်ငံတစ်ဝန်းက လူအများအပြားအတွက် အဆင်ပြေပြေ ဆက်သွယ်ချိတ်ဆက်ဖို့ အခွင့်အရေးတွေ ပေါ်ပေါက်လာပါတယ်။ အင်တာနက်အသုံးပြုသူပိုများလာတာနဲ့အလျောက် အသုံးပြုသူအားလုံး အထူးသဖြင့် လူငယ်တွေအနေနဲ့ အင်တာနက်ကို ဘေးကင်းစွာနဲ့ တာဝန်သိစွာ အသုံးပြုကြဖို့ လိုအပ်လာပါတယ်။ အခုလို အသုံးပြုတဲ့အတွက်ကြောင့် အသုံးပြုသူတွေအတွက်ကော သူတို့ရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပြင် လူ့ဘောင်အဖွဲ့အစည်းအတွက်ပါ အကျိုးကျေးဇူးရရှိနိုင်တယ်လို့ ယုံကြည်ထားပါတယ်။ အခုစီမံကိန်းရဲ့ ရလာဒ်အပေါ်မူတည်ပြီး နောက်နှစ်မှာ ဒီအစီအစဉ်ကို နိုင်ငံတစ်ဝန်းတိုးချဲ့သွားဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာတာဝန်ခံ ဦးမင်းသူက ပြောသည်။

ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုအကြောင်းကို ပထမဆုံးအကြိမ် စာသင်ကျောင်းဆွေးနွေးပွဲအဖြစ် မန္တလေးတိုင်းဒေသကြီးရှိ မင်းမြန်မာပုဂ္ဂလိကကျောင်းတွင် ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့ကာ ကျောင်းသား ၁၀၀ ခန့်အား အင်တာနက်ကို မည်ကဲ့သို့ အကျိုးရှိစွာအသုံးပြုမည်၊ အင်တာနက်သုံးရာတွင် ကြုံတွေ့နိုင်ချေရှိသော အင်တာနက် အခြေပြု အနိုင့်ကျင့်ဗိုလ်ကျမှုများ၊ အင်တာနက်အခြေပြု လိင်ခေါင်းပုံဖြတ်မှုများနှင့် အမုန်းစကားများကို မည်ကဲ့သို့ ရှောင်ရှားရမည်စသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ ကြကြောင်း သိရသည်။

ကျောင်းတွင်းပညာပေး အစီအစဉ်များအပြင် ဘေးကင်းသည့် အင်တာနက် အသုံးပြုမှု ပညာပေးအစီအစဉ်အောက်တွင် အင်တာနက်ကို ဘေးကင်းစွာ အသုံးပြုခြင်းဆိုင်ရာ အမူအကျင့်များအကြောင်း ရှင်းလင်းပြောကြားခြင်း၊ အသိပေးခြင်းတို့ကိုလည်း တယ်လီနော၏ အလင်းအိမ် အိုင်စီတီနည်းပညာဖွံ့ဖြိုးရေးစင်တာများနှင့် တယ်လီနောက ပံ့ပိုးဆောင်ရွက်နေသော ကျောင်းပြင်ပပညာရေး စာသင်ခန်းများတွင် ပါ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ဘေးကင်းသည့် အင်တာနက်အသုံးပြုမှု ပညာပေးအစီအစဉ်ကို တယ်လီနော၏ လူမှုအကျိုးပြုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**သူရဖြိုး**

# မြွေကိုက်ခံရလျှင် ထိရောက်မှန်ကန်သော ရှေးဦးသူနာပြုစုခြင်း

ဒေါက်တာဝင်းအောင်(ဆေးသုတေသနဦးစီးဌာန)

**ယမန်နေ့မှ အဆက်**

**(၂)ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်စေခြင်း**

မလိုလားအပ်သော အချိန်ဖြုန်းခြင်းကို လုံးဝရှောင်ကြဉ်ပါ။ လူနာကို မော်တော်ယာဉ်(မရလျှင်) ထမ်းစင်ဖြင့်သယ်ယူထမ်းပိုးပြီး မြွေဆိပ်ဖြေဆေးထိုးပေးနိုင်မည့် ( နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်း )သို့ အလျင်အမြန်ခေါ်ဆောင်သွားရန် လိုအပ်ပါသည်။ မြွေကိုက်ခံရသည့်လူနာကို လိုအပ်လျှင် မြွေဆိပ်ဖြေဆေး အမြန်ဆုံးထိုးနှံပေးနိုင်ရန်အတွက် ဆေးရုံသို့ ပို့ဆောင်ပေးနိုင်ပါရန် လိုအပ်ခြင်းဖြစ်ပါသည်။ အမှန်တကယ် မြွေဆိပ်သင့်ခံရသူသည် မြွေကိုက်ခံရပြီး နှစ်နာရီအတွင်း မြွေဆိပ်ဖြေဆေးထိုးနှံမှုရရှိမှသာ အသက်အန္တရာယ်စိုးရိမ်မှု လျော့ပါးနိုင်မည်ဖြစ်ပါသည်။ လမ်းခရီးတွင်လည်း လူနာကို မလိုအပ်ဘဲ လှုပ်ရှားမှုမပြုစေရပါ။ လမ်းလျှောက်စေခြင်း လုံးဝမပြုသင့်ပါ။ လက်တွင် မြွေကိုက်ခံထားရသူပင် ဖြစ်စေကာမူ ငြိမ်သက်စွာရှိပါစေ။ အကိုက်ခံရသည့်ဒဏ်ရာနေရာအား လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းတို့ကို ပြုလုပ်မိပါက မှန်ကန်ထိရောက်သော ရှေးဦးသူနာပြုစုခြင်းများ ပြုလုပ်ထားသော်ငြားလည်း မြွေဆိပ်တက်ခြင်းနှင့် မြွေဆိပ်ပြန့်ခြင်းကို ဖြစ်စေနိုင်ပါသည်။

**မိမိတစ်ယောက်တည်းရှိနေစဉ် မြွေကိုက်ခံရပါက ဆောင်ရွက်ရန်**

(၁) ဦးစွာ စိတ်ကို တည်ငြိမ်စွာထားပါ၊ စိတ်အေးအေးထားပါ၊

(၂) အကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်း ခြေ(သို့မဟုတ်)လက်တို့ကို မလှုပ်ရှားစေပါနှင့်။

(၃) လက်အကိုက်ခံရလျှင်ပင် လမ်းမလျှောက်ပါနှင့်၊ မပြေးပါနှင့်၊

(၄) မိမိတွင်ပါလာသော ပုဆိုးစ/အဝတ်စကို လက်နှစ်လုံးအထူ လက်သုံးလုံးအကျယ် ကျစ်ကျစ်ခေါက်၍ ဒဏ်ရာပေါ်တင်ပြီး ပုဆိုးစ/အဝတ်စရှည်ရှည်ဖြင့် ၃/၄ ပတ်လက်မတင် စည်းပေးပါ၊

(၅) တစ်ပါးသူတို့ထံမှ အကူအညီရရှိရန် တောင်းခံပါ၊

(၆) ကိုက်သည့်မြွေကို လိုက်ဖမ်းရန်၊ လိုက်သတ်ရန် မကြိုးစားပါနှင့်၊

**မိမိမှ မြွေကိုက်ခံရသူကိုတွေ့ရှိလျှင် ဆောင်ရွက်ရန်**

(၁) လူနာကို ကြောက်ရွံ့မှုမရှိစေရန် နှစ်သိမ့်အားပေးစကားပြောပါ၊

(၂) ပြုစုသူ မိမိကိုယ်တိုင်လည်း တည်တည်ငြိမ်ငြိမ်ရှိပါစေ၊

(၃) အကိုက်ခံရသူကို ထပ်မံ၍ မြွေမပေါက်နိုင်ရလေအောင် အန္တရာယ်ရှိရာနေရာမှ အကွာအဝေးတစ်ခုသို့ ရွှေ့ပြောင်းပေးပါ။

(၄) လူနာ၏ ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ရှိနေပါစေ၊

(၅) အကိုက်ခံရသည့်နေရာသာမက တစ်ကိုယ်လုံး လှုပ်ရှားမှုမပြုပါစေနှင့်၊

(၆) ဆက်လက်၍ အထက်ဖော်ပြပါ လိုက်နာဆောင်ရွက်ရမည့် အဓိကအချက်နှစ်ချက်ကို အမြန်ဆုံးဆောင်ရွက်ပါရန်။

**အာရုံကြောကိုထိခိုက်ပျက်စီးစေသော မြွေအကိုက်ခံရပါက**

ခန္ဓာကိုယ်ရှိအာရုံကြောများကို ထိခိုက်ပျက်စီးစေသော မြွေဟောက်၊ ဂျပ်မြွေ၊ ငန်းပုပ်၊ ငန်းတော်ကြားနှင့် သံကွင်းစွပ်မြွေများ အကိုက်ခံရပါက အသက်ရှူရပ်၍ သေဆုံးတတ်သည်။ ထို့ကြောင့် ဆေးရုံ၊ ဆေးခန်းသို့ပို့ဆောင်သော ခရီးတစ်လျှောက်လုံး၊ လမ်းခုလတ်တွင် အသက်ရှူရပ်ပါက ပါးစပ်ဖြင့် အသက်ရှူအထောက်အကူပြုခြင်းနည်း (Mouth to Mouth) (သို့မဟုတ်) ပစ္စည်းကိရိယာ(Ambu-Bag)ကို အသုံးပြုခြင်းဖြင့် အသက်ရှူအား ကူပေးလာရပါမည်။

**အဆိပ်မှုတ်ထုတ်တတ်သည့် မြွေဟောက်တိုက်ခိုက်မှုကို ခံရပါက**

အဆိပ်မှုတ်ထုတ်တိုက်ခိုက်ခံလိုက်ရသည့် မျက်လုံးအား သန့်စင်သောရေများများဖြင့် ညင်သာစွာ ဆေးကြောပါ။ မျက်စိကို မပွတ်ပါနှင့်။ သန့်ပြန့်သောအဝတ်ဖြင့် မျက်လုံး အားအုပ်ထားပြီး ဆရာဝန်(သို့မဟုတ်) မျက်စိအထူးကုပါရဂူဖြင့် ဆက်လက်ပြသပါ။

မြွေကိုက်ခံရပါက အောက်ပါတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်

(၁) အကိုက်ခံရသည့်နေရာတွင် မခံနိုင်အောင်နာကျင်ပါက ပါရာစီတမော သောက်ဆေးတစ်ပြားကို သောက်စေနိုင်ပါသည်။

(၂) ပြုစုသူသည် ကျန်းမာရေးဝန်ထမ်းဖြစ်ပါက လူနာ၏သွေးခုန်နှုန်း၊ အသက်ရှူနှုန်းနှင့် ကိုယ်အပူချိန်၊ သွေးပေါင်ချိန်တို့ကို မှတ်ယူထားပါ။

(၃) သွေးလန့်ခြင်း(Shock) လက္ခဏာများရှိပါက ရှေးဦးသူနာပြုစုနည်းအတိုင်း ဆောင်ရွက်ပါ။

(၄) ထိုးသွင်းဒဏ်ရာဖြစ်ခြင်းကြောင့် မေးခိုင်ကာကွယ်ဆေးကို တင်ပါးတွင် ထိုးပေးနိုင်ပါသည်။

(၅) မြွေဆိပ်ဖြေဆေး အလွယ်တကူရနိုင်ပါက(ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းရှိပါက) မြွေဆိပ်ဖြေဆေးကို အကြောတွင်းသို့ ထိုးနှံပေးနိုင်ပါသည်။

(၆) ကျန်းမာရေးဝန်ထမ်းမရှိသော ဝေးလံခေါင်းပါးဒေသများတွင် မြွေဆိပ်ဖြေဆေးကို (အကိုက်ခံရပြီး နှစ်နာရီအတွင်း ဖြစ်ပါက) တင်ပါးတစ်ဖက်စီသို့ ငါးစီစီ(5CC)ခန့်စီ ခွဲ၍ အသားတွင်းသို့ ထိုးပေးနိုင်ပါသည်။

(မှတ်ချက်။ ရနိုင်လျှင် ပြည်တွင်းမှထုတ်လုပ်သော မြွေဆိပ်ဖြေဆေးကိုသာ အသုံးပြုသင့်ပါသည်။ ပြည်ပမှတင်သွင်းသော မြွေဆိပ်ဖြေဆေးများသည် မြန်မာနိုင်ငံမှ မြွေဆိပ်များအတွက် အဆိပ်ချေဖျက်မှုအာနိသင် များစွာလျော့နည်းပါသည်။)

**အောက်ပါတို့ကို မပြုလုပ်ရပါ**

(၁) အစွယ်ဒဏ်ရာကို ညှစ်ခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း၊ ဆေးလိမ်းခြင်း၊ ရေခဲအုပ်ခြင်း၊ စုတ်ထိုးခြင်း၊ (ဆေးလိပ်)မီးစနှင့်ထိုးခြင်း၊ လျှပ်စစ်ဖြင့်တို့ခြင်း၊ ဓားဖြင့်ခွဲခြင်း၊ ကြက် ရင်အုံနှင့် သစ်ဥသစ်ဖုရွက်များ ကပ်ခြင်း၊

(၂) အမျိုးအမည်မသိသော ဆေးများ၊ အကိုက်အခဲပျောက်ဆေးများ(အပြင်းစား အက်စပရင်)၊ အရက်တိုက်ခြင်း၊ မူးယစ်ထုံထိုင်းဆေးများ ပေးခြင်း၊

(၃) မြွေအမြီးကို မျိုချခြင်း၊ ဆေးမြီးတိုဖြင့် ကုခြင်း။

(၄) ခြေလက်များကို ကြိုးဖြင့် တင်းကျပ်စွာ ကျပ်စည်းခြင်း(Tight Tourniquet Application) သည် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုမိုဖြစ်စေနိုင်ပါသည်။ အလွန်အမင်း တင်းကျပ်စွာ(သို့)အချိန်ကြာမြင့်စွာ ကျပ်စည်းထားမိပါက ခြေ/လက်များ ပုပ်ဆွေးတတ်ပါသည်။

(၅) အကိုက်ခံရသော ခန္ဓာကိုယ်နေရာကို လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်း၊ ပြေးလွှားခြင်းတို့ မပြုလုပ်ရပါ။ လမ်းလျှောက်လှုပ်ရှားမိပါက (လက်တွင် မြွေကိုက်ခံထားရသူပင်လျှင်) ခန္ဓာကိုယ်အတွင်း အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့် ဖြစ်ပါသည်။



(၆) ရှေးဦးသူနာပြုစုနည်းဖြင့် မလှုပ်ရှားနိုင်အောင် ကျပ်စည်းထားခြင်းတို့ကို မြွေဆိပ်ဖြေဆေး ထိုးနှံခြင်းမပြုမီအထိ ဖယ်ရှားခြင်း မပြုရပါ။

(၇) မြွေကိုက်ခံရသော အစွယ်ရာတစ်ဝိုက်ဝန်းကျင်သို့ မြွေဆိပ်ဖြေဆေး (သို့မဟုတ်) တခြားဆေးများ ထိုးနှံခြင်းကိုလည်း မပြုရပါ၊

**မှတ်သားရန်အချက်အလက်များ**


(၁) မိမိကို(လူနာအား) ကိုက်သည့် မြွေအမျိုးအစားကို သိရှိပါက ဆေးပေးခန်း/ဆေးရုံတွင် သင့်တော်သော မြွေအဆိပ်ဖြေဆေးကို တိကျစွာ ချက်ချင်းအချိန်မီ ထိုးနှံပေးနိုင်ပါမည်။

(၂) ကိုက်သည့်မြွေကို ရိုက်သတ်၍ (ဖြစ်နိုင်လျှင်) ယူလာနိုင်လျှင် ဆရာဝန်အတွက် သင့်တော်သောမြွေဆိပ်ဖြေဆေးကို ရွေးချယ်ထိုးနိုင်ရန် အထောက်အကူပြုပါသည်။ (မြွေသေကိုလည်း သတိထား ကိုင်တွယ်ပါ၊ အစွယ်ကိုမထိစေပါနှင့်။)

(၃) ကိုက်သည့်မြွေကို မရရအောင်(လူနာကိုယ်တိုင်) လိုက်လံရှာဖွေ ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုသင့်ပါ။

(၄) ကိုက်သည့်မြွေ၏ အရောင်၊ အရေပြားကွက်ပုံသဏ္ဌာန်နှင့် အရှည်လုံးပတ်ကို ဆေးရုံရောက်၍ ဆရာဝန်မေးလျှင် ပြန်လည်ပြောပြနိုင်အောင် မှတ်သားထားပါ။

(၅) ဆရာဝန်ကလည်း မြွေကိုက်ခံရသောလူနာ ရောဂါဝေဒနာခံစားရမှုနှင့် ရောဂါလက္ခဏာများ ပြသမှု၊ သွေးနှင့် ဆီး ဓာတ်ခွဲစစ်ဆေးမှုများအပေါ် မူတည်၍ ကိုက်သည့်မြွေအမျိုးအစားနှင့် အဆိပ်ရှိသော မြွေဆိုးဟုတ်/မဟုတ်ကို ခွဲခြားနိုင်ပါသဖြင့် သင့်တော်သောမြွေဆိပ်ဖြေဆေးကိုလည်း ထိုးနှံပေးနိုင်ပါသည်။



ပုံ(၅-၁)အဆိပ်ရှိသောမြွေ၏ ဦးခေါင်း



ပုံ(၅-၂)အဆိပ်မရှိသောမြွေ၏ ဦးခေါင်း

**အဆိပ်ရှိသော မြွေဆိုး ဟုတ်/မဟုတ် ခွဲခြားနည်း**

ကိုက်သည့်မြွေသည် အဆိပ်ရှိသောမြွေ(မြွေဆိုး) ဟုတ်/မဟုတ် မြွေဦးခေါင်းကို ကြည့်လျှင် အကြမ်းအားဖြင့် သိရှိနိုင်ပါသည်။ အဆိပ်ရှိမြွေ၏ ဦးခေါင်းသည် တြိဂံပုံသဏ္ဌာန်ရှိပြီး သိမ်သွားသော လည်ပင်းပုံ တိတိကျကျရှိပါသည်။ ဦးခေါင်းပိုင်း တစ်ခုလုံးရှိ အကြေးခွံများသည်လည်း သေးငယ်(ကွက်စိပ်)ပါသည်။ အဆိပ်မရှိသော မြွေ၏ ဦးခေါင်းသည် ဘဲဥပုံသဏ္ဌာန်ဖြစ်ပြီး သတ်သတ်မှတ်မှတ် လည်ပင်းမရှိပါ၊ ဦးခေါင်းပိုင်းတွင်လည်း ကြီးမားသော အကြေးခွံများကို မြင်တွေ့နိုင်ပါသည်။**(ပုံ-၅)**

**မြွေဆိပ်သင့်ခြင်း၏ လက္ခဏာများ**

အဆိပ်ရှိသောမြွေ အကိုက်ခံရပါက အကိုက်ခံရသည့်နေရာ(အစွယ်နေရာ)တွင် ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ သွေးတိုးခြင်း၊ သွေးခြည်ဥခြင်းနှင့် မီးလောင်ဖုထခြင်းတို့ ဖြစ်တတ်ပါသည်။ မြွေပွေးကဲ့သို့ ခန္ဓာကိုယ်၏ သွေးနှင့် သွေးကြော စနစ်များကို ထိခိုက်စေသောမြွေဆိုးများ အကိုက်ခံရပါက ခေါင်းလေးခြင်း၊ မျက်သားရောင်ခြင်း၊ မျက်ထောက်နီခြင်း၊ ပျို့အန်ခြင်း၊ တစ်ခါတစ်ရံ သွေးစများပါတတ်ခြင်း၊ နီကျင်ကျင် ဆီးသွားခြင်း၊ သွားဖုံးမှသွေးထွက်ခြင်းနှင့် နှာခေါင်းသွေးယိုခြင်း၊ ဝမ်းဗိုက်နှင့် ရင်ခေါင်းတွင် ပူ၍နာတတ်ခြင်း၊ အကိုက်ခံရသည့် ခြေ/လက်နှင့် ပေါင်ခြံ၊ ချိုင်းတို့တွင် အကျိတ်ရှိခြင်းတို့ ဖြစ်ပါသည်။ မြွေဟောက်ကဲ့သို့ ခန္ဓာကိုယ်၏ အာရုံကြောစနစ်ကို ထိခိုက်စေသောမြွေဆိုးများ အကိုက်ခံရပါက တစ်ကိုယ်လုံး အေးစက်ခြင်း၊ ချွေးစေးများထွက်ခြင်း၊ မျက်စိအမြင်ဝေဝါးခြင်း၊ စကားပြောမပီခြင်း၊ မျက်လုံးနှင့် မျက်နှာများ လေဖြန်းခြင်း၊ လျှာထုတ်မပြနိုင်ခြင်း၊ ရေမျိုရခက်ခြင်း၊ နှာခေါင်းမှ နှာရည်များထွက်ကျခြင်း၊ အန်ခြင်း၊ အိပ်လျက်တွင် ဦးခေါင်းများနှင့် ခြေထောက်များ မတင်နိုင်မှုမရှိခြင်း၊ အကူအညီမပါဘဲ မရပ်နိုင်၊ မလျှောက်နိုင်ခြင်း၊ ကြွက်သားများ အားနည်းခြင်း၊ နာကျင်ခြင်း၊ အသက်ရှူရခက်ခဲခြင်းတို့ ဖြစ်ပါသည်။)

(၆) မြွေကိုက်ခံရသည့် အချိန်ကိုလည်း မှတ်သားထားပေးပါ။

(၇) အကိုက်ခံရသည့် လူနာ၏လက်မှ လက်စွပ်၊ လက်ကောက်၊ နာရီနှင့် ဖိနပ်များကို (ခြေ/လက်)များ မြွေဆိပ်သင့်၍ မရောင်ရမ်းလာမီ ကြိုတင်ချွတ်ထားသင့်ပါသည်။

(၈) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ သတင်းစာများတွင် ထုတ်ပြန်ကြေညာသော မြွေကိုက်ရောဂါကာကွယ်ရေးနှင့် မြွေကိုက်ခံရပါက စနစ်တကျ ရှေးဦးပြုစုခြင်း၊ ပညာပေးနှိုးဆော်ချက်များကိုလည်း လိုက်နာဆောင်ရွက်သင့်ပါသည်။

(၉) ကျေးလက်ပြည်သူများအား မြွေဆိုးအန္တရာယ် ကာကွယ်ခြင်းနှင့် ရှေးဦးသူနာပြုစုနည်းအကြောင်းကို ပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ သတင်းစာ ဂျာနယ်နှင့် ရုပ်သံများတွင် ထုတ်လွှင့်ပေးခြင်းအပြင် လက်ကိုင်ဖုန်းများမှ တစ်ဆင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(၁၀) မြွေဆိုးပေါများရာ ကျေးလက်ဒေသများတွင် အန္တရာယ်ကင်း၍ ထိရောက်မှုရှိသော မြွေကိုက် ရှေးဦးသူနာပြုစုနည်းများကို လူတိုင်းတတ်သိထားရန် လိုအပ်ပါသည်။

(၁၁) မြွေကိုက်ခံရပါက မှန်ကန်သော ရှေးဦးသူနာပြုစုမှုကို ခံယူပါ၊

(၁၂) မြွေဆိပ်ဖြေဆေး ထိုးနှံမှုပေးနိုင်သောနေရာသို့ ချက်ချင်းသွားပါ။ လိုအပ်ပါက ဆီလျော်သော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနှံပါ။ သို့မှသာ အသက်ကယ်နိုင်ပါသည်။ တန်ဖိုးရှိသောအချိန်ကို မဖြုန်းသင့်ပါ။ လူနာကို ဆေးရုံသို့ဆက်လက်ပို့ဆောင်ရန် နှောင့်နှေးမှုဖြစ်စေနိုင်ပါသည်။

မြွေကိုက်ခံရသောလူနာများကို ရှေးဦးသူနာပြုစုခြင်း၏ ရည်ရွယ်ချက်များမှာ မြွေကိုက်ခံရသူအား မလိုလားအပ်သော စိုးရိမ်ပူပန်စိတ်များ လျော့နည်းစေရန်နှင့် အားပေးနှစ်သိမ့်မှုများ ပြုလုပ်ရန်၊ မြွေအဆိပ်များ အကိုက်ခံရသောခန္ဓာကိုယ်နေရာမှ သွေးကြောများအတွင်းသို့ ရောက်ရှိနိုင်မှုကို တတ်နိုင်သလောက် နှေးကွေး/ လျော့နည်းစေရန်၊ မြွေဆိပ်ဖြေဆေးဖြင့် ကုသမှုမခံယူနိုင်မီ မြွေကိုက်ခြင်းကြောင့် မြွေအဆိပ်သင့်ခြင်းနှင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားခြင်းကို တားဆီးနိုင်ရန်နှင့် မြွေအကိုက်ခံရသောလူနာကို(လိုအပ်လျှင်/မြွေဆိပ်တက်လာလျှင်) သင့်တော်သော မြွေဆိပ်ဖြေဆေးထိုးနှံမှု ခံယူနိုင်ရန်အတွက် ဆေးရုံသို့ မဖြစ်မနေ ဆက်လက်ပို့ဆောင်နိုင်ရေး အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါသည်။

အနှစ်ချုပ်၍ တင်ပြရလျှင် မြွေကိုက်ခံရပါက မြွေအကိုက်ခံရသူတိုင်းကို အထက်ဖော်ပြပါ ထိရောက်မှန်ကန်သော ရှေးဦးသူနာပြုစုနည်းဖြင့် ဦးစွာ ကုသမှု ချက်ချင်းပေးပါ။ ပြီးလျှင် ဆေးရုံသို့ လျင်မြန်စွာ ဆက်လက်ပို့ဆောင်ရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုက်သည့်မြွေသည် အဆိပ်ရှိသောမြွေ(မြွေဆိုး) ဟုတ်/မဟုတ် မြွေဦးခေါင်းကိုကြည့်လျှင် အကြမ်းအားဖြင့် သိရှိနိုင်ပါသည်။ အဆိပ်ရှိမြွေ၏ ဦးခေါင်းသည် တြိဂံပုံသဏ္ဌာန်ရှိပြီး သိမ်သွားသော လည်ပင်းပုံ တိတိကျကျရှိပါသည်။ ဦးခေါင်းပိုင်းတစ်ခုလုံးရှိ အကြေးခွံများသည်လည်း သေးငယ်(ကွက်စိပ်)ပါသည်။ အဆိပ်မရှိသော မြွေ၏ဦးခေါင်းသည် ဘဲဥပုံသဏ္ဌာန်ဖြစ်ပြီး သတ်သတ်မှတ်မှတ် လည်ပင်းမရှိပါ၊ ဦးခေါင်းပိုင်းတွင်လည်း ကြီးမားသော အကြေးခွံများကို မြင်တွေ့နိုင်ပါသည်။ အဆိပ်ရှိသော မြွေအကိုက်ခံရပါက အကိုက်ခံရသည့်နေရာ(အစွယ်နေရာ)တွင် ရောင်ရမ်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ သွေးတိုးခြင်း၊ သွေးခြည်ဥခြင်းနှင့် မီးလောင်ဖုထခြင်းတို့ ဖြစ်တတ်ပါသည်**

# ဘရာဇီးအသင်းကို ဗိုလ်လုပွဲသို့ အရောက်ပို့ခဲ့တဲ့ နေမာ

ဘရာဇီးဘောလုံးအသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ နေမာဟာ ဘရာဇီးအသင်းကို ဗိုလ်လုပွဲသို့ အရောက်ပို့ဆောင်ပေးနိုင်ခဲ့ပါပြီ။ ဘရာဇီးအသင်းဟာ အကြိုဗိုလ်လုပွဲမှာ ဟွန်ဒူးရပ်စ်ကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ကစားပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ရာမှာ နေမာက ပွဲစပြီး ၁၅ စက္ကန့်အကြာမှာပဲ အဖွင့်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်စီးတီးက စာချုပ်အသစ်ချုပ်ဆိုလိုက်တဲ့ အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား ဂျီးဆက်က ပွဲချိန် ၂၆ မိနစ်နဲ့ ၃၅ မိနစ်တွေမှာ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ မာကွီဟော့၊ လူအန်နဲ့ နေမာတို့က တစ်ဂိုးစီ ထပ်သွင်းယူနိုင်ခဲ့လို့ ခြောက်ဂိုးပြတ်နဲ့ ဟွန်ဒူးရပ်စ်ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပါပြီ။

ဘရာဇီးဘောလုံးအသင်းအနေနဲ့ အိုလံပစ်မှာ ဗိုလ်လုပွဲတက်ရောက်နိုင်တာ စတုတ္ထအကြိမ်မြောက်ဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ လွန်ခဲ့တဲ့လေးနှစ်က လန်ဒန် အိုလံပစ်မှာ မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပြိုင်ပွဲအပါအဝင် သုံးကြိမ်စလုံး ငွေတံဆိပ်နဲ့ပဲ ကျေနပ်ခဲ့ရတာပါ။ ဒီနှစ်ပွဲကတော့ စတုတ္ထအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်မှုဖြစ်ပါတယ်။





# အိုလံပစ် ဗိုလ်လုပွဲမှာ ဘရာဇီးတို့ရဲ့ ဆမ်ဘာစည်သံတွေ ခြိမ့်ခြိမ့်ညံနိုင်ပါ့မလား

အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲနဲ့ တတိယနေရာလုပွဲကိုတော့ ဩဂုတ် ၂၀ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာ ၂၀၁၆ အိုလံပစ် အားကစားပွဲတော်ရဲ့ အမျိုးသားဘောလုံးပြိုင်ပွဲမှာ အသင်း ၁၆ သင်းတို့ ပါဝင်ဆင်နွှဲခဲ့တာဟာ အခုဆိုရင် နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်ဘရာဇီးတက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ နောက်ဆုံး ဗိုလ်လုပွဲမှာ ဂျာမနီအသင်းနဲ့သာ ပြိုင်နွှဲရမှာမို့ ဒီပွဲမှာ တက်ကုန်၊ ရှက်ကုန်လွှင့်ရမယ့်အနေအထားရှိနေပါတယ်။

အသင်း ၁၆ သင်းကို အုပ်စု လေးစုခွဲပြီး ကစားခဲ့ရာမှာ ဘရာဇီးတို့က အုပ်စု(A)မှာ ဒိန်းမတ်၊ အီရတ်၊ တောင်အာဖရိကတို့နဲ့အတူ ပါဝင်ခဲ့ပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်ရတာကြောင့် အုပ်စုပထမနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့ပါတယ်။ အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာမှာ ဘရာဇီးတို့ လေးဂိုးသာသွင်းယူနိုင်ခဲ့လို့ တိုက်စစ်အားက ကျေနပ်စရာမရှိခဲ့သလို ကစားကွက်ကလည်း ပြိုင်ဘက်တွေကို ထိတ်လန့်မှုမဖြစ်စေခဲ့ပါဘူး။

ကွာတားဖိုင်နယ်မှာတော့ ဘရာဇီးတို့က အုပ်စု(B)က ဒုတိယနဲ့တက်လာခဲ့တဲ့ ကိုလံဘီယာအသင်းနဲ့ ကစားခဲ့ရပါတယ်။ တိုက်စစ်အားကောင်းမွန်တဲ့ ကိုလံဘီယာအသင်းကို ဘရာဇီးတို့က နှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာလည်း ဘရာဇီးအသင်းရဲ့ ခြေစွမ်းက သိသိသာသာ တိုးတက်လာမှုမရှိပေမယ့် အသင်းလိုက် တည်တည်ငြိမ်ငြိမ်နဲ့ ကစားနိုင်ခဲ့တာကြောင့် အကြိုဗိုလ် လုပွဲကို ရောက်ရှိလာတာဖြစ်ပါတယ်။

အကြိုဗိုလ်လုပွဲမှာတော့ အာရှထိပ်သီးတစ်သင်းဖြစ်တဲ့ တောင်ကိုရီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး တက်ရောက်လာတဲ့ ဟွန်ဒူးရပ်စ်နဲ့ ကစားခဲ့ရာမှာ ဘရာဇီးတို့ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးဒါဇင်ဝက်တိတိ သွင်းယူကာ ဂိုးပြတ်အောင်ပွဲခံနိုင်ခဲ့ပါတယ်။ ဟွန်ဒူးရပ်စ်နဲ့ ပွဲမှာ ကစားခဲ့တဲ့ ဘရာဇီးရဲ့ ခြေစွမ်းကြောင့် အိုလံပစ်အမျိုးသားဘောလုံးရွှေတံဆိပ်ကို ဘရာဇီးတို့ ဆွတ်ခူးနိုင်မယ်လို့ သုံးသပ်မှုတွေလည်း ထွက်ပေါ်လာပါတယ်။ ဘရာဇီးအသင်းရဲ့ ထူးခြားမှုက အခုအိုလံပစ်ပွဲတော် အမျိုးသားဘောလုံးပွဲစဉ်အုပ်စုပွဲတွေက စတင်ပြီး အခုနောက်ဆုံးဗိုလ်လုပွဲတက်ရောက်လာတဲ့အထိ ငါးပွဲ ကစားခဲ့ရာမှာ ပေးဂိုးလုံးဝမရှိခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ သွင်းဂိုးကတော့ ၁၂ ဂိုးအထိ ရှိခဲ့လို့ ဘရာဇီးဟာ တိုက်စစ်၊ ခံစစ်ဟန်ချက်ညီအောင် အားထုတ်နိုင်တဲ့အသင်းအဖြစ် သတိပြုစရာပါပဲ။

ဂျာမနီအသင်းကတော့ အုပ်စု(C)မှာ တောင်ကိုရီးယား၊ မက္ကဆီကို၊ ဖီဂျီအသင်းတွေနဲ့အတူ ပါဝင်ခဲ့ပြီး အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ငါးမှတ်ရကာ အုပ်စု ဒုတိယနဲ့ ကွာတားဖိုင်နယ်ကို တက်ရောက်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ အုပ်စုပွဲစဉ် သုံးပွဲ ကစားခဲ့ရာမှာ သွင်းဂိုး ၁၅ ဂိုးနဲ့ ပေးဂိုး ငါးဂိုးပဲရှိခဲ့ပါတယ်။ ဂျာမနီအသင်းဟာ ကွာတားဖိုင်နယ်မှာ ပေါ်တူဂီအသင်းနဲ့ တွေ့ဆုံကစားတဲ့အခါ လေးဂိုးပြတ်သွင်းပြီး အနိုင်ယူကာ အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

အကြိုဗိုလ်လုပွဲမှာတော့ ဒိန်းမတ်အသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး တက်ရောက်လာတဲ့ နိုင်ဂျီးရီးယားအသင်းနဲ့ ကစားရာမှာ နှစ်ဂိုးပြတ်နဲ့အနိုင်ယူပြီး အခုလို နောက်ဆုံးဗိုလ်လုမှာ ဂျာမနီတို့ အိမ်ရှင် ဘရာဇီးအသင်းနဲ့ ထိပ်တိုက်ဆုံတွေ့ခြင်း ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ အခု အိုလံပစ်ရဲ့အမျိုးသားဘောလုံးပွဲစဉ်တွေ ငါးပွဲကစားခဲ့ရာမှာ စုစုပေါင်း ၂၁ ဂိုးသွင်းယူနိုင်ခဲ့ပြီး အများဆုံး သွင်းယူခဲ့တဲ့ ပွဲကတော့ ဖီဂျီနဲ့ဖြစ်ကာ ၁၀ ဂိုးပြတ်အထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲစဉ် ငါးပွဲမှာ ပေးဂိုး ငါးဂိုးရှိခဲ့တဲ့ ဂျာမနီဟာ ပေးဂိုးလုံးဝမရှိခဲ့တဲ့ ဘရာဇီးနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ တိုက်စစ်ပိုင်းမှာတော့ ဂျာမနီတို့က အားသာချက်ရှိနေပြီး အသင်းလိုက်ကစားအားနဲ့ နိုင်လိုစိတ်ပြင်းထန်မှုမှာတော့ ဂျာမနီကစားသမားတွေက သာလွန်နေပါတယ်။ ဒါပေမယ့် အိမ်ရှင်ဖြစ်တဲ့ ဘရာဇီးတို့က မိမိကွင်း၊ မိမိပရိသတ်ရှေ့မှာ အကောင်းဆုံးခြေစွမ်းနဲ့ စွမ်းဆောင်မှုကို ပြသသွားမှာ ဖြစ်ပေမယ့် ဆမ်ဘာစည်သံတွေ ခြိမ့်ခြိမ့်ညံဖို့ သိပ်မလွယ်ပါဘူး။ ဂျာမနီတို့ ရွှေတံဆိပ်ကို ဆွတ်ခူးသွားနိုင်ဖို့ အခွင့်အရေးကောင်းနေတာတော့ အမှန်ပါပဲ။

တတိယလုပွဲအဖြစ် နိုင်ဂျီးရီးယားနဲ့ ဟွန်ဒူးရပ်စ်တို့ ပွဲမှာတော့ နိုင်ဂျီးရီးယားတို့ရဲ့ ဒိန်းမတ်၊ ဆွီဒင်၊ ဂျပန်အသင်းတွေကို နိုင်ပွဲရအောင် ကြိုးစားခဲ့တဲ့ ခြေစွမ်းက အားရစရာကောင်းနေပါတယ်။ လျင်မြန်မှု၊ ထိုးဖောက်တိုက်စစ်ဆင်မှုတွေမှာ အားကောင်းတဲ့ နိုင်ဂျီးရီးယားတို့ဟာ ခံစစ်ပိုင်းအားနည်းချက်တော့ ရှိနေပါတယ်။ ဟွန်ဒူးရပ်စ်တို့ကလည်း အသင်းလိုက်စုဖွဲ့မှုကောင်းကောင်းနဲ့ နားလည်မှုရှိရှိ ကစားနိုင်ပေမယ့် တိုက်စစ်၊ ခံစစ်အားရစရာမရှိပါဘူး။ နိုင်ဂျီးရီးယားတို့ပဲ တတိယနေရာရရှိသွားပါလိမ့်မယ်။ ။

❐ မိုးမြင့်လင်းလက် ❐

# ပထမဆုံးရွှေတံဆိပ် မျှော်မှန်းနိုင်ပြီဖြစ်တဲ့ ဗြိတိန်အမျိုးသမီးဟော်ကီအသင်း

ဘရာဇီးနိုင်ငံမှာ ကျင်းပနေတဲ့ ရီယိုအိုလံပစ် ၂၀၁၆ ပြိုင်ပွဲမှာ ဗြိတိန်အမျိုးသမီးဟော်ကီအသင်းအနေနဲ့ ပထမဆုံးသော အိုလံပစ်ရွှေတံဆိပ်ဆုကို မျှော်မှန်းနိုင်ပြီဖြစ်ပါတယ်။ ဗြိတိန်အမျိုးသမီးဟော်ကီအသင်းဟာ အကြိုဗိုလ်လုပွဲမှာ နယူးဇီလန် အမျိုးသမီးဟော်ကီအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲမှာ ဗြိတိန်အမျိုးသမီးဟော်ကီအသင်းအနေနဲ့ အနိုင်ရရှိသွားတဲ့အတွက် ဒုတိယငွေတံဆိပ်ဆုဆွတ်ခူးဖို့ သေချာသွားပြီဖြစ်ပါတယ်။ ဗြိတိန်အသင်းဟာ ဗိုလ်လုပွဲမှာ ဟော်လန်အသင်းနဲ့ တွေ့ရဖွယ်ရှိပါတယ်။


ဗြိတိန်အမျိုးသမီးဟော်ကီအသင်းအနေနဲ့ ဒီဗိုလ်လုပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် ဟော်ကီကစားနည်းမှာ ဗြိတိန်အမျိုးသမီးအသင်းက ပထမဆုံးရွှေတံဆိပ်ရရှိတာ ဖြစ်လာမှာပါ။ ဟော်ကီကစားနည်းဟာ ဗြိတိန်မှာ ဘောလုံးပြီးရင် ရေပန်းအစားဆုံး အားကစားနည်းတစ်မျိုးဖြစ်ပြီး ဗြိတိန်အမျိုးသမီးဟော်ကီအသင်းအနေနဲ့ ဒီနှစ်ပြိုင်ပွဲမှာတော့ ဗိုလ်စွဲနိုင်ဖို့ အလားအလာများရှိနေတယ်လို့ ဆိုပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# အက်သလက်တီကို ခံစစ်မှူး ဂျင်မီနက်ကို အာဆင်နယ်ခေါ်ယူဖို့ ဆွေးနွေးနေ

နောက်တန်းကစားသမား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အာဆင်နယ်အသင်းက ဗဟိုခံစစ်မှူးတစ်ဦးကို အမြန်ဆုံး ရှာဖွေနေပါတယ်။ အက်သလက်တီကို ဗဟိုခံစစ်မှူး ဟိုဆေးဂျင်မီနက်နဲ့ အာဆင်နယ်တို့ ဆွေးနွေးနေကြပြီလို့ ဆိုပါတယ်။ ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်မှာ လီဗာပူးကို လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် အာဆင်နယ်က နောက်တန်းကစားသမား လိုအပ်ချက်ကို အလျင်အမြန်ဖြည့်ဆည်းနိုင်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အဖွင့်ပွဲမှာ အာဆင်နယ်အသင်းအနေနဲ့ အသင်းခေါင်းဆောင် မာတီဆက်ကာ၊ နောက်တန်းလူ ဂါဘရီရယ်တို့ မပါဝင်ဘဲ ကစားခဲ့ရပါတယ်။ လူငယ်နောက်တန်းကစားသမားတွေဖြစ်တဲ့ ချန်းဘားစ်နဲ့ ဟိုးလ်ဒင်းတို့ဟာ အကောင်းဆုံး ကာကွယ်နိုင်စွမ်းမရှိခဲ့ကြပါဘူး။ ဒါကြောင့် အသက် ၂၁ နှစ်အရွယ်ရှိတဲ့ ဗဟိုခံစစ်မှူး ဂျင်မီနက်ကို ပေါင်သန်း ၄၀ ပေးပြီး ခေါ်ယူဖို့ အာဆင်နယ် တာဝန်ရှိသူတွေက ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ ဂျင်မီနက်ဟာ ပြီးခဲ့တဲ့ ရာသီက ၃၇ ပွဲ အက်သလက်တီကို အသင်းနဲ့အတူ ကစားခဲ့ပါတယ်။




# ကျောင်းကုန်းမြို့ ရေဘေးသင့်ပြည်သူများအား ကျော်သူပရဟိတကွန်ရက်အဖွဲ့နှင့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒအသင်းတို့မှ လာရောက်လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီသို့ ကျော်သူပရဟိတကွန်ရက်အဖွဲ့က ဩဂုတ် ၁၇ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ပဲခြမ်းကျော်နှင့် မုန့်ကြွပ် ငါးမျိုးပါ အိတ် ၆၀၀ ကို ကျော်သူပရဟိတကွန်ရက်အဖွဲ့၏(ပြည်သူ့ထံမှ ပြည်သူ့ဆီသို့)ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အမှတ်(၁)ရပ်ကွက် ဥယျာဉ်ကြီးဘုန်းကြီးကျောင်းသို့ အိတ် ၁၅၀ နှင့် အမှတ်(၃)ရပ်ကွက်တွင် အိတ် ၃၀၀ ကို လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ ၁၉၈၅-၁၉၈၆ ခုနှစ် ရန်ကုန်တက္ကသိုလ် သတ္တဗေဒအသင်း(ဗိုလ်တထောင်)အဖွဲ့ကလည်း ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၅၀၊ ခေါက်ဆွဲခြောက် အထုပ် ၁၈၀၀၊ ဆီ ၃၀ ကျပ်သားဘူး ၁၃၅ ဘူးနှင့် ခ‌ောတ်ဆားအထုပ် ၁၅၀ ကို လာရောက်လှူဒါန်းခဲ့ကြသည်။




ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ်မြစ်ရေကြီးမှုကြောင့် ကျေးရွာများရှိ အိမ်ခြေနှစ်သောင်းကျော်သို့ ရေဝင်ရောက်ကာ လူဦးရေ ရှစ်သောင်းကျော်မှာ ရေဘေးဒဏ်ခံစားနေကြရပြီး မြို့နယ်အတွင်းမှ စိုက်ပျိုးပြီး လယ်ဧက သုံးသောင်းခွဲကျော်မှာလည်း ရေနစ်မြုပ်ပျက်စီးသွားပြီဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး အသိပညာပေးဟောပြောပွဲပြုလုပ်

**သံဖြူဇရပ် ဩဂုတ် ၁၉**

သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့ အောင်ချမ်းသာရပ်ကွက် မူလတန်းကျောင်း၌ ဩဂုတ် ၁၆ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဘရွှေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးအေးမင်းတို့က ယာဉ်မောင်းနှင်စီးနင်းသူများအနေဖြင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများကို သိရှိလိုက်နာပြီး မောင်းနှင်ကြရန်၊ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် သတိပြုဆင်ခြင်ရန် အချက်များနှင့် မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာသိရှိကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးသီကလည်း ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကိုလည်း ကျောင်းသား ကျောင်းသူများ လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သူများအသင်း အဖွဲ့ဝင်များတွေ့ဆုံပွဲ ခင်ဦးမြို့နယ်၌ ပြုလုပ်

**ခင်ဦး ဩဂုတ် ၁၉**

သီးနှံအလိုက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး နည်းပညာဆိုင်ရာကိစ္စများ ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်သူများ မြို့နယ်အသင်း (Seed Grower Association)အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဩဂုတ် ၁၇ ရက်က ကံသစ်ကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်စံပြကွက်ဧက ၅၀ ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေက မျိုးစေ့ထုတ်လုပ်သူများအသင်းဖွဲ့စည်းသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းက မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ရီရီသိန်းက မျိုးစေ့လုပ်ကွက်များတွင် ပိုးမွှားရောဂါကာကွယ်ရန် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးအောင်က မျိုးစေ့ထုတ်လုပ်သူများအသင်းအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မျိုးစေ့ထုတ်အသင်းဝင် တောင်သူများက မျိုးစေ့ထုတ်လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးနည်းများဖြစ်သော လူဖြင့်ကြဲပက်စိုက်ပျိုးသည့်နည်းစနစ်၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းစနစ်၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့် ပျိုးသက်နုစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသော လယ်ကွက်များကို မြို့နယ်ဦးစီးမှူး ဦးစိုးအောင်က တောင်သူများအား မျိုးစေ့ထုတ်စံပြကွက်အတွင်း လှည့်လည်ပြသခဲ့သည်။ **ခင်ဦးစိုးဝေ**



**သာပေါင်းမြို့နယ်အတွင်းမှ ရေဘေးသင့်ကျေးရွာများဖြစ်သော ရွှေညောင်ပင်ကျေးရွာအုပ်စုရှိ ပြည်သူ ၁၆၁၃ ဦးနှင့် လင်းတာကျကျေးရွာအုပ်စုရှိ ပြည်သူ ၆၈၀ တို့အတွက် ထောက်ပံ့ပစ္စည်းများကို ဒေးဒရဲမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးပညာစာရ ဦးဆောင်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ဒေးဒရဲမြို့လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက ဩဂုတ် ၁၇ ရက်က ကျေးရွာများအရောက် သွားရောက် လှူဒါန်းထောက်ပံ့စဉ်။** (ဆန်အိတ် ၂၅၀၊ ရေသန့်ကတ် ၂၀၀၊ ဆီ ၅၀ ဆယ်ကျပ်သားပါဘူး ၁၀၀၀ နှင့် ခေါက်ဆွဲခြောက်အထုပ် ၂၂၅၀၀ ကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။)
**မျိုးဇော်သိန်း(ပြန်/ဆက်)**

# ဘိုးဘွားများအား အားဆေးနှင့်ထောက်ပံ့ငွေများပေးအပ်

**ပင်လည်ဘူး ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်းမှ အသက် ၉၀ ကျော် သက်ကြီးဘိုးဘွားများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဘိုးဘွားများ၏ နေအိမ်များသို့သွားရောက်ပြီး အားဆေးများနှင့် ထောက်ပံ့ငွေများ ဩဂုတ် ၁၇ ရက်က ပေးအပ်ကန်တော့ခဲ့ကြကြောင်း သိရသည်။

အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်တစ်သောင်းငါးထောင်စီနှင့် အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများအား တစ်ဦးလျှင် ကျပ်နှစ်သောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ပင်လည်ဘူးမြို့နယ်တွင် အသက် ၉၀ နှင့်အထက် ဘိုးဘွား ၆၁ ဦးရှိပြီး အသက် ၁၀၀ နှင့်အထက် ဘိုးဘွားသုံးဦးရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း နှစ်စဉ် ဝါတွင်းကာလ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ခိုကိုးရာမဲ့ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့လှူဒါန်း

**ဖြူး ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု သပြေသာကျေးရွာ ရွှေသပြေသာဘုန်းတော်ကြီးပညာသင် မူလတန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တစ်လုံးကြီးဒေသ နောင်ဟိုင်းကြီးကျေးရွာမှ မိဘမဲ့အများစုပါဝင်သည့် ခိုကိုးရာမဲ့ ကျောင်းသား ကျောင်းသူ ၂၈ ဦးအား ရပ်ဝေးရပ်နီးမှ စေတနာရှင်များက ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ(သမာဓိ) မိသားစုက မာမားခေါက်ဆွဲခြောက် အထုပ် ၂၀၀ ပါတစ်ဖာနှင့် တောင်ငူတက္ကသိုလ် ကျောင်းသားကျောင်းသူများက အလှူငွေကျပ်ငါးသိန်းနှင့် စားသောက်ဖွယ်ရာ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံနှင့် ကျောင်းသုံးပစ္စည်းများကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် ခိုလှုံပညာသင်ကြားလျက်ရှိကြသော ကလေးသူငယ်များမှာ ပအိုဝ်းတိုင်းရင်းသားများဖြစ်ကြပြီး အဋ္ဌမတန်းတွင် ကျောင်းသူ လေးဦး၊ သတ္တမတန်းတွင် ကျောင်းသား ငါးဦး၊ ကျောင်းသူ ငါးဦး၊ ပဉ္စမတန်းတွင် ကျောင်းသူ လေးဦး၊ စတုတ္ထတန်းတွင် ကျောင်းသူ လေးဦး၊ တတိယတန်းတွင် ကျောင်းသူ နှစ်ဦး၊ ဒုတိယတန်းတွင် နှစ်ဦးနှင့် သူငယ်တန်းတွင် နှစ်ဦးတို့ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား ရွှေသပြေသာဘုန်းတော်ကြီးပညာသင်ကျောင်းမှ ကျောင်း ထိုင်ဆရာတော် ဘဒ္ဒန္တသိရိန္ဒက တာဝန်ယူစောင့်ရှောက်ထားလျက်ရှိကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

# မိုးခေါင်သဖြင့် သက်တမ်းတိုသော ပင်ထောင်မြေပဲကို သီးညှပ်သီးနှံအဖြစ် နှစ်သီးစားစိုက်ပျိုးမှုများလာ



**ငါ့သရောက် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ယခင်က တစ်သီးစားစနစ်သာ ထွန်ယက်စိုက်ပျိုးကြရာမှ ယခုအခါ တစ်နှစ်ထက်တစ်နှစ် မိုးရွာသွန်းမှုလျော့နည်းလာခြင်းကြောင့် သက်တမ်းတိုသီးနှံများကို စိုက်ခင်းများတွင် နှစ်သီးစား သီးညှပ်သီးနှံအဖြစ် ထည့်သွင်းစိုက်ပျိုးလာကြကြောင်းနှင့် ယခုနှစ်တွင် သုံးလမြေပဲခေါ် ပင်ထောင်မြေပဲကို သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာမှ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ မိုးရွာသွန်းမှုက တစ်နှစ်ထက်တစ်နှစ် ပိုပြီးဆိုးရွားလာပါတယ်။ ဒီနှစ်ဆိုရင် သီးနှံစိုက်ပျိုးတဲ့မိုးပဲ ရွာသွန်းခဲ့ပြီး သီးနှံပင်တွေ အောင်မြင်ဖြစ်ထွန်းတဲ့ အချိန်မှာ မိုးက အချိန်တစ်လနီးပါးလောက် ခေါင်သွားခဲ့အတွက် နှမ်းသီးနှံစိုက်ခင်းတွေ ပျက်စီးခဲ့ပါတယ်။ ဒီလို ရာသီဥတုဖောက်ပြန်မှုတွေကြောင့် မြို့နယ်အတွင်းမှာရှိတဲ့ တောင်သူတွေလည်း မိုးလေဝသအခြေအနေပေါ်မူတည်ပြီး သက်တမ်းရှည်သီးနှံတွေအစား ဈေးကွက်ဝင်ပြီး သက်တမ်းတိုတဲ့သီးနှံတွေကို စိုက်ခင်းတွေမှာ သီးညှပ်စိုက်ပျိုးနည်းစနစ်များအဖြစ် ပြောင်းလဲစိုက်ပျိုးမှုတွေ လုပ်ကိုင်လာကြတာပါ။

"ကျွန်တော်တို့မြို့နယ်မှာ သက်တမ်းတိုသီးနှံအဖြစ် သုံးလမြေပဲခေါ် ပင်ထောင်မြေပဲကို တောင်သူတွေအများဆုံးစိုက်ပျိုးကြပြီး သက်တမ်းရှည် ပဲစင်းငုံစိုက်ခင်းတွေမှာ သီးညှပ်စိုက်ပျိုးသီးနှံအဖြစ် အများဆုံးစိုက်ပျိုးကြပါတယ်။ သုံးလမြေပဲက ကျွန်တော်တို့ဒေသမှာ အောင်မြင်ဖြစ်ထွန်းတဲ့အတွက် တောင်သူတွေအတွက် တွက်ခြေကိုက်တာကြောင့် အများဆုံးစိုက်ပျိုးကြတာပါ။ ဒီနှစ် တောင်သူတွေစိုက်ပျိုးထားတဲ့ သုံးလမြေပဲခေါ် ပင်ထောင်မြေပဲတွေဟာလည်း ဒီလထဲမှာရွာသွန်းတဲ့မိုးနဲ့ အရမ်းကို အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု မြေနဲကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ဆိုသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေစီးကြောင်းပြောင်းလဲပြီး ကျေးရွာကို နှစ်ပိုင်းပိုင်းသော ချောင်းအသစ်ဖြစ်လာသဖြင့် ဒေသခံများအခက်တွေ့နေ



**ရေစကြို ဩဂုတ် ၁၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ မြစ်ရေပြန်လည်ကျဆင်းသွားချိန်တွင် ကျွန်းထဲကျေးရွာတစ်ရွာဖြစ်သော မီးလောင်ကျွန်းကျေးရွာအုပ်စု ပေါက်တောကျွန်းကျေးရွာ၌ ကျေးရွာအား နှစ်ပိုင်းပိုင်းခြားသွားသော ချောင်းအသစ်ဖြစ်ပေါ်လာပြီး ထိုချောင်းဖြစ်ပေါ်လာခြင်းကြောင့် ရေတိုက်စားခံရနိုင်သည့် လူနေအိမ်များအားပြောင်းရွှေ့ရလျက်ရှိကြောင်း သိရသည်။

ပေါက်တောကျွန်းကျေးရွာတွင် ဩဂုတ် ၇ ရက်က အသစ်ဖြစ်ပေါ်လာသော အဆိုပါချောင်းကြောင့် ကမ်းပြိုမှုလည်း ဖြစ်ပွားလျက်ရှိရာ ချောင်းအနီးရှိ လူနေအိမ်များမှာ ပြောင်းရွှေ့ရလျက်ရှိပြီး ပေါက်တောကျွန်းတောင်ရွာတစ်ရွာလုံး ချောင်းရေစီးကြောင်းအတွင်း မျောပါသွားမည်ကိုပါ စိုးရိမ်ကြောင့်ကြနေကြရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"အခုချောင်းဖြစ်နေတဲ့နေရာမှာ အရင်က ရွာမြေလိုမျိုး ကုန်းမြေတွေပါ။ ချိုင့်ခွက်ကလေးတွေ နည်းနည်းပဲ ရှိတာပါ။ ဩဂုတ် ၇ ရက်က စပြီးတော့ တစ်နေ့နဲ့တစ်ည ပြိုလိုက်တာ အခုချောင်းကြီးဖြစ်သွားပါတယ်။ ပေါက်တောကျွန်းတောင်ရွာနဲ့ မြောက်ရွာကြားကို ချောင်းက ပိုင်းခြားထားလိုက်တာပါ။ ချောင်းက ချင်းတွင်းမြစ်နဲ့ ဆက်နေပါတယ်။ ချောင်းအကျယ်က အခု ပေ ၅၀၀ ကျော်လောက် ကျယ်နေပါတယ်။ ချောင်းအနက်က ဝါးတစ်ပြန်မမီပါဘူး။ အခုချောင်းဖြစ်နေတဲ့နေရာမှာ ကျွန်တော်တို့လယ်ယာလုပ်စားတဲ့ မြေရှစ်ဧကလောက် ပါသွားပါတယ်။ ကမ်းပြိုပြီး ချောင်းဖြစ်သွားတာမြန်လွန်းလို့ ယုံတောင်မယုံနိုင်ပါဘူး။ ချောင်းရေတိုက်စားတာ မြန်လွန်းတာကြောင့် ကျေးရွာအန္တရာယ်ရှိရင် အလျင်အမြန်ပြောင်းရွှေ့နိုင်အောင်လို့ ချောင်းကမ်းပါးမှာ ညတိုင်း ရွာသား ၁၀ ယောက် အလှည့်ကျ ရေကင်းစောင့်နေပါတယ်။ ကျွန်တော်တို့ရွာမြေကို ချောင်းရေတိုက်စားခံရ သက်သာအောင်လို့ မျောတိုင်၊ ဝါး၊ သစ်ကိုင်းသစ်ခက်၊ ကြိုးတွေနဲ့ ရေတားလုပ်ထားပါတယ်။ ကျွန်တော်တို့ ချောင်းနံဘေးကပ်လျက်က လူနေအိမ်တွေကို ဩဂုတ် ၁၀ ရက်နေ့က ကြက်ခြေနီတပ်ဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့တွေက လာရောက်ပြောင်းရွှေ့ပေးသွားပါတယ်။ ထပ်ပြောင်းရွှေ့ရမယ့်အိမ်တွေ ရှိနေပါသေးတယ်"ဟု ပေါက်တောကျွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ပြောသည်။

ရေစီးကြောင်းပြောင်းလဲမှုကြောင့် တောင်ရွာမှ လူနေအိမ်ခြောက်လုံးမှာ ရွှေ့ပြောင်းခဲ့ရပြီး ရွှေ့ပြောင်းရသော အိမ်များမှာ နေစရာမြေမရှိ၍ အခက်တွေ့နေကြကြောင်း သိရသည်။ ထို့အတူ မြောက်ရွာသို့ သွားရောက်၍ ကျောင်းတက်နေကြရသည့် ကလေးငယ်များမှာလည်း ကျောင်းတက်ရန်အတွက် မြစ်ချောင်းခြားသွားသဖြင့် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ပေါက်တောကျွန်း တောင်ရွာတွင် အိမ်ခြေ ၁၂၇ အိမ်၌ အိမ်ထောင်စု ၁၄၆ စု၊ လူဦးရေ ၆၉၉ ဦး နေထိုင်ပြီး ရွာ၏ မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် မြစ်ချောင်းများ ဝိုင်းရံလျက်ရှိကာ မြောက်ရွာတွင် ရွှေ့ပြောင်းနေထိုင်ကြရန်မှာလည်း အားလုံးအတွက် မြေနေရာမရှိသဖြင့် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

ယခုနှစ်မြစ်ရေတက်ချိန်တွင် ရေစကြိုမြို့နယ်အတွင်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြားရှိ ကျွန်းထဲကျေးရွာများ၌ ရေအမြင့် ရှစ်ပေခန့်အထိ မြင့်တက်ခဲ့ကာ ပေါက်တောကျွန်းကျေးရွာ၌ ချောင်းအသစ်ဖြစ်ပေါ်လာခဲ့သလို ကျွန်းထဲကျေးရွာ တစ်ရွာဖြစ်သော သာဂေါင်ကျေးရွာအုပ်စု သာဂေါင်ကျေးရွာ၌မူ ချောင်းရိုးအတွင်း မြစ်ရေကျချိန်၌ သဲနုန်းများ လေးတောင်ခန့်အထိ မြင့်တက်ကာ သဲနုန်းပြင် ပေါ်လာခဲ့သည်။ ထိုသို့ သဲနုန်းပြင် ပေါ်လာသောကြောင့် ယခင်နှစ်များကကဲ့သို့ နုန်းမြေပေါ်အောင် ချောင်းရေကျချိန်အထိ စောင့်၍စိုက်ပျိုးရန်မလိုဘဲ စောစီးစွာ စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် ချောင်းရိုးအတွင်း နှစ်သီးစား စိုက်ပျိုးနိုင်မည်ဖြစ်ရာ ဒေသခံတောင်သူများအတွက် အဆင်ပြေလာနိုင်ကြောင်း သာဂေါင်ကျေးရွာမှ တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်း-အိမွန်ဆွေ(ရေစကြို)၊**
**ဖေထွဏ်းဇော်(ရေစကြို)**
**ဓာတ်ပုံ-ဖေထွဏ်းဇော်(ရေစကြို)**

**ချောင်းက ချင်းတွင်းမြစ်နဲ့ ဆက်နေပါတယ်။ ချောင်းအကျယ်က အခု ပေ ၅၀၀ ကျော်လောက် ကျယ်နေပါတယ်။ ချောင်းအနက်က ဝါးတစ်ပြန်မမီပါဘူး။ ကမ်းပြိုပြီး ချောင်းဖြစ်သွားတာမြန်လွန်းလို့ ယုံတောင်မယုံနိုင်ပါဘူး။ ချောင်းရေတိုက်စားတာ မြန်လွန်းတာကြောင့် ကျေးရွာအန္တရာယ်ရှိရင် အလျင်အမြန်ပြောင်းရွှေ့နိုင်အောင်လို့ ချောင်းကမ်းပါးမှာ ညတိုင်း ရွာသား ၁၀ ယောက် အလှည့်ကျ ရေကင်းစောင့်နေပါတယ်**

## ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး



**ဒိုက်ဦး ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုက်ဦးမြို့ ကောလိယခန်းမ၌ ဩဂုတ် ၁၈ ရက်က ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၂၉၉ဦးအား ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းများ သိရှိနားလည်အောင် ချပြရှင်းလင်းခြင်းနှင့် ဒုတိယရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ ပပျောက်ရေး၊ ပင်ရင်းဒိုင်ချုပ်များအား ပိုမိုထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးပေးပြီး ရောဂါကာကွယ်ရေး ပညာပေး

**ကန့်ဘလူ ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာအုပ်စု အင်ကြင်းစုကျေးရွာမှ တောင်သူများမွေးမြူထားသော နွားများကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ခွာနာလျှာနာရောဂါကာကွယ်ဆေးများ ဩဂုတ် ၁၂ ရက်က အခမဲ့ထိုးနှံပေးခဲ့ပြီး ရောဂါကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းနှင့် ဒုတိယဦးစီးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများပါဝင်သောအဖွဲ့က နွားများအား သွေးဖောက်၍နမူနာယူခြင်းနှင့် နွားကောင်ရေ ၂၇၀ ကျော်ကို ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နောက်ရက်များတွင် အခြားကျေးရွာများသို့လည်း ဆက်လက်သွားရောက်၍ ကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ခေါင်းဆောင်မှုနည်းပညာ ဟောပြောပွဲကျင်းပ

**ပျဉ်းမနား ဩဂုတ် ၁၉**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် JICA-TCP Project တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းတက်ရောက်လျက်ရှိသော နိုင်ငံတကာကျောင်းသားကျောင်းသူ ကိုးဦးနှင့် ဂျပန်ပါမောက္ခ၏ ဦးဆောင်မှုဖြင့် ၄င်းတို့တက်ရောက်လျက်ရှိသော တက္ကသိုလ်အကြောင်း၊ ကျောင်းသား ကျောင်းသူတစ်ယောက်၏ လှုပ်ရှားဆောင်ရွက်မှု၊ ခေါင်းဆောင်မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအကြောင်းကို တက္ကသိုလ်စုဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က ဆွေးနွေးဟောပြောခဲ့ပြီး ဆွေးနွေးပွဲသို့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့ကြိုသင်တန်း (စတုတ္ထနှစ်) ကျောင်းသားများနှင့် JICA-TCP Project မှ ဧည့်ပါမောက္ခများ တက်ရောက်ခဲ့ကြသည်။

**မေမိုးသဲ**



## သတင်းတိုများ

### ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရှိ မရှိစစ်ဆေး

အိုင်အိုဒင်း ချို့တဲ့ခြင်းကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများကို ကာကွယ်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့စည်ပင်သာယာမြို့မဈေးကြီးအတွင်း ရောင်းချနေသော ကုန်စုံဆိုင်များမှ ဆားများတွင် သတ်မှတ်ထားသော အိုင်အိုဒင်းပမာဏ ပါဝင်ခြင်းရှိမရှိကို မြို့နယ်စည်ပင်သာယာရေးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဈေးကော်မတီဝင်များ ပူးပေါင်း၍ ဩဂုတ် ၁၇ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ ပူးပေါင်းအဖွဲ့သည် ဈေးအတွင်းရောင်းချသော အစားအသောက်များ သန့်ရှင်းလတ်ဆတ်ကာ ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် မီးဘေးကာကွယ်ရေးအတွက် အမှိုက်သရိုက်များကို စနစ်တကျ ရှင်းလင်းရန်အတွက်လည်း ဆိုင်ရှင်များအား အသိပေးမှာကြားခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### အသိပညာပေးဟောပြောပွဲကျင်းပ

ပြည်ခရိုင် သဲကုန်းမြို့နယ် ဝက်ပုတ်ဈေးတန်းအမကကျောင်းနှင့် ရွာသာလု ကျေးရွာ အမကကျောင်းတို့တွင် ဩဂုတ် ၁၅ ရက်က အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ကြို့ပင်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးနိုင်လင်းက လူကုန်ကူးမှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးအောင်သိန်းက စားသုံးရန်သင့်မသင့်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ကျေးရွာသုံးစိုက်ခင်းမှထင်းများ လွှဲပြောင်းပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဝါးစိမ်းတောင်ကြိုးပြင်ကာကွယ်တောဧက ၁၀၀၀၀ အတွင်းရှိ (၁/၂၀၀၈) ကျေးရွာသုံးစိုက်ခင်း ၇၅ ဧကမှ ထွက်ရှိသော ထင်း ၈ ဒသမ ၉၁ တန်အား ကျောက်ပြုတ်ကျေးရွာမှ ပြည်သူများထံ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက်က ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက ထင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအလွတ်တန်း ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်က မဘိမ်းမြို့ ကုန်းခါးရပ်ကွက် မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက အမှာစကားပြောကြားသည်။ ဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်နှင့်ကျေးရွာများမှ ဘောလုံးအသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကွင်းဖွင့်ပွဲစဉ်အဖြစ် ဘဟဲကျေးရွာအသင်းနှင့် ရမ်းဘိုကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။
**ထိန်လင်းဦး(ပြန်/ဆက်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Electrical Materials (Meikhtilalwinpyin) (2 Items) | 1 Lot |
| (ခ) | Electrical Spare Parts (9 Items) | 1 Lot |
| (ဂ) | Heavy Machinery Spare Parts | 4 Items |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၈-၂၀၁၆ရက်
**ပိတ်ရက်နှင့်အချိန်** - ၂-၉-၂၀၁၆ရက်၊ ၁၅း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)**
**ဖြည့်တင်းရေး-၂ဌာနခွဲ**
**ရုံးအမှတ် (၅၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈**

## ရန်ကုန်ဘတ်စ်ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီရုံးခန်းကို ၂၀၁၆ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အမှတ်(၁၃၁/၁၃၃)၊ ပထမထပ်(ဝဲ)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၇၈၅၀ သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

## CLAIMS DAY NOTICE
## MV. GOLDEN FAN VOY:NO(174)

Consignees of cargo carried by M.V. GOLDEN FAN VOY:NO(174)are here by notified that the vessel will arrive of on about 21-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်နူးဘောမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၀-၁၉၉၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇုန်းနူး ဖြစ်ပါသည်။

### ပတ်စ်ပို့ပျောက်

ကျွန်မ မမာရွယ် ၁/မညန(နိုင်)၁၁၀၄၉၅၏ ပတ်စ်ပို့အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၆၈၃၃၂၆**

### အမည်ပြောင်း

ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ) နောင်ချိန်း၊ ဆဋ္ဌမတန်းမှ မလုဒိအား မလယောက်ဇောင်းနန်းဟု ပြောင်းလဲခေါ်ပါရန်။

## မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ S-12 RSU အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် မန္တလေး S-12 အိတ်ချိန်း၏ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မန္တလေး (ZTE NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node)များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | မင်္ဂလာမန္တလေး S-12 RSU(5) | ၀၂-၇၈××× | ၀၂-၂၈၄၈××× |
| ၂။ | မန္တလေးဆက်သွယ်ရေး ဧည့်ရိပ်သာ S-12 RSU(6) | ၀၂-၇၄××× | ၀၂-၂၈၄၄××× |
| ၃။ | မဟာမြိုင် S-12 RSU(2) နှင့်(7) | ၀၂-၆၂×××<br>၀၂-၇၇××× | ၀၂-၂၈၃၂×××<br>၀၂-၂၈၄၇××× |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် ပြည်စံအောင် JSY-2000 အိတ်ချိန်းရှိ ဖုန်းအချို့အား IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (NGN Soft Switch) အိတ်ချိန်း၏ MSAN (Multi Service Access Node)များနှင့် အောက်ပါအတိုင်း (၃၀-၉-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည်ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်း နံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးကြေညာအပ်ပါသည်။

| အမှတ်စဉ် | စခန်း | တယ်လီဖုန်းနံပါတ်အဟောင်း | တယ်လီဖုန်းနံပါတ်အသစ် |
|---|---|---|---|
| ၁။ | ဇေယျာသီရိမြို့နယ် ပြည်စံအောင် JSY-2000 | ၀၆၇-၇၅××× | ၀၆၇-၉၉၈၅××× |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

**THAI SAMSUNG CO., LTD. (Myanmar Branch Office)**
Building 14, 1st Floor, Myanmar ICT PArk(Phase III), Universities',
Hlaing Campus,Hlaing Township ,Yangon, Myanmar.
Line Number : +95-12305215, +95-12305216 Fax Number : +95-12305221

SAMSUNG

## Samsung ကိုအားပေးကြတဲ့ မိဘပြည်သူများ၊ မိတ်ဖက်ဆိုင်ရှင်များနဲ့ မီဒီယာမိတ်ဆွေများခင်ဗျား

ဩဂုတ်လ ၂ ရက်နေ့ နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ Samsung Galaxy Note 7 ရဲ့ မိတ်ဆက်ပွဲအပြီး ကမ္ဘာတစ်ဝှမ်းမှာ Galaxy Note 7 မှာယူမှုအရေအတွက် မယုံနိုင်လောက်အောင် မြင့်တက်လာခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများမှာ စတင်ရောင်းချမယ့်ရက်ကို ဩဂုတ်လမှ စက်တင်ဘာလသို့ ပြောင်းရွှေ့လိုက်ရပါတယ်။

မြန်မာနိုင်ငံမှာလည်း အထူးအစီအစဉ်နဲ့ စတင်ရောင်းချတဲ့နေ့မှာရော အရောင်းဆိုင်တွေမှာပါ ပစ္စည်းလုံလောက်စွာရရှိစေဖို့ ဩဂုတ်လ ၂၁ ရက်နေ့မှ စက်တင်ဘာလ ၁၁ ရက်နေ့သို့ စိတ်မကောင်းစွာ ပြောင်းရွှေ့လိုက်ရကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါတယ်။

အထူးအစီအစဉ်နဲ့ စတင်ရောင်းချမယ့်နေရာတွေကတော့ ရန်ကုန်မြို့ Melia ဟိုတယ်နဲ့ မန္တလေးမြို့ Skywalk ဈေးဝယ်စင်တာတို့မှာဖြစ်ပြီး လာရောက်ဝယ်ယူသူများကို ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ Original S-View Standing Cover နှင့် Type-C USB 3.0 travel adapter တို့အပြင် Samsung 32" LED TV တွေကို အဆိုပါနှစ်နေရာလုံးမှာ ကံစမ်းမဲဖောက်ပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် ပြောင်းရွှေ့လိုက်ရတဲ့ စက်တင်ဘာ ၁၁ ရက်အထိ စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းပေးကြမည့် Samsung ကိုချစ်တဲ့ မိဘပြည်သူများကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ စက်တင်ဘာလအတွင်း Galaxy Note 7 ဝယ်ယူအားပေးသူအားလုံးကို အထူးလက်ဆောင်အဖြစ် Original S-View Standing Cover (သို့မဟုတ်) Type-C USB 3.0 travel adapter တွေကို (ပစ္စည်းအရေအတွက် အကန့်အသတ်နဲ့) လက်ဆောင်ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Galaxy Note 7 ဘူးခွံတွေမှာ Samsung 32" LED TV ခဲခြစ်ကံစမ်းမဲကူပွန်များကို တစ်ပါတည်း ထည့်သွင်းပေးထားမှာဖြစ်လို့ သတ်မှတ်ထားတဲ့အရေအတွက် မကုန်ခင် ကံစမ်းရယူနိုင်ကြမှာဖြစ်တဲ့အကြောင်း သတင်းကောင်းပါးပါရစေ။

အခုလို အဆင်မပြေမှုအတွက် တောင်းပန်ရင်း Samsung ကို စဉ်ဆက်မပြတ်အားပေးကြတဲ့ မိဘပြည်သူများ၊ ခင်မင်ရင်းနှီးစွာရောင်းချပေးကြတဲ့ မိတ်ဆွေများနဲ့ အမြဲကူညီဖေးမပေးကြတဲ့ မီဒီယာညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားပါရစေ။

ခင်မင်လေးစားလျက်

ဦးဇာနည်ဝင်းထက်
Head of IT and Mobile Department
Samsung Myanmar

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း
## ICTTI Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ၊ JICAတို့ပူးပေါင်းဖွင့်လှစ်သည့် Information and Communication Techonology Training Institute (ICTTI)သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ | လက်ခံမည့်သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Software Engineering Course | ၂၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၅၀ ဦး |
| (၂) | Professional Diploma in Network Engineering Course | ၂၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၆၀ ဦး |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၅ပတ် | ၃၁-၁၀-၂၀၁၆ရက် | ၃၂ ဦး |
| (၄) | Oracle Database 11g Course (SQL PL/SQL and DBA) | ၃ပတ် | ၇-၁၁-၂၀၁၆ရက် | ၁၈ ဦး |
| (၅) | Cisco Learning Network Course (Routing & Switching and voice) | ၄ပတ် | ၇-၁၁-၂၀၁၆ရက် | ၁၂ ဦး |
| (၆) | Project Management Course | ၄ပတ် | ၁၂-၁၂-၂၀၁၆ရက် | ၁၀ ဦး |
| (၇) | Advanced Server Course (Virtualization and LDAP) | ၇ပတ် | ၁၉-၁၂-၂၀၁၆ရက် | ၈ ဦး |
| (၈) | Java Framework-based Development Course (Spring 3) | ၂ပတ် | ၁၆-၁-၂၀၁၇ရက် | ၁၈ ဦး |
| (၉) | Mobile Phone System Development Course | ၄ပတ် | ၆-၂-၂၀၁၇ရက် | ၁၈ ဦး |
| (၁၀) | Web and Cloud System Development Course | ၄ပတ် | ၆-၃-၂၀၁၇ရက် | ၁၈ ဦး |

၂။ အမှတ်စဉ်(၁)နှင့်(၂)သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာသင်တန်းကိုရွေးချယ်လျှောက်ထားနိုင်ပါသည်။
၃။ အမှတ်စဉ်(၃)သင်တန်းအတွက် HTML နှင့် Programming အခြေခံရှိသူများလျှောက်ထားနိုင်သည်။
၄။ အမှတ်စဉ်(၄)သင်တန်းအတွက် Database အခြေခံရှိသူများလျှောက်ထားနိုင်သည်။
၅။ အမှတ်စဉ်(၅)သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၆။ အမှတ်စဉ်(၆)သင်တန်းအတွက် IT Professional အဖြစ်အသက်မွေးဝမ်းကျောင်းမှုသက်တမ်းအနည်းဆုံး(၃)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။
၇။ အမှတ်စဉ်(၇)သင်တန်းအတွက် ICTTI Professional Diploma in Network Engineering သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၈။ အမှတ်စဉ်(၈)သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများလျှောက်ထားနိုင်သည်။
၉။ အမှတ်စဉ်(၉)နှင့်(၁၀)သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်း(သို့မဟုတ်) IMCEITS သင်တန်းဌာန Professional Diploma in Java Programming သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၁၀။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။
၁၁။ သင်တန်းအောင်မြင်ပြီးဆုံးပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ၊ JICA တို့မှပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များပေးအပ်မည်ဖြစ်ပါသည်။
၁၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများဖြစ်ရမည်-
(က) B.C.Sc/B.C.Tech/ B.Tech (IT)/B.Tech(EC)/B.E(EC)/B.E(IT)/B.Sc(ComputerScience)/M.C.Sc/M.C.Tech/M.I.Sc/M.A.Sc/M.E(IT)/M.E(EC)/M.Sc(Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။
(ဃ) ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။
(စ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။
၁၃။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၃-၉-၂၀၁၆ (သောကြာနေ့) | Online ဝင်ခွင့် စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | ICTTI သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၄။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း ICTTI သင်တန်းဌာနတွင် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့)နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
၁၅။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၅၂၅၄၂၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း
## IMCEITS Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ CDACတို့ပူးပေါင်းဖွင့်လှစ်သည့် India-Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာနတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ | လက်ခံမည့်သင်တန်းသားဦးရေ |
|---|---|---|---|---|
| (၁) | Professional Diploma in Java Programming Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၁၂၀ဦး |
| (၂) | Professional Diploma in Ms.Net Programming Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၈၀ဦး |
| (၃) | Professional Diploma in Wireless and Mobile Computing Course | (၂၄)ပတ် | ၇-၁၁-၂၀၁၆ | ၄၀ဦး |
| (၄) | Professional Certificate in Web Technologies Course | (၈) ပတ် | ၇-၁၁-၂၀၁၆ | ၄၀ဦး |
| (၅) | Professional Certificate in Android Programming Course | (၈)ပတ် | ၉-၁-၂၀၁၇ | ၄၀ဦး |
| (၆) | Professional Certificate in Linux Course | (၈)ပတ် | ၉-၃-၂၀၁၇ | ၄၀ဦး |

၂။ အမှတ်စဉ် (၁)၊ (၂)နှင့် (၃) သင်တန်းများသည် ဒီပလိုမာဘွဲ့သင်တန်းများဖြစ်ပြီး မိမိ၏ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်သည်။
၃။ အမှတ်စဉ်(၄)သင်တန်းကို HTML နှင့် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၄။ အမှတ်စဉ်(၅)သင်တန်းကို IMCEITS သင်တန်းဌာနမှ Professional Diploma in Java Programming (သို့မဟုတ်) Wireless and Mobile Computing Course သင်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်) ICTTI သင်တန်းဌာနမှ Professional Diploma in Software Engineering သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၅။ အမှတ်စဉ်(၆)သင်တန်းကို Linux အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။
၇။ သင်တန်းအောင်မြင်ပြီးဆုံးပါက နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်းနှင့် အိန္ဒိယနိုင်ငံ၊ CDAC အဖွဲ့အစည်းတို့ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။
၈။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-
(က) B.C.Sc/B.C.Tech/B.Tech (IT)/B.Tech (EC)/B.E (IT)/B.E (EC)/B.Sc (Computer Science)/M.C.Sc/M.C. Tech/M.I.Sc/M.A.Sc/M.E(IT)/M.E(EC)/M.Sc (Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူဖြစ်ရမည်။
(ဃ) ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။
(စ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။
၉။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၂၂-၉-၂၀၁၆ (ကြာသပတေးနေ့) | Online ဝင်ခွင့် စာမေးပွဲ | နံနက် ၁၀း၀၀ နာရီ | IMCEITS သင်တန်းဌာန၊ နည်းပညာတီထွင်ဆန်းသစ်မှုနှင့်မြှင့်တင်ရေးသင်တန်းကျောင်း |

၁၀။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် မြှင့်တင်ရေးသင်တန်းကျောင်း IMCEITS သင်တန်းဌာနတွင် ၁၉-၉-၂၀၁၆ရက် (တနင်္လာနေ့) နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
၁၁။ အခြားသိရှိလိုသည်များရှိပါက IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

### ဖခင်အမည်မှန်
တောင်သာမြို့နယ်၊ ကျောဇီအထက၊ စတုတ္ထတန်းမှ မမြတ်နိုးခင်၊ ၂၀၁၅-၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မဇာတို့၏ ဖခင်အမည်မှန်မှာ ဦးစံရွှေ ၉/တသန(နိုင်)၀၄၁၁၂၆ ဖြစ်ပါကြောင်း။ **ဦးစံရွှေ**

### အမည်မှန်
တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ နန်းမြတ်မြတ်စန်း ၇/ထတပ(နိုင်)၀၅၁၁၃၃ ၏ အမည်မှန်မှာ နန်းမြတ်စန်း ဖြစ်ပါကြောင်း။ **နန်းမြတ်စန်း**

### တစ်ဦးတည်းဖြစ်ကြောင်း
ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်သန့်ဇင်ဦး၏ဖခင် ဦးဇော်(ခ)ဦးဇော်မင်းနှင့် ဦးမောင်မောင်ဇော် ၅/ဒပယ(နိုင်)၀၇၇၂၉၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အလက(၄)၊ ထ(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စံ၏ ဖခင်အမည်မှန်မှာ ဦးရာပြည့်အောင် ၅/မရန(နိုင်)၃၁၉၁၅၁ ဖြစ်ပါကြောင်း။ **ဦးရာပြည့်အောင်**

### ဖခင်အမည်မှန်
လားရှိုးမြို့၊ အလက(၇)၊ အဌမတန်းမှ မောင်စိုင်းစွမ်ဖ၏ ဖခင်အမည်မှန်မှာ ဦးဆန်လူး(ခ)ဦးအိုက်လူဖြစ်ပါသည်။ **ဦးဆန်လူး(ခ)ဦးအိုက်လူ**

### အမည်မှန်
ကျောက်မဲမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(A)မှ မလင်းလက်ထွန်း(ဘ)ဦးသိန်းမောင် ၁၃/ကမန(နိုင်)၀၅၅၁၈၈၏ အမည်မှန်မှာ မရတီမြင့်မိုရ်ဖြစ်ပါကြောင်း။ **ဦးသိန်းမောင် ၁၃/ကမန(နိုင်)၀၅၅၁၈၈**

### ပျောက်ဆုံးကြောင်း
ကျွန်မ နော်အယ်ထူး ၂/လကန(နိုင်)၀၈၀၂၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ဖခင်အမည်မှန်
ရပ်စောက်မြို့နယ်၊ အထက(ဆပ်သေ)၊ တက္ကသိုလ်ဝင်တန်းမှ မပြုံးကြည်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဖွား ၁၃/ရစန(နိုင်)၀၂၃၉၄၉ ဖြစ်ပါကြောင်း။ **ဦးမောင်ဖွား**

### အမည်ပြောင်း
တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ သတ္တမတန်း(က)မှ မနွယ်နွယ်လှိုင်အား ယနေ့မှစ၍ မခမ်းထွေးဖြူဟု ပြောင်းလဲခေါ်ပါရန်။ **မခမ်းထွေးဖြူ**

### ဖခင်အမည်မှန်
တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ သတ္တမတန်း(က)မှ မခမ်းထွေးဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းအေး ၁၄/ဝခမ(နိုင်)၀၁၄၆၈၃ ဖြစ်ပါကြောင်း။ **ဦးထွန်းအေး**

### ဖခင်အမည်မှန်
ပေါင်မြို့နယ်၊ ဖြူဘ အထက(ခွဲ)၊ တတိယတန်းမှ ကျောင်းဝင်အမှတ်(၁၂၇၆)ဖြစ်သူ မောင်စည်သူထက်နှင့် ဒုတိယတန်းမှ ကျောင်းဝင်အမှတ်(၁၃၉၉)ဖြစ်သူ မသင်းသင်းလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဟိန်းဖြစ်ပါသည်။ **ဦးစိုးဟိန်း**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေး
### (အခြေခံယာဉ်မောင်းသင်တန်း)
ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၂)၊ မြောက်ဒဂုံမြို့နယ်၊ သင်တန်းအမှတ်စဉ်(၆)ကို ၂-၉-၂၀၁၆ ရက်တွင် စတင်ဖွင့်လှစ်မည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၈၀၈၆၄၀၊ ၀၉-၄၂၀၁၂၄၉၆၇၊ ၀၉-၇၃၀၂၁၁၇၆
(၁-ဈ)၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်
နယ်မှသင်တန်းသားများ-ဘော်ဒါဆောင်အခမဲ့

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | 2-10(T)/MESC/2016-2017 | ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်တွင် Control Building တည်ဆောက်ခြင်း၊ Switch Yard အဝင်လမ်းခင်းခြင်း၊ခြံစည်းရိုးကာရံခြင်း၊ Floorခင်းခြင်း၊Foundation ပြုလုပ်ခြင်း၊ ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံပစ္စည်းပေးသွင်းတပ်ဆင်ခြင်း၊၃၃ကေဗွီလိုင်း(၀.၅)မိုင်နှင့် ၁၁ကေဗွီလိုင်း(၁)မိုင် ပစ္စည်းပေးသွင်းတပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ | Turn Key |
| (ခ) | 1-14(T)/MESC/2016-2017 | ကျောက်ဆည်ခရိုင်၊ ကူမဲမြို့နယ်၊ ကူမဲခွဲရုံအား ၃၃/၁၁ ကေဗွီ(၁၀) အမ်ဗွီအေသို့ အင်အားတိုးမြှင့်ရန် လိုအပ်သောဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ပစ္စည်းဝယ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၅-၈-၂၀၁၆ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး ၁၄-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
(က) ရုံးလုပ်ငန်းသုံးစက်ပစ္စည်း ၇ မျိုး
(ခ) ရုံးသုံးပရိဘောဂ ၁ မျိုး
(ဂ) သန့်ရှင်းရေးသုံးပစ္စည်း ၆၀ မျိုး
(ဃ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်း ၃၀ မျိုး
(င) ကျောက်မျက်အလုပ်ရုံသုံးပစ္စည်း ၂၀ မျိုး
(စ) ဆေးဝါးပစ္စည်း ၆၉ မျိုး
(ဆ) မော်တော်ယာဉ်တာယာ(၈)မျိုးနှင့်ဘက်ထရီ(၂)မျိုး ၁၀ မျိုး
(ဇ) မော်တော်ယာဉ်စက်ဆီ/ချောဆီ ၃ မျိုး
၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** ။ ၁၈-၈-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** ။ ၁၆-၉-၂၀၁၆ ရက် ၁၂း၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၉၀၄ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးချစ်သိန်း ၃/ကဆက(နိုင်)၀၀၆၈၀၉၏ (PassPort No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**



**ရန်ကုန်-မန္တလေးရထားလမ်း (အစုန်လမ်း) ပိုင်းရှိ မြစ်ငယ်တံတားသစ်ဖွင့်**

ရန်ကုန်-မန္တလေးရထားလမ်း (အစုန်လမ်း) ပိုင်း၌ ဩဂုတ် ၁၉ ရက်က ဖွင့်လှစ်သည့် မြစ်ငယ်မြစ်ကူးတံတားသစ်ပေါ်မှ ကုန်ရထားတစ်စင်း ခုတ်မောင်းလာစဉ်
ဓာတ်ပုံ-မောင်မောင်စိုး *သတင်း စာမျက်နှာ-၁၁*

# အပူပိုင်းမုန်တိုင်း ဒိုင်ယမ်မူကြောင့် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်နိုင်

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဒိုင်ယမ်မူ" (Dianmu) သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

အဆိုပါအပူပိုင်းမုန်တိုင်း "ဒိုင်ယမ်မူ"၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အတွင်း အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❋

## သွေးနှင့် ဖုန်များပေကျံနေသည့် ဆီးရီးယားကလေးငယ်တစ်ဦး၏ပုံရိပ်ကို ရုပ်သံဖိုင်တစ်ခုတွင် တွေ့လိုက်ရသောကြောင့် ကမ္ဘာတစ်ဝန်းတုန်လှုပ်

စာ-၁၀

## နာဂဒေသအတွက် လှူဒါန်းသည့်ပစ္စည်းများ မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းမှ အမြန်ရေယာဉ်ဖြင့် ပို့ဆောင်

စာ-၁၄

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဘက်စုံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ဘက်စုံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ)၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးအထူးကုဆရာဝန်ကြီးတို့ပါဝင်သောအဖွဲ့သည် ဒေသဆိုင်ရာအာဏာပိုင်များ၊ နှီးနွှယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း၍ လိုအပ်သောထောက်ပံ့ကူညီမှုများပေးခြင်း၊ ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားခဲ့သည့် လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာသို့ ဩဂုတ် ၁၉ ရက်က ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း စသည့်လုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲမှ တီဘီရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီးနှစ်ဦးသည် *စာမျက်နှာ ၉ ကော်လံ ၁* ❖



လဟယ်ဒေသတွင်ဖြစ်ပွားသော ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆရာဝန်များ စမ်းသပ်စစ်ဆေးစဉ်

